www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

## ကြင်နာခွင့် ယုယခွင့် မြတ်နိုးခွင့်



အချစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ပန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

27 AUG 2012

# မမသဒ္ဒါမောင်

# ကြင်နာခြင်း ယုယခြင်း မြတ်နိုးခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၉၆၁၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၄၅၅၀၆၁၂ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၂၊ အောက်တိုဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် (၄)၊ အခန်း (၁၀) ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မမသန္တါမောင် ၈၉၅.၈၃

ကြင်နာခွင့် ယုယခွင့် မြတ်နိုးခွင့် / မမသန္တါမောင်။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၂ ။

၃၀၃ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) ကြင်နာခွင့် ယုယခွင့် မြတ်နိုးခွင့်

# ကြင်နာခွင့်အခ၁

www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့အသက်ကို အာမခံကြေးထားရှိသလို...
နှလုံးသားကိုလည်း အာမခံထားချင်ပါရဲ့...
ဒါမှ...
လုံခြုံစိတ်ချနိုင်မှာလေ...

ဘုန်းသဂီ



BURMESE CLASSIC .com

## အခန်း (၁)

ဝါဒ်ထဲမှ သူထွက်လာတော့ မနက် (၈)နာရီကျော်နေလေပြီ။ Night duty ထွက်လာရတာမို့ အိပ်ရေးပျက်နေသလို မျက်လုံးအစုံကပါ ကျိန်းစပ်နေပါ၏။ ကား Packing ရှိရာဆီ သူလျှောက်ခဲ့စဉ် Duty coat အတွင်းမှ Hand Phone မြည်သံကြောင့် ခြေလှမ်းက တုံ့ခနဲရပ်သွားရလေ၏။

အိတ်ကပ်ထဲမှ Phone ကို ထုတ်ယူကာ ဖွင့်လိုက်ရင်း လက်တစ်ဖက်ကပါ ကားသော့ကိုလည်းဖွင့်လိုက်ပါ၏။ အချိန်ကို လေးစားတန်ဖိုးထားတဲ့လူတွေအတွက်ကတော့ ခြေရောလက်ပါ အနားရသည်ဟူ၍ မရှိပါလေ။



www.burmeseclassic.com

www.burmeseclassic.com



''ဟဲလို''

''သင်္ဂါ. duty ပြီးပြီမဟုတ်လား, သား''

သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ တွေ့တယ်မဟုတ်လား။ သူ့ဖခင်ကတော့ စီးပွားရေးမှာ ကျင်လည်ကျွမ်းကျင်သလို တစ်ဦးတည်းသောသားဖြစ်တဲ့သူ့ကို ငယ်စဉ်အရွယ်ကတည်းက ပုံစံဖယားနဲ့ Control လုပ်လာခဲ့တာမျိုးမဟုတ်ပါလား။

''Answer me, my son. Yes or no? ''

''ဟုတ်ကဲ့ပါ ဒက်ဒီ၊ အခု ကျွန်တော် ကားပေါ်ရောက်နေပါပြီ''

''OK! ဒီအချိန်ပြန်လာမှ သားအတွက် အဆင်ပြေမှာ''

''ဗျာ! ဘာဖြစ်လို့ပါလဲ ဒက်ဒီ''

''ဒီနေ့ သမီးနေခြည်နဲ့ သားကိုဆုံပေးမလို့လေ။ ဘာလဲ. . . မေ့နေပြီမဟုတ်လား''

ဂျစ်! ခက်တာပဲ၊ အိမ်ပြန် ရေမိုးချိုးပြီး တရေးတမောနားချိန်တောင် သူ့မှာမရှိပါလားနော်။ အတော်သနားစရာကောင်းတဲ့ဘဝပါပဲလား။ တစ်နေ့ တစ်နေ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လွတ်လွတ်လပ်လပ်နေခွင့်မျိုး ဘယ်အချိန်မှ သူရနိုင်မှာပါလဲ။

အခုလို အထူးကုအရွယ် (အသက် (၃၀)ဝန်းကျင်) မှာ





တော့ မိဘအုပ်ထိန်းမှုအောက်မှာ သူ နေသားတကျနေနေရတာလေ။ နေရာတကာ မျက်စိဒေါက်ထောက်ကြည့်ခံရပြီး သူ ခြေလှမ်းမှားတာမျိုးမရှိရလေအောင် မိဘနှစ်ပါးစလုံးက ကြပ်မတ်နေဆဲပါပဲ။

တစ်ဦးတည်းသောသား၊ နှလုံးအထူးကုဆရာဝန်ကြီး၊ စကားနည်းပြီး အေးဆေးတဲ့လူ၊ မိဘဆွေမျိုးအင်အားတောင့်တင်းပြီး ဥစ္စာပစ္စည်းကုံလုံကြွယ်ဝသည့်အသိုင်းအဝိုင်းမှ မွေးဖွားလာခြင်းတဲ့။ ဒါက ဒေါက်တာဘုန်းသင်္ဂါရဲ့ အမည်နာမနောက်မှာ တွဲထားတဲ့ နောက်ဆက်တွဲမှတ်ချက်ပါလေ။

''မမေ့ပါဘူး ဒက်ဒီ''

''တော်သေးတာပေါ့၊ ကဲကဲ, ထွက်လာခဲ့ချေ။ နေခြည်လေးလည်း အားတာမဟုတ်ဘူးသားရဲ့။ သားနားမယ့်ရက်ကို သူ့ခမျာ အလုပ်မနက်တစ်ပိုင်း ရပ်ထားပြီး စောင့်နေရတာ။ ဒါပဲ ဒါပဲ. . . ကားကိုဂရုစိုက်မောင်းခဲ့ သင်္ဂါ''

ကားစက်မနိုးခင်မှာ ရှပ်အင်္ကျီအိတ်ကပ်ထဲ သူစမ်းလိုက်၏။ ဒီတစ်လလုပ်ရမည့်စာရင်း အချိန်အတိအကျ မှတ်ထားသည့် Note Book သေးသေးလေး ပါလာလေသည်၊ ဒီနေ့ စနေနေ့ (၂၈)ရက်နေ့ရာကို သူကျော်၍ လှန်ကြည့်လိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



28, June (saturday)
AM (10:00)
**'ပန်းနုရောင်ခြည်နှင့် ဆုံရန်'**

သေစမ်း! ဒါကိုမှ သူ အသေအချာမေ့လျော့နေမိတာလေ။ ကြည့်ပါဦး၊ ဒီအရွယ်ရောက်သားကို ပညာစုံပြီမို့ ကြင်ယာသာ လိုတော့တယ်ဆိုပြီး တစ်လတစ်လ OFF ရက်တိုင်း တွေ့လိုက်ရတဲ့ကြင်ယာ၊ ဆုံလိုက်ရတဲ့အမျိုးသမီးတွေဆိုတာ Size စုံ၊ Colour စုံ၊ အရွယ်စုံပါပဲ။

အသိမိတ်ဆွေတွေထဲမှရော၊ ပွဲစားတွေမှတစ်ဆင့်ရော၊ မကြာခဏရောက်လာတဲ့ ဓာတ်ပုံနဲ့နာမည်ဆိုတာတွေက သူ့အခန်းထဲက အံဆွဲထဲမှာ တောင်လိုပုံနေချေပြီ။ ဓာတ်ပုံထဲမှာ လှတပတလေးမို့ လူချင်း အပြင်မှာဆုံတော့ ဓာတ်ပုံနဲ့ တစ်ခြားစီဖြစ်နေတာ မကြာခဏ။

လက်ရှိ သူတွေ့ပြီးတဲ့မိန်းကလေးတွေက အယောက် (၂၀)ကျော်နေပြီ။ ယခု ဒီနေ့တွေ့ရမယ့်လူကတော့ (၂၁)ယောက်မြောက်ပါပဲ။ သူက 'အဆိုတော်ကော်နီ'နှင့် မွေးနေ့တူတဲ့သူဖြစ်ပြီး December twenty first born ဖြစ်လေ၏။ မာမီက တောင် ဟိုတစ်နေ့ညကပဲ သူ့ကိုသတိပေးသလို ပြောနေသေး





တာပါ။ သူ့ရဲ့ Lucky number (21) မှာပဲ ဖူးစာအမှန်တွေ့ပါစေတဲ့လေ။

သူက တခြားကလေးတွေလို ငယ်စဉ်ကတည်းက ခုန်ပေါက်ဆော့ကစားတတ်တဲ့ကလေးမျိုး မဟုတ်ပါ။ ထိုင်ခုံတစ်ခုပေါ်မှာထိုင်ပြီး ကာတွန်းလို၊ ရုပ်ပြလို စာစောင်စာအုပ်တွေကိုသာ ငြိမ်ငြိမ်လေးဖတ်နေခဲ့သူပင်။ စာဖတ်တာကို ငယ်စဉ်ကတည်းက ဝါသနာပါပြီး သူ့ကို (ဆေးကျောင်းအတူတက်ဖြစ်ခဲ့ကြသည့်) ငယ်သူငယ်ချင်းတွေက 'ပိုးကတ်အိုးကွဲ'ဟု နာမည်ပြောင်ပေးသည်အထိပါပဲ။

အဲဒီလို မူလတန်းအရွယ်ကတည်းက စာမှတ်ဆိုပြီး ကြိုးစားခဲ့တဲ့သူ့ကို ကြီးလာရင် ဆရာဝန်ဖြစ်မည်ဟု ဒက်ဒီတို့က သေချာပေါက် တွက်ဆခဲ့တာပင်။ အလယ်တန်းမှာလည်း အလယ်တန်းမို့၊ အထက်တန်းရောက်တော့လည်း အထက်တန်းမို့ စာကိုချည်း ကျုံးရုန်းကြိုးစားခဲ့ရတာလေ။

ဒါကြောင့်လည်း မြန်မာတစ်နိုင်ငံလုံးရဲ့ အတော်ဆုံး ဆယ်ဦးစာရင်းမှာ သူပါဝင်ခဲ့ရတာပေါ့။

ဒါ့အပြင် ဆေးကျောင်းတက်ပြန်တော့လည်း စာမေးပွဲကျမှုကို သေမလောက်ကြောက်ပြီး စာမှတ်ပဲဖြစ်ခဲ့ပြန်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူ့လိုလူမှာ ချစ်သူရယ်လို့ တစ်ယောက်လေးတောင် မရှိတဲ့ အပျော်အပျက်သဘောလေးတောင်မှ ရည်းစားမထားဖြစ်ခဲ့တာ အမှန်ပါ။

Phone သံက မြည်လာပြန်သဖြင့် နားကျပ်ကို သူ ကောက်တပ်လိုက်ရ၏။ သူက နားဆူညံတာကိုလည်း မနှစ်မြို့က်သည့်လူပါ။ စိတ်အပန်းဖြေသီချင်း နားထောင်ရင်တောင် အဆိုတော်အသံမပါတဲ့ Easy Listenning သံစဉ်တွေချည်း သီးသန့်ကူးထားကာ နားထောင်လေ့ရှိသူပင်။

အဲဒီ CD ချပ်ကို သူ့အခန်းထဲမှာရော ကားပေါ်မှာ နှစ်ခွေထားထားပြီး စိတ်ကြည်လင်တဲ့အချိန်မျိုးမှာ ဖွင့်၍နားထောင်တတ်ပါသည်။

Phone နံပါတ်က သူငယ်ချင်းနေမျိုး (နေမျိုးကျော်ဇင်) ဖြစ်နေတာမို့ သူပြန်ပြောရတာပင်။

''ပြော၊ နေမျိုး''

''အဲဒါပေါ့၊ မင်းစကားပြောရင် Intro ဝင်တာကို မရှိဘူး။ ဒါကြောင့် မင်းလေဒီတွေ မင်းကိုမရွေးကြတာဖြစ်မှာ''

မိန်းကလေးတွေကို သူကပင် မရွေးတာကို သိနေပါလျက်နှင့် တမင်နှိပ်ကွပ်နေသည့် နေမျိုးစကားကြောင့် သူပြုံးရုံ





သာ ပြုံးလိုက်မိပါ၏။

သူက နေမျိုးလို ဟာသဉာဏ်အရွှန်းဖောက်တာမျိုး၊ မကားသွက်သွက်လည်း မပြောတတ်သည့်ရေခဲတုံးကြီးပါပဲ။

''ဘာကိစ္စရှိလို့လဲ''

''ညနေအားရင် ထွက်ခဲ့လေကွာ၊ စန္ဒာတို့ ဝေမိုးတို့ကို ပြောပြီးပြီ၊ ဆုံရအောင်''

''ကျစ်! . . . ငါအားမှာမဟုတ်ဘူး''

''ဟာ. . . ဒီနေ့ မင်း OFF ဆို၊ ဘယ်လိုဖြစ်တာလဲ''

''အင်း''

သူ ညည်းသလိုဟန်မျိုး ဖြစ်သွားရပါ၏။ ခဏနေ 'ပန်းနုနေခြည်'နဲ့သွားတွေ့ရင် အချိန်ဘယ်လောက်ပေးရဦးမည်မသိ။ အဲဒါ ညနေပါထပ်ပြီး အပြင်ထွက်ရရင် သူ့အိပ်ချိန် ပဲ့လေပြီ။ အိပ်တယ်ဆိုတာ မျက်လုံးမှိတ်ရုံနဲ့မှမပြီးတာပဲ။ စိတ်ကပါ အိပ်ချင်တုန်းလေး မေးစက်ပျော်ဝင်ရတာမျိုးလေ။

''ခဏနေ. . . တွေ့ဆုံပွဲ သွားရမှာကွ။ ငါ့အိပ်ချိန် မရှိသလောက်ဖြစ်နေပြီ''

''လာပြန်ပြီလား တွေ့ဆုံပွဲ ဘာလဲ၊ နောက်တစ်ယောက်နဲ့ ထပ်တွေ့ရဦးမှာပေါ့လေ၊ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''အင်း''

''ကောင်းကွာ၊ မင်းမိဘတွေကတော့ မအားတဲ့ကြားက မင်းအတွက် အလုပ်မရှိ အလုပ်ကိုရှာပေးတတ်ကြတယ်''

''ပြောလည်းခံရမှာပဲကွာ။ ဒက်ဒီတို့က ငါ့ကို မိန်းမပေး စားချင်တာထက် ငါ့မျိုးဆက် မြေးချီချင်နေတာက ပိုတာကွ''

''ဒါဆိုလည်း ကလေးတစ်ယောက်အမေ မုဆိုးမငယ် ငယ်ချောချောလေး ရှာပေးလို့ပြောလိုက်ပေါ့ကွာ။ ကြာလို့''

''အေး. . .မင်းပြောမှန်းသာ မာမီသိသွားရင် သူ့အိမ် ရိပ်တောင် လာရပ်လို့မရဘူးအကောင်ရေ့၊ သိရဲ့လား''

နေမျိုးရယ်သံက ခပ်ကျယ်ကျယ်။ သူက ဒီကောင့်လို ပွင့်ပွင့်လင်းလင်းနဲ့ ဟောင်ဖွာဟောင်ဖွာမလုပ်တတ်သူပါ။ တစ်ခါ တစ်ခါကျရင် သူငယ်ချင်းတွေက သူ့ကို 'မြစိ'လို့လည်း ခေါ်တတ် ကြပါပေရဲ့။

''အခု ဘယ်သူ့ကို သွားတွေ့ရမှာလဲ''

''အခုမဟုတ်ပါဘူး၊ ခဏနေ ရေမိုးချိုးပြီးမှပါ''

''အေးပါ၊ လှလှပပလေး ဝတ်သွားဦး။ ဒါမှ ဟိုက Yes! ကိုကိုဒေါက်တာဆိုပြီး ခေါင်းညိတ်မှာ''

သူပြုံးမိပြန်၏။ အခန်းထဲမှာ တစ်ယောက်တည်း ငြိမ်





ငြိမ်လေး ဖိမ်နဲ့စာဖတ်ရတာကို ဝါသနာပါပေမယ့် ဒီလိုသူငယ် ချင်းတွေနဲ့ချိန်းရင်လည်း သူတွေ့တတ်ပါသည်။ ဒါမှလည်း ကိုယ် တာဝန်ယူရာ အတွေ့အကြုံမှန်သမျှ ဝေငှနိုင်ပြီး၊ ရယ်စရာ မော စရာ ပျော်စရာရှာတွေ့နိုင်သည်ကိုး။

''ကောင်မလေးက ချောရဲ့လား''

''ဘယ်သိမှာလဲ''

''ဟာ! ဓာတ်ပုံလေးဘာလေး မရှိဘူးလား''

''ဒီတစ်ယောက်က အဲဒီလိုမျိုးမဟုတ်ဘူး၊ ဒက်ဒီ့မိတ် ဆွေရဲ့သမီးကွ''

''ဒါဆို Grade ပေါ့ကွ။ ပြော, နာမည်ဘာတဲ့လဲ''

''ပန်းနုနေခြည်''

''Oh! my God. မင်း Father ကြီးရဲ့ Plan က မသေးပါလားကွ''

''ဘာလို့လဲ''

''ဟာ! အဲဒီပန်းနုနေခြည်ဆိုတာ မိုးထက်နေခြည် Con- struction မန်နေဂျာလေကွာ။ သူ့အဖေ ဦးမိုးထက်လည်း ဒိတ် ဒိတ်ကျဲ Boss ကွ။ ဒါလေးတောင် မင်းမသိဘူးလား''

''ဟင့်အင်း''



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းရော၊ မင်းဆိုတဲ့ကောင်က သားလေး့စားဆိုပြီး မအေခွံ့ကျွေးတာကိုပဲ စားတတ်တာကိုး။ ညှံ့ပါ့သဂီရာ''

နှိပ်ကွပ်ပြန်ချေပြီ၊ သူကလည်း သူပဲကိုး။ အပြင်စီးပွားရေးလောကနှင့် ဘာမှမသက်ဆိုင်သလို ခပ်အေးအေးသာ နေကျင့်ရှိတာလေ။

နေမျိုးတို့သုံးယောက်ကတော့ဖြင့် ဟိုစပ်စပ် ဒီစပ်စပ် ဝါသနာပါကြသူ ဗဟုသုတကလည်းများ ဘယ်နိုင်ငံက ဝန်ကြီးချုပ်တော့ ပြုတ်ခါနီးနီးဖြစ်နေပြီ၊ ဘယ်နိုင်ငံတွေကတော့ စစ်ဖြစ်တာလုဘယ်နှသောင်းသေပြီဆိုသည့် နိုင်ငံရေးရာကအစ စကားဝိုင်းမှာ လူစုံသည်နှင့် အလုအယက်ပြောကြရင် သူကတော့ အ,အလို ငုတ်တုပ်ထိုင်နေရတာအမှန်ပါ။

အဲဒီလို လောကကြီးနဲ့အဆက်အသွယ်ပြတ်ပြီး 'သီးခြားကမ္ဘာလေးထဲက ဘုန်းသဂီ'လို့ သူငယ်ချင်းတွေရဲ့သနားခြင်းကို ခံရတာကလည်း မကြာခဏဆိုသလိုပါလေ။

''လုလား''

''ငါလည်းမသိဘူး. . . မြင်မှမမြင်ဖူးတာကိုး။ ဒါပေမဲ့ သတင်းကတော့ မွှေးတယ်မောင်။ နာမည်နဲ့လူနဲ့က တကယ့်ဆန့်ကျင်ဘက်တဲ့။ အလုပ်ကို တကယ့်စီးပွားရေးလိုဆန်ဆန်ပဲလုပ်





တာ။ အားမနာတတ်ဘူး။ မျက်နှာမထောက်တတ်ဘဲ ဘာမဆိုရဲရဲဆုံးဖြတ်ပြီး လုပ်ရဲကိုင်ရဲ ဆတ်ဆတ်ကျဲကျဲ''

အားပါး. . . တယ်လည်းထူးတဲ့ သတင်းကောင်းတွေပါလား။ လူတောင်မမြင်ရသေးဘဲ အရည်အချင်းတွေကဖြင့် သူနဲ့ဆန့်ကျင်ဘက်ဖြစ်နေတာလေ။ သူ့လို အအေးနှင့် သူမလို အပူဘယ်လိုလုပ်ပြီး နှစ်ကိုယ်တူဖြစ်မှာတဲ့လဲ။

''မင်းနဲ့တော့ ဖြစ်မယ်မထင်''

''အင်းလေ၊ ငါကလည်း သူ့ကိုရွေးမယ်လို့ ပြောမိလို့လား''

''မင်းဒက်ဒီရဲ့မိတ်ဆွေသမီးဆိုမှတော့ သေချာဖို့က 75 Percent လေကွာ၊ မဟုတ်ဘူးလား။ ကြည့်လည်းငြင်းဦး၊ ငြင်းရင်းငြင်းရင်းနဲ့ နောက်ဆုံးကျ ယူမယ့်လူတစ်ယောက်မှမရှိဘဲ ငှက်ပျောတုံးဖက်သေရကိန်း ဖြစ်သွားဦးမယ်။ ဒါပဲ သူငယ်ချင်း၊ မင်းမလာဖြစ်ဘူးလို့ပဲ ဟိုနှစ်ကောင်ကို ပြောလိုက်မယ်''

သူ သက်ပြင်းရှိုက်လိုက်မိတော့၏။ နာမည်နဲ့မလိုက်ဖက်တဲ့ 'ပန်းနုနေခြည်'တဲ့လား။

လူချင်းတောင်မှ မတွေ့ရသေးဘဲ ခပ်မာမာသတင်းတွေက သူ့ထံ ကြိုပြေးပြီး ရောက်နေတာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ. . . Yes or no ကိစ္စကို ကိုယ်တို့နှစ်ယောက် တွေ့မှပဲ ဆုံးဖြတ်ကြတာပေါ့ ပန်းနုနေခြည်။



အခန်း (၂)

"ကျစ်! . . . မာကလည်းကွာ၊ Pinky အကြောင်းသိသိ ကြီးနဲ့ ဘာလို့ Date လိုက်ရတာလဲ"

ကုတင်ထက် ပစ်ထိုင်ချလိုက်ရင်း စိတ်ပျက်လက်ပျက် သူမ ညည်းညူရေရွတ်လိုက်မိ၏။ ပါပါနှင့်မာမာတို့ ပြောလိုက် တိုင်း အဲဒီလူတွေကို သွားတွေ့ရတာလောက် စိတ်ပျက်စရာ ကောင်းတာမရှိတော့။ ပြီးတော့ အချိန်လုအလုပ်လုပ်နေတဲ့ သူမ လိုလူအတွက် ဒီကိစ္စက အတော့်ကို စိတ်ကသိကအောင့်ဖြစ်စေ တာအမှန်ပါ။

"သမီးကလည်းကွယ်၊ ပါပါက သမီးအသက် ငယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးဆိုပြီး စီစဉ်ပေးတာပါ''

မငယ်တော့ဘူးတဲ့လား။ သူမအသက်က အခုမှ (၂၄) နှစ်ကျော်ရုံ (၂၅)အတွင်းမှာလေ။ ဒီအရွယ်မှာ တက်တက်ကြွကြွနဲ့ စီးပွားသိမ်းကြုံးရှာရမှာမဟုတ်လား။ ပညာစုံပြီးမှတော့ ဒီကြင်ယာက ဘာလုပ်ရမှာတဲ့လဲ။

''ပင်ကီက (၂၄)ပဲပြည့်သေးတာပါ မာရာ''

''အေးလေ, မိန်းကလေးတွေရဲ့ အိမ်ထောင်အပြုသင့်ဆုံးအရွယ်က အဲဒီအစိတ်အရွယ်ပဲသမီးရဲ့။ ဒါကြောင့် အခါမလင့်စေရအောင် စီမံပေးရတာပေါ့''

''အဲဒါ Pink ကျမှ စီစဉ်ရသလား။ သူများတွေလည်း ဒီလိုပဲ လွတ်လွတ်လပ်လပ်နေနေကြတဲ့ဟာကို''

''မတူဘူးလေကွယ်၊ မာ့သမီးက တစ်ဦးတည်းသောသမီးပီပီ ခပ်ထက်ထက်ဆိုတော့ တော်ရုံကောင်လေးတွေက သမီးကိုမြင်ရုံနဲ့ နောက်ဆုတ်ပြေးမှာ''

မာမာပြောမှပဲ သူမက အတော့်ကိုကြောက်စရာဖြစ်နေပြီလား။ လူတိုင်းနှုတ်ဖျားမှာ ပန်းနုနေခြည်ဆိုတဲ့မိန်းကလေးဟာ နာမည်နဲ့မလိုက်ဖက်အောင် ထက်မြက်သွက်လက် တည်ငြိမ်လွန်းနေတာလေ။





အသက်နဲ့မလိုက်ဖက်တဲ့ ဆံပင်တိုတို၊ အရပ်က မြင့်မြင့်၊ ခေတ်မီမီပေမယ့် သူမအပြင်အဆင်က အနည်းငယ်တော့ ယောက်ျားဆန်နေမှာ အမှန်ပါပဲ။ သူမက များသောအားဖြင့်တော့ Pants အရှည်တွေကိုသာ ထည်လဲဝတ်တတ်လေ့ရှိတာကိုး။

''သူကရော မပြေးမှာမို့လို့လား မာရဲ့''

''ဩော်, သဂိုက လူအေးလေးပါ သမီးရဲ့။ လုပ်တဲ့အလုပ်ကလည်း ဆရာဝန်ဆိုတော့ ဂုဏ်လည်းရှိတယ်လေ။ ပြီးတော့ ကြင်နာတတ်ပုံလည်း ရတယ်တဲ့''

'တဲ့'ဆိုတာ မသေချာတာကို ပြောတာမဟုတ်ပါလား။ ပါပါတို့ချင်း မိတ်ဆွေဖြစ်လို့ သိကြတာနဲ့ပဲ အခုလိုစီစဉ်ရတယ်လို့၊ မာမာကိုယ်တိုင်ကလည်း နာမည်သာ ကြားဖူးပြီး လူကိုမမြင်ဖူးပါဘဲ အာမခံနေတာလေ။

''အဲဒီလိုရေခဲတုံးမျိုးကို ပင်ကီက ဘာလုပ်ရမှာလဲ မာရဲ့။ ရှုပ်လိုက်တာ''

''ဟယ်! ပြောနေပုံကိုက မာမာတို့ကပဲ အတင်းရိုက်ပြီး ပေးစားမှာကျနေတာပဲ၊ အကြောက်အကန်ကို ငြင်းနေလိုက်တာများ အံ့ပါရဲ့။ ခဏပဲ တွေ့ကြည့်လိုက်ပါဦး၊ သမီးသဘောကျမှ ဒီအစီအစဉ်ဖြစ်မှာပါကွယ့်''



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာပဲ။ အခုလောလောဆယ်ကတော့ ကုမ္ပဏီကို (၂) နာရီလောက် နောက်ကျဝင်ရတော့မှာလေ။ ပါပါက ဒီမနက်မှ ဘယ်အချိန် ဘယ်နှနာရီ ဘယ်သူဘယ်ဝါနဲ့သွားတွေ့ဆိုပြီး Order ပေးသွားတာကိုး။ သူမက ညဥ့်နက်တဲ့အချိန်ထိ တစ်ညလုံး အလုပ်လုပ်လေ့ရှိပြီး ညဆို (၂)နာရီ [မနက်(၂)နာရီ] လောက်မှ အိပ်လေ့ရှိလေ၏။ ဒါကြောင့် မနက်ကို (၇)နာရီကျော် (၈)နာရီလောက် Alum ပေးထားတဲ့နာရီကြောင့် အမြဲထတတ်ပါသည်။

ဒီမနက်တော့ Breakfast ဝိုင်းမှာ ပါပါက ကုမ္ပဏီကို နေ့တစ်ပိုင်းမှဝင်ဆိုပြီး သတ်မှတ်သွားကာ သူမကို ဘေးကျပ်နံကျပ်ဖြစ်သွားစေတာပင်။ စနေနေ့ ဖြုန်းစားကြီး ထစိစဉ်ရတယ်လို့။ သွားရင်းလာရင်း မိုးရွာချရင် စိတ်က ညစ်ရဦးမှာ။ သူမက မိုးရေစိုစိစိထဲ သွားလာရတာလောက် စိတ်ပျက်ရတာမရှိဘဲကိုး။

'ဘုန်းသဂ်ါ'တဲ့။ နာမည်ကတော့ အရှိန်အဝါအတော် ကြီးတာကိုး။ နာမည်နဲ့တွဲပြီး နောက်မှာပါလာတဲ့မှတ်ချက်တစ်သီ ကြီးကြောင့် သူမနားခေါင်းရှုံ့မိလေ၏။ ဘယ့်နှယ် ယောက်ျားလေး ဖြစ်ပြီး အိမ်ထဲအောင်းနေရတာကိုမှ နှစ်ခြိုက်သတဲ့။ သူမနဲ့များ ကွာပါ့။ အိမ်မှာနေရရင် ပျင်းလွန်းလို့ မာကတောင် 'ခြေဖဝါး ဗွေပါတဲ့သမီး'ဆိုပြီး ထောပနာပြုတဲ့အထိ ခြေဆန့်လမ်းထွက်





ကျင့်ရှိတဲ့ မိန်းကလေးမျိုးပါပဲ။

''သူက ပင်ကိုထက် ခြောက်နှစ်လောက် အသက်ကြီးတာကို''

''ဟဲ့! ဩော်. ဒီလောက်လေး ကြီးတာကို ထည့်တွက်စရာလား။ မာမာနဲ့ပါပါတောင် ရှစ်နှစ်လောက် ကွာသေးတဲ့ဟာ။ ယောက်ျားလေးအသက်ကြီးတော့ ကိုယ်မိုရတာပေါ့။ ဘယ်လိုသမီးလဲအေ့''

''မာမာတို့တုန်းကနဲ့ အခု, ခေတ်မှမတူတော့တာကို ရှင်ပဲ''

''တူတူ မတူတူ. . . လူကြီးက ဒါဆို, ဒါပဲလုပ်မှပေါ့။ အတွေးသမီးနဲ့များ ကွာပါ့''

လာပြန်ပြီ။ တဆိတ်ရှိ ဒီငနဲ့အတူမကိုပဲ အမွှန်းတင်တာလေ။ မာမာဒေါ်သွေးနုငယ်ဆီမှာ ဒေါ်ခင်ထွေးငယ်ဆိုသည့် ညီမအရင်းအချာရှိပြီး အဲဒီအန်တီထွေးထံမှာ သူမထက် ငါးနှစ်ငယ်သည့်သမီးတစ်ယောက် ရှိပါ၏။ မိမွှားက သူမလို ထက်ထက်မြက်မြက်လေးမျိုးမဟုတ်ဘဲ နေရာတကာ လူကြောက်တတ်ပြီး လူတောမတိုးသည့် ခပ်နုံနုံချာတိတ်မလေးပါလေ။

ပညာကလည်း ဒီလောက် အတော်ကြီးမဟုတ်ပြန်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းကို သာမန်လေးမျှသာ အောင်ခဲ့ပြီး အခု အဝေးသင် ဒုတိယနှစ်တက်နေတုန်းပါ။ ရုပ်ရည်လေးကတော့ မာမာ့ညီမနှင့် တူကာ ချစ်စဖွယ်ရှိပါ၏။ အဲဒီချာတိတ်မကို ဘာသဘောကျမှန်း မသိပါဘဲ 'ဗိုင်းကောင်းကျောက်ဖိလေး'ဟု မာမာ့နှုတ်မှ ချီးမွမ်း သံထွက်လာတိုင်း သူမရင်ထဲ အောင့်သက်သွားရတာအမှန်ပါ။

နှိုင်းယှဉ်စရာလား။ သီးခြားစီရှိနေတဲ့ ဒီဝမ်းကွဲညီအစ်မက တစ်ယောက်တစ်မျိုးစီတော့ လှကြတာပါလေ။ မာမာကသာ တူမဖြစ်သူနှင့် (သူမကိုပြောမရတဲ့အခါတိုင်း) နှိုင်းယှဉ်ပြောလေ့ ရှိပေမယ့် အန်တီထွေးကတော့ ဘယ်တော့မဆို သမီးဖြစ်သူကို ဆုံးမတိုင်း ပန်းနုနေခြည်ဆိုသည့်အစ်မဖြစ်သူကို အတုယူ စံနမူနာ ထားပြီး ပြေလည်စွာပြောဆိုတတ်ပါ၏။

ပန်းနုက ထက်မြက်တယ်၊ ကိုယ့်ကိုယ်ကို ယုံကြည်စိတ် အပြည့်ရှိတယ်၊ စိတ်ဓာတ်ခိုင်မာတယ်၊ ဘယ်အရာကိုမဆို ကိုယ် တိုင်ဆုံးဖြတ်နိုင်ပြီး ရဲဝံ့တဲ့သူရဲကောင်းလို စိတ်ဓာတ်မျိုးတဲ့။ ပြီး တော့ သာမန်မိန်းကလေးတွေနဲ့ လုံးဝမတူဘဲ ကြည့်လိုက်တာ နဲ့ အများအလယ်မှာ ထင်းခနဲပေါ်လွင်တဲ့ တော်ဝင်နှင်းဆီလို အလှပိုင်ရှင်တဲ့။

ကဲ! ဘယ်လောက်များ ကျေနပ်စရာကောင်းလိုက်တဲ့





မှတ်ချက်ပါလဲ။ အဲဒီလို တူမဖြစ်သူရဲ့ဂုဏ်ကို ပေါ်လွင်အောင် ဖော်တတ်တဲ့အန်တီမျိုးလေ။ မိဖူးကိုတော့ ကလေးဆိုပြီး အပြစ် တယ်မပြောလှဘဲ အဆိပ်အတောက်ကင်းတဲ့ ပန်းစံပယ်လို့ ချစ် စဖွယ် နိုင်းနှိုင်းတတ်လေ၏။

စဉ်းစားကြည့်ပေါ့၊ နှင်းဆီနဲ့စပယ်မှာ ဘယ်ပန်းက ပိုလှ ပြီး ပိုအကြမ်းခံသလဲဆိုတာလေ။ နှင်းဆီဆိုတာ ရန်စူးပေမယ့် တော်ရုံနဲ့ ကြွေမကျသွားတဲ့ပန်းပေကိုး။ စပယ်ကတော့ နာရီပိုင်း လောက်နဲ့ နွမ်းသွားတတ်တဲ့အမျိုးအစားပါပဲ။

ဘာပဲပြောပြော တစ်ဦးတည်းသော ကလေးတွေပီပီ အဖော်ကင်းကြပေမယ့် မိဖူးကတော့ အစ်မဖြစ်တဲ့သူမကို အဖော် လေး သံယောဇဉ်ရှိပါ၏။ သူမက အိမ်ရဲ့ဝင်ငွေကို တစ်ဖက်တစ် လမ်းက ဖြည့်ဆည်းပေးနိုင်စွမ်းရှိတဲ့ သမီးမျိုးဖြစ်ပေမယ့် မိဖူးက တော့ အိမ်မှုကိစ္စကျွမ်းကျင်တဲ့သမီးမျိုးပါလေ။

"မာ အဲဒီလောက်တောင် အဲဒီချာတိတ်မကို ချစ်နေရင် သမီးချင်း လဲလိုက်လေ။ လေးလေးရော အန်တီထွေးပါ ပင်ကို ကို ချစ်တာဆိုတော့ လက်ခံမှာပဲ"

"ဟဲ့! ဘယ်လိုပြောလိုက်တာလဲ၊ သမီးကတော့လေ၊ ကိုယ်က အကြီးဖြစ်ပြီး အငယ်ကို သနားမယ်မရှိဘူး။ ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက [illegible]''

-[illegible] တစ်ယောက်တည်းမွေးခဲ့တာပါ မာရဲ့။ ညီမ [illegible] ခလိုချင်ပါဘူး။ သူ့ကိုတောင်မှ ပင်ကိုကိုထိန်းပေး [illegible]တွေကို ချစ်လွန်းလို့ ခေါ်ပြောနေရတာ''

''ဟယ်! ဘယ်လိုပြောလိုက်တာလဲသမီးရယ်၊ ဖူးဖူးလေး ကြားရင် မျက်ရည်ကျဦးမယ်။ ကိုယ်နဲ့တစ်ဝမ်းပဲကွဲတဲ့ ကလေး ကို''

''အင်းလေ, ဝမ်းကွဲမို့လို့ပြောတာပေါ့၊ မာ့ဗိုက်ထဲက ထွက်လာတဲ့ အမျိုးရင်းညီမမှမဟုတ်တဲ့ဟာ။ ကဲ, မာပြောတာ ပြီးရင် ပင်ကို ရေချိုးတော့မယ်''

အဝတ်ဗီရိုကိုထဖွင့်ရင်း ပြောလိုက်တော့ မာမာက စိတ် ရှုပ်သွားဟန်ဖြင့် ခေါင်းခါကာ ထွက်သွားတော့၏။ သူမက အဲဒီ လို တစ်ကိုယ်ကောင်းစိတ်ရှိသူမျိုးပါ။ လူဖြစ်မှတော့ လူပီသသပဲ နေချင်တာပေါ့။ အငယ်ဆိုပြီး ဦးစားပေး အလိုလိုက်စရာလား။

သူမက အခန်းထဲကို သူ့စိမ်း (မီးဖူးပဲဖြစ်ဖြစ်) ဝင်ထွက် တာမျိုး မကြိုက်ပါချေ။ အခန်းရှင်းတဲ့အခါမျိုးမှာ အိမ်ကကောင် မလေးမိစန်းကိုချည်း သပ်သပ်လာရှင်းတာမျိုး လက်မခံဘဲ မာမာ ကိုယ်တိုင် ဟိုဟာလုပ် ဒီဟာရွှေ့ဆိုပြီး ခိုင်းတာကိုသာ ကြိုက်ပါ





၏။ အထူးသဖြင့် သူမပိုင်ဆိုင်တဲ့ပစ္စည်း (ဥပမာ-Lip stick လို ရေမွှေးလို) တွေကို ကိုင်ကြည့်တာမျိုးလည်း မကြိုက်ပါချေ။

ကိုယ့်ကိုယ်ကို စိတ်ပုပ်သည်ဟုလည်း သူမက ဝေဖန် ခံရတာကိုလည်း ကန့်ကွက်ပါ၏၊ လူဆိုတာ အတ္တနဲ့ဖွဲ့စည်းထား တဲ့ ရုပ်ဝတ္ထုကြီးပဲမဟုတ်လား။ ဒီတော့ သူမကိုယ်သူမသာ ဂရု တစိုက်နှင့် တန်ဖိုးရှိအောင် နေတတ်တာပင်။ ဘာဖြစ်သေးလဲ၊ သူမရဲ့ပါပါနဲ့မာမာကလွဲပြီး ဘယ်သူ့ကိုမှမချစ်တာ တရားပါရဲ့နော်။

''မြန်မြန်ချိုးဦးနော်၊ ဟိုက (၁၀)နာရီစောင့်နေမှာ''

တံခါးမစေ့မီ မာမာသတိပေးတာမို့ မျက်စောင်းလှမ်းခဲ လိုက်မိပါ၏။ တကာတည်းမှ အရေးကြီးပုဂ္ဂိုလ်ကျနေတာပဲ။ ချိန်း တာနဲ့ သွားတွေ့ရမှာကိုး။ ဒင်းက ဘာများမို့လို့လဲ။ ဆရာဝန်ဖြစ် တာနဲ့ပဲ သူမလိုလူက အောက်ကျိုပြီး ဆက်ဆံရမှာလား။ မဆိုင် လိုက်တာ။

တွေ့တာတော့ တွေ့ရမှာပါပဲ၊ ခါတိုင်းလူတွေလို ဝတယ် ပိန်တယ်၊ ပုတယ်၊ ညစ်ပတ်တယ်၊ ဆံပင်ကောက်တာ မုန်းတယ် ဆိုပြီး တစ်ခုမဟုတ်တစ်ခု အကြောင်းပြပြီး ငြင်းရဦးမှာလေ။ ဟုတ်ပါတယ်. . . သူမက အတော်လည်း ဇီဇာကြောင်တတ်သူ ပါ။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို ခေါင်းအစ ခြေအဆုံး စေ့စေ့စပ်စပ် ကြည့်တတ်လေ့ရှိပြီး ဒီလူကတော့ ဟန်ပဲ၊ ဒီလူကတော့ဖြင့် ဘဝင်မြင့်သူ ဒီလူကဖြင့် ဘယ်ကဲ့သို့ ဘယ်ချမ်းသာဆိုပြီး စေ့စေ့ သဲကဲသဲကဲ အပြစ်ရှာတတ်သူမျိုးပါ။ အထူးသဖြင့် ယောကျ်ား ဆံသားကွဲပြီး ခြေသည်းလက်သည်းမဖြတ်၊ ဆံပင်မညှပ်၊ ညှင်းသိုး သိုး ဖြစ်သလိုနေတတ်တာမျိုးကို လူရှေ့သူရှေ့မရှောင် ရှုံ့ချပြော ဆိုရဲတဲ့ အာဂမိန်းမမျိုးပါပဲ။

ထားပါတော့၊ သူက ဆရာဝန်မို့ တစ်ကိုယ်ရေသန့်ရှင်းမှုကတော့ ပြောစရာမလိုပါလေ။ သူ့ဂုဏ်ပုဒ် မှတ်ချက်တွေကို ချည်း ယုံစားလို့ဘယ်ဖြစ်ပါ့မလဲ။ သေချာလေ့လာရဦးမှာပေါ့။ ဒါမှ သူ့အတွင်းစိတ်နေသဘောထားကို တီးခေါက်ကြည့်နိုင်မှာ လေ။

နေရာတကာ အမေကိုအားကိုးပြီး အစစ အမေလိုက်လုပ်ပေးနေရတဲ့သားမျိုး၊ အမေ့ထက် ပိုမချစ်တတ်တဲ့သားမျိုး၊ အမေ့စကားတစ်ခွန်းကိုပဲ မှားမှားမှန်မှန်နာခံတဲ့ တစ်ဦးတည်းသော သားမျိုးကိုတော့ သူမ မလိုချင်ပါ။ အဲဒီလိုလူကိုသာ လက်ထပ်လိုက်မိရင် ကိုယ့်ဘဝက အမြဲနံပါတ် (၂)နေရာမှာသာ တစ်သက်လုံး ရှိနေရတော့မှာလေ။





ပန်းနုနေခြည်ဆိုတာ အားလုံးထဲမှာ နံပါတ် (၁)ဖြစ်နေပြီး ဒီနေရာကိုလည်း မရရအောင် ကြိုးစားယူတတ်တဲ့ ဖွဲ့ပိုင်ရှင်ပေကိုး။ ဒီတော့လည်း ကိုယ့်နေရာကနေ ဖယ်မပေးချင်တာ၊ သူတစ်ပါးကို ခွဲမပေးချင်တဲ့ (မဖြစ်စလောက် ညစ်ကျယ်ကျယ်) ဉာဉ်ကလေးတော့ ပိုင်ဆိုင်ထားတာအမှန်ပါပဲ။

ရေချိုးတာကို နာရီဝက်အတွင်း ပြီးအောင်လုပ်လိုက်ပြီး မျက်နှာကို Foundation Creem ပါးပါးလေး လူးလိုက်ပါ၏။ ပြီးမှ အပေါ်မှာ Make up အသားရောင်ကို ခပ်ဖွဖွပွတ်လိုက်သည်။ မျက်ခွံကိုတော့ Eye-shadow မလူးဖြစ်။ တော်ကြာ အလှပြင်လာသည်ဟု ထင်သွားမှာစိုးသည်ကိုး။

မျက်ခုံးကိုတော့ brush နှင့်ဖြင့် နက်နေအောင် ခြစ်ကာ ပါးရိုးထင်သာအောင် Colour brown ကို brush တံလေးဖြင့် မသိမသာလေး ပွတ်လိုက်ပါ၏။ နှုတ်ခမ်းကိုတော့ ဝတ်သွားမည့် ဝတ်စုံပန်းနုရောင်နှင့် လိုက်ဖက်မှုရှိစေရန် ပန်းဆီရောင်ကို ခပ်ဖျော့ဖျော့တင်လိုက်ပါသည်။

ပန်းနုရောင် Blouse နှင့်ဘောင်းဘီဖြူကို ရွေးဝတ်ကာ ခါးပတ်လှလှလေး ပတ်လိုက်ပါ၏။ ဆံပင်တိုကို Hair coat ပါးပါးလူးကာ ဘီးဖြင့် ပုံကျကျဖြီးသင်လိုက်သည်။ ဒီနေ့ဝတ်ရ



www.burmeseclassic.com

www.burmeseclassic.com



ညှို့ရောင်သမ်းသောဆည်းဆာတွေကို နား၊ လည်တိုင်၊ လက်ဖျား၊ လက်ခေါက်ဝတ်တဲ့ ခြေကျင်းနေရာတစ်ခုစီမှာ ဝတ်ပြီးမှ ရေမွှေးကို သပ်သပ်ရပ်ရပ်လေး ဆွတ်လိုက်၏။

'ရေမွှေးဆိုတာ အနာဂတ်ရှိသူတွေပဲ ကြိုက်ကြတာ'ဟု ခရေမွှေးမကြိုက်သည့်မိဖုးကို ခပ်နှိမ်နှိမ်ပြောခဲ့ဖူးပါ၏။ ကိုယ်ခန္ဓာကို ဟိုဒီလှည့်ပတ်ကြည့်ကာ စိတ်တိုင်းကျသွားမှ ခေါင်းညိတ်လိုက်မိသည်။ ကုတင်ထက် Ready ပြင်ထားသည့် Slimback နှင့် မှန်ဗီရိုထဲမှ ကြိုးသိုင်းဖိနပ်အဖြူလေးကိုထုတ်ကာ အခန်းထဲက ထွက်ခဲ့တော့၏။

ကျွန်မ လာနေပြီ 'ဘုန်းသင်္ဂါ'၊ ရှင်ဘာယ်လိုတိုက်ပွဲဝင်မလဲဆိုတာကို စောင့်ကြည့်စို့!. . .

## အခန်း (၃)

ကားကို ကော်ဖီဆိုင်ရှေ့မှာရပ်တော့ (၁၀)နာရီထိုးရန် (၁၅)မိနစ်ဖြစ်ပါ၏။ ကားကိုစက်သပ်ကာ တံခါးဖွင့်ဆင်း၊ ကား Lock ချတာလုပ်အပြီး ကော်ဖီဆိုင်ဆီ ပုံမှန်ခြေလှမ်းဖြင့် လှမ်းခဲ့သည်။ သူနဲ့စကားပြောရင် အနည်းဆုံးက (၁၅)မိနစ်၊ အများဆုံး မိနစ် (၃၀)ပေါ့။ အခုတော့ သူမက စောနေတာမို့ သူ့ကို (၁၅) မိနစ် စောစောင့်ရတော့မှာလေ။

ဆိုင်မှန်တံခါးကို တွန်းဖွင့်လျက် ထောင့်ကျကျစားပွဲမှာ ဝင်ပေါက်ဝကို မျက်နှာမူလျက် နေရာယူလိုက်ပါ၏။ ထိုင်ခုံ နောက် ချလိုက်စဉ်မှာ ကျောမတ်လျက် ခြေချိတ်ထိုင်တာကိုကြည့်စဉ် သူမ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ [illegible] အညှိနိုင်ပါပဲ။ ဒီဟန် ဒီ Style ကိုမြင်ရုံနှင့် ပန်းနု[illegible]တာ သူမမှန်း ဒက်ခနဲ သူသိနိုင်ပေမည်။

ခဏအကြာမှာ Waiter တစ်ဦး သူမအနီးသို့ ရောက်လာပြီး ဦးညွှတ်နှုတ်ဆက်ကာ Minu book ကို တရိုတသေ ကမ်းပေးပါ၏။ သူမက လက်ကာပြလိုက်ပြီး ခပ်တိုးတိုးပြောလိုက်ပါသည်။

"Black coffee တစ်ခွက်ပဲ ပေးပါ"

Waiter က ခေါင်းညိတ်ပြလိုက်ပြီး သူမအနီးမှ ထွက်သွားပါ၏။ ဆိုင်ထဲရှိ စားပွဲသုံးလေးဝိုင်းမှာပင် မိသားစုနှစ်စုနှင့် စုံတွဲနှစ်တွဲထိုင်နေကြပြီး သူမသာ တစ်ဝိုင်းမှာရှိနေတာမို့ လူသိပ်မများလှပါလေ။ လက်မှနာရီကိုကြည့်မိတော့ (၁၀)နာရီထိုးရန် (၅)မိနစ်။

လာသင့်ပြီဟု ယူဆပါ၏။ တကယ်ဆို မိန်းကလေးဖြစ်တဲ့သူမက ကြိုရောက်မနေသင့်တာလေ။ ခါတိုင်းတွေ့ခဲ့ရတဲ့သူတွေကဖြင့် ဒီလိုဆိုင်မျိုးမှာ သူမထက်အရင် နာရီဝက်ခန့် ကြိုရောက်ပြီး စောင့်နေတတ်တာမျိုးပါပဲ။ အခုတော့ ပြောင်းပြန်ဖြစ်နေပြီကိုး။

ဘာလဲ. . . duty ပြန်နောက်ကျတာပါလို့ အကြောင်း





ပြချင်တာလား။ ရှင်တစ်ယောက်တည်း အရေးတကြီးရှိတာမှ မဟုတ်ဘဲ ကိုဘုန်းသင်ရ်။ အခုဆိုရင် ကမ္ဘာမှာသာ ကျွန်မရှိနေရင် နှစ်နာရီဆိုတဲ့အချိန်ကာလက ကျွန်မအတွက် ဝင်ငွေပေါင်းများစွာကို ဖြည့်ဆည်းပေးနိုင်တဲ့အကိုင်းအတာပါလေ။

"ကျစ်!. . ."

ကော်ဖီခွက်ရောက်လာပြီးသည်အထိ သူရောက်မလာသေး။ အချိန်က (၁၀)နာရီ(၇)မိနစ်ကို ညွှန်ပြနေလေပြီ။ ဒါလား အချိန်လေးစားတယ်ဆိုတဲ့ ဆရာဝန်ရဲ့အကျင့်။ ဒီပုံစံနဲ့ အရေးတကြီးခွဲစိတ်ရမယ့် Operation patient အတွက် ရှင် အသက်ဘယ်လိုကယ်ပေးနိုင်ပါ့မလဲ။

တမင်ပဲ Lesson ပြတာများလား။ စောင့်ရတဲ့အလုပ်လောက် သူမစိတ်မရှည်တတ်တာကိုပဲ မသိလို့လား။ တော်ပါပြီ ကိုဘုန်းသင်ရ်။ ရှင့်ကိုစောင့်မကြည့်ခင်မှာပဲ minus (1) အနှုတ်တစ်မှတ် သတ်မှတ်လိုက်ပါပြီ။

"ဟော. . ."

ခဲရောင်ကားကလေး ဆိုင်ရှေ့ကျော်ကျော်မှာ ရပ်လိုက်ကတည်းက ရင်ထဲထိတ်သွားရပါ၏။ နာရီကိုငုံ့ကြည့်လိုက်တော့ (၁၀)နာရီ (၁၅)မိနစ်။ ဟုတ်မှာပါ. သူပဲဖြစ်လောက်မယ်ထင်ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမ လှမ်းအကဲခတ်နေချိန်မှာ ကားပေါ်မှလူ ဆင်းလာသလေ၏။ ကားတံခါးကိုပြန်ပိတ်လိုက်ချိန်အထိ နောက်ကျောဘက်မှသာ မြင်ရလေ၏။ ကားကိုသော့ခတ်ပြီး ခေါင်းခပ်ငုံ့ငုံ့ပုံစံဖြင့် ဆိုင်ဘက်ကိုလှည့်လိုက်စဉ် သူမရင်ထဲ လှပ်ခနဲဖြစ်သွားရပါသည်။ အလို! ထူးဆန်းပါပေ့။ တစ်ခါမှမဖြစ်ဖူးတဲ့ခံစားချက်မျိုး ဖြစ်လာရတယ်လို့။

သူက မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်ပြီး ဆိုင်ထဲကို မျက်လုံးတစ်ချက် ဝေ့ကြည့်ကာ သူမကိုမြင်သွားပါသည်။ ခပ်မတ်မတ်ခန္ဓာကိုယ်၊ ခပ်တည်တည်မပြုံးသည့်မျက်နှာ၊ Smart ကျကျခြေလှမ်း။ အို!. . . တကယ့် Professional Model တစ်ယောက်လို အင်မတန်မှကြည့်ကောင်းလှချည်လား။

သူမထိုင်နေသည့်နေရာဆီ သူ ပုံမှန်လှမ်းလာသည်နှင့် အမျှ ရင်ထဲမှ စည်းချက်မညီ ခုန်ပေါက်လာသည့်နှလုံးခုန်သံက ဗရမ်းဗတာပါပဲ။ သေသပ်စွာညှပ်ထားသည့် သူ့ဆံပင်ပုံစံကလဲ သူ့မျက်နှာသွယ်သွယ်နှင့် လိုက်ဖက်လွန်းပါ၏။ ဘုရားရေ! ခုနကပဲ ဒီလူကို အနှုတ်တစ်မှတ်ပေးပြီး အမြင်ကပ်နေခဲ့မိရာကနေ ခုတော့ ဘာတွေဖြစ်ကုန်ပါလိမ့်။

''ဘုန်းသင်္ဂြိုဟ်ပါ''





သူမရှေ့မှာရပ်လျက် သူ့ကိုယ်သူမိတ်ဆက်ပြီး ခုံကိုဆွဲထုတ်ထိုင်လိုက်ပုံက သက်တောင့်သက်သာရှိလှ၏။ မတောင်းပန်ဘူးလား။ (၁၅)မိနစ်ဆိုတဲ့အချိန်အတိုင်းအတာအတွက် ရှင့်လိုလူက တောင်းပန်သင့်တာပေါ့ ကိုဘုန်းသင်္ဂြိုဟ်။

''ခင်ဗျားလည်း လူကြီးတွေခိုင်းလို့လာရမှန်း ကျွန်တော်သိပါတယ်''

ကြည့်စမ်း! သူမနာမည်ကို သိသိကြီးနဲ့ သူသုံးသွားတဲ့နာမ်စားက 'ခင်ဗျား'တဲ့လား။ တကယ်ဆိုရင် မပန်းနုနေခြည်လို့ အစပျိုးပြီး ပြောသင့်တာပေါ့နော်။ ရင်ထဲမှာ 'အောင့်သက်သွားရလေ၏။ သို့သော် ဩဇာသံပါသည့် ခပ်ဩဩ ကြည်လင်ပြတ်သားသည့်သူ့အသံကိုတော့ သဘောကျသည်ဟု သူမ ဝန်ခံချင်တာ အမှန်ပါ။

''ဒီအတွက်နဲ့ ခင်ဗျားရဲ့အလုပ်ချိန်ကို ဖျက်လိုက်ရတဲ့အတွက်လည်း ကျွန်တော် စာနာမိပါတယ်''

တော်သေးတာပေါ့! ဒီလောက်နားလည်သဘောပေးတာကိုပဲ သူမက သူ့ကိုပြန်ကျေးဇူးတင်မိမှာလေ။ အနားရောက်လာသည့် Waiter ကို သူက လက်ကာပြလိုက်လေ၏။ ဒါဖြင့် အခု မမသောက်ဘူးပေါ့။ ဒါဆို သူက သူပြောချင်တာကို ချက်ချင်းမြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ ထပြန်မယ့်အချိုးမျိုးပေါ့။ ကြည့်စမ်း! ဘယ်လောက်တင်းဖို့ကောင်းလိုက်သလဲ။

"ဘာများပြောချင်သေးလဲ"

ကဲ, အခုမှပဲ သူ့မစကားပြောစေရန် လမ်းဖွင့်ပေးချေပြီ။ ဘာပြောရမလဲ၊ ရှင့်ကိုသဘောမကျဘူး။ ကျွန်မဘာက်ကငြင်းလိုက်ဖို့ Ready ပဲလို့ပြောလိုက်ရမှာလား။ နှုတ်က အာစေးမိထားသလို တစ်လုံးမှထွက်မလာပါလေ။

"တို့က ပန်းနုနေခြည်ပါ"

"ကျွန်တော် သိတယ်လေ"

သေစမ်း! ပြောတော့လည်း မလိုအပ်သည့်စကားလုံးတွေဖြစ်နေရတယ်လို့။ တစ်လွဲပါလား ပင်ကိုရယ်။

"အမှန်ပြောရရင် ဒီကိစ္စကို တို့လုံးဝသိမထားဘူး။ ဒီမနက် breakfast ဝိုင်းမှာ ထိုင်တော့မှ ပါပါက ဒီအချိန်ဒီနေရာမှာ ဒီလူနဲ့သွားတွေ့ဆိုပြီး Order ပေးလို့ လာခဲ့ရတာ"

သူက ခေါင်းညိတ်ပြလေ၏။ ဒါပဲလား။ ဘာများဆက်ပြောဦးမှာပါလိမ့်။ တော်ကြစို့ဆိုပြီး ထပြန်လိုက်ရအောင် သူနဲ့ထပ်ဆုံချင်သည့်ဆန္ဒက သူ့မစိတ်ထဲ ဖြစ်တည်နေတာလေ။

"ကျွန်တော်လည်း အဲဒီလိုပါပဲ။ အခုတစ်ခါပါနဲ့ဆိုရင်





ကျွန်တော်တွေ့ခဲ့တဲ့မိန်းကလေးတွေက ခင်ဗျားအပါအဝင် (၂၁) ယောက်ရှိပြီ"

အလိုလေး!. . . သူ့မကဖြင့် သူနဲ့မှ (၇)ယောက်ပြည့်တာဖြစ်ပါလျက် သူကဖြင့် (၂၁)ယောက်တောင်ရှိပြီတဲ့လေ။ သူ့မျက်နှာ တည်ကြည်ပုံကို ကြည့်ရုံဖြင့် အမှန်ပြောမှန်း သိသာစေပါ၏။

ကြည့်ပါဦး၊ လုပ်ငန်းခွင်မှာ ဒိုးဒိုးဒေါက်ဒေါက်နဲ့ အလုပ်ကိစ္စတွေမှန်သမျှ ခပ်ပြတ်ပြတ်ပြောပြီး ဖြေရှင်းပေးနိုင်ခဲ့ပါလျက် အခုတော့ သူ့ရှေ့မှာ မတုန်မလှုပ်ကျောက်ရုပ်လေးနှယ် ထိုင်နေမိတာလေ။

"သူတို့တွေထဲမှာ ယူ သဘောကျတဲ့မိန်းကလေးမျိုး မရှိခဲ့ဘူးပေါ့နော်"

"ဟုတ်တယ်"

'ဘယ်လိုမိန်းကလေးမျိုးကိုမှ သဘောကျမှာလဲ'ဟု မေးလိုက်ချင်တာကို မျိုချလိုက်ရပါ၏။ သတိ ပင်ကို. . . သတိ ငြင်းကမလှုပ်, ခုံကလှုပ်ဆိုတာမျိုး မဖြစ်ပါစေနဲ့။ သူအထင်လွဲသွားနိုင်တယ်လေ။

"ကျွန်တော်လည်း တော်တော်စိတ်ပျက်နေပြီ"

ဘုရားရေ! ဘာကိုဆိုလိုတာပါလိမ့်။ သူမနဲ့ လာတွေ့



www.burmeseclassic.com

www.burmeseclassic.com



တာကိုလား ပြောခွင့်တာလား။ ရုတ်တရက် ဘာအဓိပ္ပာယ်မှန်းမသိပါဘဲ သူမရင်ထဲ စိုးထိတ်သွားမိစေတာလေ။

''ကော်တာက ဒက်ဒီတို့က ကျွန်တော့်ကို အိမ်ထောင်ချပေးချင်တာထက် မျိုးဆက်သစ်မြေး ချီချင်တဲ့စိတ်ကူးက ပိုအရေးပါနေတာဗျ''

''ဟင်!''

သူမမျက်နှာ ရဲသွားရပါ၏။ အလိုလေး!. . . ပြောသင့် မပြောသင့် မချင့်ချိန်ဘဲ ခပ်ရဲရဲပြောချဝံ့တာ သူကိုယ်တိုင်ကပင် ဆရာဝန်ဖြစ်နေတာကြောင့်များလား။ ခက်တာပဲ, စကားကို တိုတိုပြတ်ပြတ်ပြောတတ်သည့်သူမပင် နှုတ်ဆိတ်သွားရတာလေ။

''Sorry! ကျွန်တော် စကားပြောလောသွားလို့ တောင်းပန်ပါတယ်။ ဒက်ဒီတို့သဘောထားကို ခင်ဗျားသိစေချင်တဲ့စိတ်နဲ့ ပြောဖြစ်သွားတာပါ။ တခြားရည်ရွယ်ချက်မရှိပါဘူး''

''ရပါတယ်''

တော်သေးတာပေါ့။ ဒီလိုလည်း တောင်းပန်တတ်သေးပါလား။ မဆိုးပါဘူး။ သူ့ကို လူမှုရေးနားမလည်တတ်ဘူးလို့ သူမ ယူဆထားမိတာကိုး။

''အချိန်တောင် ကြာသွားပြီ''





သူက လက်ပတ်နာရီကို တစ်ချက်ကြည့်ကာ ထိုင်ခုံကို မှီထိုင်ထားရာမှ ရှေ့ကိုတိုး၍ မတ်မတ်ထိုင်လိုက်လေ၏။ ဘယ်လိုလဲ၊ ဒါက ပြန်တော့မှာပေါ့လေ။ နောက်မှရောက်လာပြီး အရင်ပြန်မှာကတော့ မတရားဘူးထင်တာပဲ။

သူကပြန်မယ်ပြောရင် နောက်ထပ်တွေ့ချင်သေးတာကို သူမ မည်သို့ပြောရမည်နည်း။ အနည်းဆုံးတော့ Visiting Card ပဲဖြစ်ဖြစ် သူနဲ့ Phone အဆက်အသွယ်ရှိအောင် ပေးသွားသင့်တာပဲ။ နေပါဦး. . . ဒီမှာ ပင်ကိုစကားပြောဖို့ အခုမှ တာစူနေတုန်းမို့ပါ ကိုဘုန်းသဂါ။

''အခုလို အချိန်ပေးတဲ့အတွက် ကျေးဇူးပါပဲ''

''ဟုတ်ကဲ့''

''ပြောစရာစကားမရှိဘူးဆိုရင် ပြန်တော့မယ်လေ။ ညက Night duty ဆင်းခဲ့ရလို့ အရမ်းပင်ပန်းနေပြီ''

''အင်းပေါ့၊ ယူ Rest ယူရမယ့်အချိန်ကို တို့ကိုဖွဲ့ပေးလိုက်ရတာကိုး''

'နောက်တွေ့ရအောင်' လို့များ ပြောမလားဟု မျှော်လင့်မိပေမယ့် ပြောမလာပါချေ။ ခုံကိုပင် နောက်ဆုတ်လျက် သူထ ရပ်လိုက်ပြီမို့ သူမဘက်က လှုပ်ရှားကိုမဖြစ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အို! မိန်းမတန်မဲ့ သူမဘက်ကစပြီး ရေလာဖို့ မြောင်းပေး ရမှာလောက် ပွဲတာမရှိတော့။ တစ်သက်နဲ့တစ်ကိုယ် တစ်ကြိမ်မှ ယောင်ယမ်းစိတ်ကူးဖူးခဲ့ခြင်းမရှိတဲ့အလုပ်ကို ပထမဆုံးအကြိမ် လုပ်ရတော့မှာလေ။

Be brave! pinky. ဒီလောက်လေးမှ ရှေ့တစ်လှမ်း မတိုးရဲရင် သူနဲ့ နောက်ထပ် နောက်ထပ်ဆုံနိုင်ဖို့ Chance က Far Far Away ဖြစ်တော့မှာ အသေအချာပါပဲ။

"ခဏ"

လှည့်ထွက်နေပြီဖြစ်သည့် သူ့ခြေလှမ်းတို့ တုံ့ခနဲရပ် သွားလေ၏။ ဒီလိုပဲဖြစ်ရမယ်လေ။ ဒီလောက်မြင့်မားတဲ့သူ့အရပ် အမောင်းလို သင့်တော်လိုက်ဖက်မယ့် ခန္ဓာကိုယ်အရပ်အမောင်း မျိုးနဲ့ ဒီလောကကြီးထဲမှာ မိန်းမသားတစ်ဦး ရှိနေတယ်ဆိုတာ ကို ယူ သိသွားပါစေတော့။

ဆတ်ခနဲထရပ်လျက် Slimbag ထဲမှ Card တစ်ခုကို ယူလျက် လက်ညှိုးနှင့် လက်ခလယ်ကြား ညှပ်ကိုင်လျက် ပေး လိုက်စဉ် သူ့မျက်နှာအစုံ ပင့်သွားပါ၏။ အံ့ဩသွားတာလား၊ ဒီ ထက်ပိုအံ့ဩစရာတွေကို ယူ့အတွက် လုပ်ပေးချင်ပါတယ်, ယူ။

"လိုလိုမယ်မယ် ပေးတာပါ"





"ကျွန်တော့်မှာတော့ Card မရှိပါဘူး"

"ဒါဆိုလည်း Phone နံပါတ်ဖြစ်ဖြစ် ပေးပေါ့,ယူ"

သူက ခေါင်းကို ဆတ်ခနဲညိတ်လိုက်ကာ သူမကတ် မှ နံပါတ်ကိုဖတ်လိုက်ပြီး သူ့ Phone ကို တတောက်တောက် နှင့် နှိပ်လိုက်လေ၏။ Phone မြည်သံနှင့်အတူ သူမရင်ခုန်သံ တို့က ကဆုန်ပေါက်နေလို့ပါလားနော်။ ထူးဆန်းလေစွ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

သူငယ်ချင်းတွေ၏လောင်ရယ်သံက သူ့ကို အနေကျုံ့စေပါ၏။ ထိုအထဲမှာ နေမျိုးရယ်သံက အကျယ်ဆုံး။ ဒင်းလည်း ချစ်သူမရှိသေးတာတောင် စာနာစိတ်မရှိဘဲ သူ့ကိုလောင်ချင်တိုင်း လောင်နေတာလေ။ နှင်းစန္ဒာနှင့် ဝေမိုးသွင်ကတော့ ကျောင်းတက်စဉ်ကတည်းက ဘာဘာညာညာအဆင့်ပေကိုး။

"ညံ့ပါ့ကွာ"

"အေးလေ သင်္ဂါရယ်၊ မိန်းကလေးဘက်က ကတ်စပေးရတယ်ဆိုတော့ အတော်အောက်တာပဲ့။ နှင့်ကို သူတော်တော်တင်းနေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါမှ မင်းတို့လို မိန်းမတွေရဲ့သဘောထားကို မသိတာ ကိုး စန္ဒာရဲ့"

"ဟ! လေ့လာပေါ့ နောရဲ့။ ဒါမှသိမှာ"

"ဩော် . . . အလုပ်ကြီးအကိုင်ကြီးဆိုတော့ လေ့လာ နိုင်းတာပေါ့လေ"

"မဟုတ်ဘူးလား။ ဆေးလောကမှာတော့ နာမည်တစ် လုံးရတဲ့အထိ ထူးချွန်ပြီး ဒီနေရာမှာတော့ မင်းက မူကြိုတောင် ကျမ်းမကြေတဲ့ကောင်ကိုး"

"ဟော့ကောင်! အမူးချင်းအတူတူ တစ်လုံးမပိုချင်နဲ့။ ငါ သိပ်ကြည့်မရတော့ဘူး"

"အေးလေ"

သူက အအေးခွက်ကို လှမ်းယူရင်း နေမျိုးကိုပြောလိုက် သလို စန္ဒာကပါ ထောက်ခံလိုက်လေ၏။ သူတို့လေးယောက် ကြားမှာ ဘာဆိုဘာမှ ဖုံးကွယ်လျှို့ဝှက်ထားစရာမရှိအောင် ပွင့် လင်းစွာ ဆက်ဆံကြတာလေ။

"ငါ့ကိုလာမဆွဲထည့်ပါနဲ့ သင်္ဂါရာ၊ မင်းသာ မင်းဇာတ် နိုင်အောင် ကစမ်းပါ။ ငါ့မှာက ရှိပြီးသား"

"ဘာ!"





"ဟာ . . . ဒါတော့ လွန်ပြီ ငနော၊ မင်းကိစ္စကို ငါတို့မသိ အောင် ဖုံးထားတာပေါ့လေ။ ဟုတ်လား"

"မဟုတ်ပါဘူး"

'မဟုတ်ရင် ပွင့်ပွင့်လင်းလင်းပြောပေါ့ဟဲ့ အကောင်ရဲ့။ ငါတို့ကိစ္စကျ အကုန်လိုက်အစ်အောက်မေးနေပြီး နင့်ကျ ဒိုင်ရှု လုပ်လို့ရမလား။ သေဦးမယ်"

စန္ဒာက အရင် ချေဦးဖောက် နေမျိုးလက်မောင်းကို ဖြောင်းခနဲရိုက်လိုက်သလို ဝေမိုးနှင့်သူကလည်း ဇက်ပိုးတစ်ချက် စီ ပိုင်းအုပ်လိုက်မိကြ၏။ စန္ဒာတို့ခြံထဲမှာ လူစုကြတာမို့ ကိုယ့် ကိုယ်ကို ဆရာဝန်တွေဆိုတာကိုပင် မေ့လျော့ပြီး ကလေးတွေ လို ဆူညံနေတာလေ။

အမြဲတမ်း ဆေးနဲ့ပတ်သက်တာတွေချည်း ဆွေးနွေးနေ ကြရတော့ တစ်ခါတလေ အတွင်းရေးတွေ အစ်အောက်မေးကြ လျက် နှိပ်ကွပ်ကစားရတာက သူတို့အတွက် စိတ်ထွက်ပေါက် ဖြစ်စေပါ၏။ စန္ဒာ့အမေ အန်တီသက်က နဂိုကတည်းက အချက် အပြုတ်တော်သည့် မော်လမြိုင်သူမို့ သူတို့ မကြာခဏဆုံရပ်က ဒီအိမ်မှာ အများဆုံးပါပဲ။

"အားလားလား . . . ငါ့ကိုများ ငါးဖယ်ထင်ပြီးပိုင်းထု



www.burmeseclassic.com

www.burmeseclassic.com



နေကြတာလား''

''ထုမှာပေါ့၊ ပြောနေတာဖြင့် သင်္ဂါကိုချည်း ကွက်ပြောနေပြီး နင်က ဘာအချိုးလဲ''

''ပြော့ ဟော့ကောင်၊ ငါတို့လိုဆရာဝန်တွေထဲကပဲလား၊ ဒါမှမဟုတ် အင်ဂျင်နီယာတွေထဲကလား၊ ကွန်ပျူတာကျွမ်းကျင်လား၊ IT. . .''

''တစ်ခုမှမဟုတ်ဘူး''

''ဒါဖြင့် ကျောင်းဆရာမလား၊ ဟဲ့! ကျောင်းဆရာမကိုယူရင်တော့ သူ့ချည်း ဆရာလုပ်နေမှာနော်''

''မဟုတ်ပါဘူး စန္ဒာရာ၊ ဘုမသိဘမသိ စွတ်ပြောမနေနဲ့''

''ဒါဆို ဘယ်သူလဲ''

နေမျိုးက အားလုံးစိတ်ဝင်တစားရှိနေတာကို သဘောကျပုံမျိုးဖြင့် စပ်ဖြဲဖြဲရယ်လေ၏။ ကြည့်စမ်း! ဒီကောင်တော့ လက်သီးစာ အကျွေးခံချင်နေပြီထင်တယ်။

''ဟဲဟဲ. . .''

''ရယ်မနေနဲ့လေ၊ ပြောမှာသာပြောစမ်းပါ''

''ငါကြိုက်တဲ့ကောင်မလေးက အခုမှ baby လေး''





''ဟင်! လဒ၊ စာကလေး အမြောက်နဲ့ချိန်တယ်ဆိုတာမင်းမှအစစ်''

''(၁၈)နှစ်တောင် ပြည့်သေးရဲ့လား နေမျိုးရာ''

''ငါ့ကိုနှိပ်ဖို့ပဲ ပြင်နေကြတာပဲ၊ (၁၈)နှစ်ပြည့်ပြီကွ။ အခု Second year ကျောင်းသူဖြစ်နေပါပြီ။ Eco: ကျောင်းသူလေးပေါ့''

''မဟုတ်မှလွဲရော၊ အဲဒါ နင်စာပြခဲ့တဲ့ကောင်မလေးပဲမဟုတ်လား''

''အေး''

''ကြည့်စမ်း! ကလေးကို စာတစ်ခုပဲ မပြဘဲ ဘာတွေပြခဲ့လဲမသိဘူး. . . နှာဗူး''

ရယ်ကြပြန်၏။ နေမျိုးမျက်နှာက ပြောင်စပ်စပ်နှင့်မို့ အတည်လို့လည်း မယူဆရဲပြန်။ ဒီကောင်တော့ စန္ဒာပြောသလိုပဲ ကလေးကို စလုံးပါမက ခရွေးပါ သင်ပေးတဲ့အကြံအဖန်ဆရာပဲကိုး။

''နင် အတည်လား''

''ငါ့ဘက်က Hundred Percents ''

''ဒါဖြင့် သူ့ဘက်ကရော''



www.burmeseclassic.com

www.burmeseclassic.com



နေမျိုးက ခေါင်းခါပြလေ၏။ သူပါ မနေနိုင်တော့ဘဲ ပြုံးမိသည်အထိပင်။ သူ့ကျတော့ မိန်းမပိုးတတ်တဲ့ကောင်ဆို ပြီး ဒင်းရော ဘာထူးလို့လဲ။

''ချာတိတ်က မသိပါဘူးကွာ''

''မသိဆို မင်းဖွင့်မပြောလို့ဖြစ်မှာပေါ့''

''အေး''

''သေ. . . သေ, အဲဒီမှာ လဲသေလိုက်။ ဒါနဲ့များ သဂျီ ကိုကျ ဖိပြောနေ''

''ပြောဖို့လည်း အကြိမ်ကြိမ်ကြိုးစားခဲ့တာပါကွာ။ ခက် တာက ချာတိတ်က ငါ့ကို သူ့အစ်ကိုလိုမျိုးပဲ သံယောဇဉ်ရှိပုံကွ တော်ကြာ ပြောလိုက်မိမှ စိတ်ဆိုးသွားမှာလည်း စိုးရိမ်ပြီး ပြော မထွက်ပြန်ဘူး။ ဒါနဲ့ပဲ ကြာနေတာ''

''အန်တီဝါတို့ သိလား''

''သိတယ်''

''သိရင် လူကြီးတွေကို ပြောခိုင်းလေကွာ တော်းရဲ့''

''မထင်နဲ့ ငဝေရေ့၊ မေမေတို့က ကြိုပြောပြီးသား ကိုယ့်အစွမ်းအစနဲ့ကိုယ် လှုပ်ရှားတဲ့၊ သူ့မိဘတွေနဲ့က ရင်းနှီးတာ ထက် ရှိသေမှုက ပိုတော့ ဖွင့်ပြောဖို့ခက်တာမျိုး''





''သူ့မိဘတွေက ဘာလုပ်ကြလို့လဲ''

''ဘာသာတရား ကိုင်းရှိုင်းပြီး အေးဆေးတည်ငြိမ်တဲ့ မိသားစုလေ။ အန်တီငယ်က ခြံထဲမှာ အပင်စိုက်ပြီး အိမ်ရဲ့စီးပွား ရေးကို ထိန်းနိုင်တယ်။ အန်ကယ်ဦးဘပွင့်က ပင်စင်စားအရာရှိ ဆိုတော့ တို့လမ်းထဲမှာ အားလုံးရှိန်ရတဲ့လူကြီးပေါ့''

''ဒါနဲ့ပဲ မင်းဟာလေး သူများ မ.သွားလိမ့်မယ်''

''အေးကွာ''

နောက်ဆုံး လျှော့ချလိုက်တာမို့ သူတို့စကားဝိုင်းက တိတ်သွားပါ၏။ နှင်းစန္ဒာနှင့်ဝေမိုးက ခုံကပ်လျက် ထိုင်နေတာမို့ တီးတိုးပြောနေလေသည်။ ခြံထဲမှာ ဆင်းထိုင်နေကြတာမို့ သဘာဝ လေးအေးလေးဖြင့် နေသာထိုင်သာရှိပါ၏။

''ဝေမိုး''

''ဘာလဲ''

''စန္ဒာ့ကို မင်းဘယ်လိုပိုးခဲ့တာလဲ''

''သေဦးမယ်၊ ငါ့ရှေ့မှာ မေးစရာလား''

''ဘာဖြစ်လဲ, ပေါ်တင်ပေါ့''

''ပြောလိုက်ရမလား, နှင်း''

''မပြောရဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်! နှင်းတဲ့၊ ဝိသေသက ဘယ်တုန်းက ပြောင်းသွားတာလဲ"

"နေမျိုးနော်၊ ငါတို့ကို လိုက်ကျပ်မနေနဲ့"

"အဲဒါ ငါလည်း သိချင်တယ်၊ ပြော. ဝေမိုး"

"နှင်းက မပြောရဘူးတဲ့ကွ"

"ဟာ. . . ဒီလဒကတော့ ယူဖြင့်မယူရသေးဘူး။ မိန်းမရှိခိုး, သွားမကျိုး လုပ်ချင်နေပြီ"

စန္ဒာက သူတို့ကိုမျက်စောင်းထိုးလိုက်ပြီး 'မမေတို့နဲ့ ထမင်းဝိုင်းပြင်ပေးဦးမယ်'ဟုဆိုကာ ရှောင်သွားပါသည်။ တစ်ခါတလေ ယောကျ်ားလေးဝိုင်းမှာ မိန်းကလေးတွေ နားမဆံ့တဲ့ စကားတွေလည်း ရှိတာကိုး။

"ပြောလေ"

"ဘာပြောရမှာလဲ"

"ဟ! စန္ဒာ့ကို ဘယ်လိုပိုးခဲ့သလဲဆိုတာပေါ့ကွ"

"နှင်းနဲ့က အထက်တန်းမှာကတည်းက ရင်းနှီးတာလေကွာ။ ဒီလိုပဲ သူငယ်ချင်းဆိုတော့ လှုပ်ရှားရခက်တာပေါ့။ သူငယ်ချင်းအချင်းချင်း ရည်းစားထားတာ တစ်မျိုးတော့မကောင်းဘူး"

"ဘာမကောင်းတာလဲ"





"ဒီလိုပဲ မကောင်းတာပေါ့၊ အရမ်းကို အတွင်းသိအစင်းသိဖြစ်မှတော့ ဘာမှလိမ်လို့မရတော့ဘူး. . . အဆမှန်းပါး ငါ့အကြောင်း အကုန်သိနေတာကိုး"

"ဒါနဲ့ပဲ စန္ဒာ ခေါင်းညိတ်လိုက်ရောလား။ အဲဒီလိုလား"

"ဘယ်ကသာ. အမျှားကြီးလေ့လာသင်ယူခဲ့ရတာပေါ့"

"ကြီးကြီးကျယ်ကျယ်နဲ့၊ ဘာလဲ. မိန်းမပိုးနည်းကျမ်း ပြုစုဦးမလို့လား"

နေမျိုး ထပြောတော့ ဝေမိုးမျက်နှာက ပြုံးစိစိဖြစ်သွားလေ၏။ အချစ်နဲ့တွေ့တဲ့အခါ ဒီလိုပဲ မျက်နှာက ပြောင်စပ်စပ်ဖြစ်သွားတတ်ပါသလား။ မဟုတ်သေးပါဘူး, သူတောင် ခုချိန်ထိ မိန်းကလေးတွေနဲ့တွေ့ခဲ့တာ ပြုံးပင်မပြုံးခဲ့ပါလေ။

"အများကြီးပေ့၊ သူတို့ဘာကြိုက်တတ်သလဲ လေ့လာဖို့ အချိန်အတော်ယူရတာ။ ရတနာပစ္စည်းကြိုက်တတ်ရင် အဖိုးတန်ရတနာ၊ အဝတ်အစားမက်ရင် အဝတ်အစားအသုံးအဆောင်၊ ပန်းကြိုက်ရင် ပန်းတို့ပန်းပင်တို့၊ အစားအသောက်မက်ရင်တော့ Restaurent တို့ Hotel ကောင်းကောင်းတို့မှာ ကောင်းမယ့်ဆိုတာမျိုး လိုက်ကျွေးရတယ်၊ အရုပ်ကြိုက်ရင် အရုပ်၊ သီချင်းကြိုက်ရင်တော့ CD ချပ်တွေ ဝယ်ပေးရတာမျိုးပေ့ါ"



www.burmeseclassic.com

www.burmeseclassic.com



''မင်းဟာကလည်း အားလုံးကုန်ပေါက်တွေချည်းပဲ''

''အေးလေ''

''ဒီလောက်တော့ ရင်းနှီးရတာပေါ့ကွ။ ကိုယ်က ရချင်တော့လည်း ဒီလောက်တော့ ပေးနိုင်ရတယ်''

ငြိမ်သွားရပြန်၏။ မိန်းမတစ်ယောက်ရဲ့အချစ်ကို ရဖို့အတွက် လက်နက်မျိုးစုံ သုံးရတာမျိုးပါပဲလား။ အံ့သြဘနန်းပါလားနော်။ သူဖြင့် တစ်ခါမှမလုပ်ခဲ့ဖူးတာ အမှန်ပါလေ။

''မလွယ်ဘူးကွ''

''ဘာကိုလဲ''

''ငါ့ချာတိတ်က အဲဒါမျိုး တစ်ခုမှကြိုက်မှာမဟုတ်ဘူး။ ပန်းပေးရအောင်လည်း သူတို့ခြံက ပန်းမျိုးစုံနဲ့ စီးပွားရှာနေတာဆိုတော့ မရဘူး''

''ဒါဖြင့် သူကြိုက်တာတစ်ခုခု ဝယ်ပေးပေါ့''

''ဝယ်ပေးဖူးတယ်လေ၊ သနပ်ခါးကြိုက်တယ်ပြောလို့ အညာက လူကြုံနဲ့ပို့ပေးလိုက်တဲ့ ရှင်မတောင်စစ်စစ်လေး တစ်ခါပေးဖူးပါတယ်၊ 'မေမေက အရမ်းမွှေးလို့ ကျေးဇူးအများကြီးတင်ပါတယ်'တဲ့. . . သေရော''

ဝေမိုးက တဟားဟားပင် ရယ်ချေပြီ၊ ဒင်းတုန်းကတော့





စန္ဒာ့ကို ကဗျာဆန်ဆန်လေး ပိုးခွင့်ရခဲ့ပြီး သူတို့အလှည့်မှာမှ ခက်ရတယ်လို့။ လောကကြီး တဆိတ်! မလွန်ချေဘူးလား။

''စန္ဒာ့တုန်းက မင်းဘာပေးခဲ့တာလဲ''

''သူ့ကိုပြန်မပြောမှ ပြောပြမယ်''

''အေးပါကွ''

''ဖိနပ်''

''ဘာ! ''

''ဟုတ်တယ်၊ စန္ဒာက ခြေထောက် Size ကြီးလို့ အမြဲ Order မှာစီးရတာ။ သူ့ Size ကို ငါသိတာနဲ့ နိုင်ငံခြားက အမျိုးတွေဆီမှာပြီး လစဉ် သုံးလေးရံ ပို့နိုင်းတာနဲ့ သူပြန်ကြည်သွားတာပဲ''

''မှတ်သားစရာ Cindrella Story ပါပဲလား''

''မင်းဟာက ဖိနပ်ပေးရတယ်လို့ကွာ၊ အဲဒီကတည်းက မင်းဘဝ နင်းပြားဖြစ်နေပြီ''

''ဘာဖြစ်လဲ၊ ငါ့မှာ လက်ဆုပ်လက်ကိုင်ပြစရာ ရှိသွားတယ်လေ။ မင်းတို့မှာ ဘာရှိလို့တုန်း''

နိုင်ကွက်ရသွားသဖြင့် ဝေမိုး လက်ခမောင်း ထခတ်ပြီး ပြောသလိုမျိုးဖြစ်နေတာမို့ သူရော နေမျိုးပါ အသံထွက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပင် ကျိန်မိကြချေပြီ။ ဝေမိုးကတော့ မနာပါဘဲ ရယ်မောလို့ပါလေ။

မိန်းမတစ်ယောက်ရဲ့အချစ်ကိုရဖို့ ကိုယ့်ဘက်ကစပြီး ဒူးထောက်တောင်းရမှာတဲ့လား။ မဖြစ်နိုင်တာ။ အာရုံထဲ တည်တင်းနေတဲ့အရှိန်ကြောင့် သူ့ကို ခြေလှမ်းတွေ ရပ်တန့်စေခဲ့တာပင်။ သူဖွင့်ပြောတဲ့အခါ သူမဘက်က ငြင်းချလိုက်ဖို့ Ready ပြင်ထားသလိုပါပဲ။ မင်းကိုလန့်တယ် 'ပန်းနုနေခြည်'။



## အခန်း (၅)

"ဘာရယ်"

"ဩော်, သူထပ်တွေ့ချင်တယ်ဆိုရင်တော့ ပင်ကို့ဘက်က အသင့်ရှိတယ်လို့ပြောတာပါ မာမာ"

ပါပါရော မာမာပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြလေ၏။ အတွေးတွေ များကုန်ပြီလား။ ဟုတ်မှာပေါ့။ သူ့မန္တတ်မှ ဒီစကားထွက်လာတာ အဆန်းတကာ့အဆန်းဆုံးပါလေ။ ခါတိုင်းဆိုရင် 'တော်ပြီ၊ နောက်ထပ်မတွေ့နိုင်ဘူး' ဟူသည့်စကားကိုသာ ဆောင့်ကြီးအောင့်ကြီးပြောတတ်တာမျိုး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် ပါပါ့သမီးက အဲဒီ ဒေါက်တာဘုန်းသဂိကို လက်ခံတဲ့သဘောပေါ့လေ''

''အဲဒီလိုတော့မဟုတ်ပါဘူး ပါပါရဲ့။ သူက ပင်ကီတွေ့ခဲ့တဲ့ ခါတိုင်းလူတွေနဲ့မတူလို့ပါ''

''အဲဒါဆိုရင်တော့ ဦးမြတ်ဘုန်းနဲ့ ပါပါတို့ စကားပြောဖို့လိုပြီထင်တယ်။ ဟုတ်လား သမီး''

သူမ ငြိမ်နေလိုက်ပါ၏။ 'ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းမြည်၏' တဲ့။ အဲဒါကိုပဲ အတည်ပြုလိုက်ရတော့မှာလေ။ လူကြီးတွေ စီမံတာကို တစ်ခါမှမခံယူခဲ့တဲ့သူမအဖြစ်က သူနဲ့တွေ့လိုက်ရချိန်မှာ အကုန်လုံးလိုလို ပြောင်းတိပြောင်းပြန်ဖြစ်သွားတော့တာကိုး။

''လောလောဆယ်တော့ မပြောပါနဲ့ဦး ပါပါ''

''ဘာလို့လဲ''

''သူတို့ဘက်က အရင်လှုပ်ရှားရမှာမဟုတ်လား ပါပါရဲ့''

ပါပါက ဟက်ခနဲ ရယ်ချေပြီ။ စီးပွားရေးလောကမှာ လျှမ်းလျှမ်းတောက် အောင်မြင်နေတဲ့လူစာရင်းဝင် ဦးမိုးထက်ကို ဘယ်လိုလူက ခမည်းခမက်တော်ဖို့ ငြင်းရဲမှာတဲ့လဲ။ လာတောင်းခံသမျှ လက်တို့ကို ငြင်းဖယ်ရသည့်အလုပ်ကိုသာ သူမတို့ဘက်က လုပ်ရတာ ဓမ္မတာပါလေ။

''ဒေါက်တာဘုန်းသဂိက သာမန်ယောကျ်ားမျိုးမဟုတ်ဘူး Sweety ရဲ့။ အဲဒါကိုတော့ သမီးသိထားဖို့လိုလိမ့်မယ်''

''သူက ဘာများထူးခြားနေလို့လဲ''

''သမီးနဲ့ လူချင်းတွေ့ခဲ့တာပဲလေ၊ မလေ့လာဖြစ်ဘူးလား။ လူ့ကဲခတ်ပညာဆိုတာ သမီးအတွက် အသေးအဖွဲ့အလုပ်လေးပါ Sweety ရဲ့''

သူမ၏မျက်နှာ အမ်းတမ်းတမ်းဖြစ်သွားတာကို မနည်းဣန္ဒြေဆောင်လိုက်ရပါ၏။ စားလက်စ ထမင်းလုပ်ပင် နင်ချင်ချင်ဖြစ်သွားရချေပြီ။ အလိုလေးနော်၊ တွေ့စဉ်တုန်းက သူ့မျက်နှာကိုသာ ခပ်ငေးငေးကြည့်ရင်း သူမရင်တွေ ဗရမ်းဗတာ ခုန်ပေါက်နေမိတာကို ဘယ်သူတွေ သိကြမှာတဲ့လဲ။

''မသွားခင်ကတော့ ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး ဟော!. . . ညနေပြန်ရောက်လည်း ရောက်ရော ကိုယ့်သမီးအချိုးက အဲဒီလိုရှင့်''

''မာမာကလည်း ပင်ကီက ဘာဖြစ်နေလို့လဲ''

''အဲဒါ သမီးကိုယ်သမီး အသိဆုံးပေါ့ ပင်ကီ။ မှန်ရှေ့မထိုင်ဖူးတဲ့လူ့ မှန်ရှေ့မှာ အချိန်ယူလာတတ်တယ်ဆိုကတည်း





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



က မာတို့အိမ်မှာ ထူးဆန်းလာတာပဲမဟုတ်လား''

သိးသွားပြီမို့ ချောင်းဟန့်ရင်း သောက်ရေခွက်ကို ယူမော့လိုက်ရပါ၏။ ဟုတ်တာပဲ. ခါတိုင်းတော့ အလုပ်၊ တာဝန်ဆိုပြီး သွားသုတ်သုတ် ပြန်သုတ်သုတ်ဖြစ်နေခဲ့တဲ့ ပန်းနုနေခြည် တစ်ယောက် မှန်ရှေ့မှာ အချိန်ယူတတ်နေပြီဆိုတာ ဖုန်မတင်တော့တဲ့ သူမရဲ့မှန်တင်ခုံလေးက သက်သေထူပြနိုင်ပြီလေ။

ရက်ဖွယ်ပါပဲလား ပန်းနုနေခြည် . . .

''ဝန်ခံပြီလား သမီး''

''ပင်ကီက ဘာကိုဝန်ခံရမှာလဲ မာမာရဲ့''

''အဲဒီဒေါက်တာလေးကို စိတ်ဝင်စားနေပြီလို့လေ''

အို! ရက်စရာကြီး၊ နေပါဦး. ဘာဆိုဘာကိုမှ ရက်လန့်တကြားမဖြစ်ခဲ့တဲ့ သူမရာဇဝင် ဘယ်ပျောက်ကုန်ပြီလဲ၊ ယောကျ်ားတစ်ယောက်ကြောင့် မိန်းမသားဖြစ်တဲ့သူမလို မာနခပ်ကြီးကြီး မိန်းမက စိတ်လှုပ်ရှားခဲ့တာကို လူသိအောင် ချပြရမှာတဲ့လား။ မဖြစ်နိုင်တာ။

''ဟင့်အင်း . . . ပါပါ''

''ဘာဖြစ်လို့လဲ''

''သူနဲ့ဆက်သွယ်နိုင်ဖို့ ပင်ကီ့ဘက်က Chance ပေး





ထားပြီးပြီ၊ သူ့ဘက်ကပဲ စတင်ပါစေ။ ပါပါ ဘာမှ စမပြောလိုက်ပါနဲ့''

''ဘာလဲ. သမီးရဲ့လိပ်စာကတ် သူ့ကိုပေးလိုက်တာကို ပြောတာလား''

''ဟုတ်''

''မှားတာပေါ့ Sweety. သူ့မှာလည်း အဲဒီလို Visiting Card တွေ အများကြီးပုံနေမှာပေါ့။ ဘယ်သူက အလေးထားပြီး တရိုတသေ သိမ်းဆည်းထားမှာတဲ့လဲ။ အံဆွဲထဲပစ်ထည့်ထားရင်တောင်မှ တခြားကတ်တွေနဲ့ရောပြီး ရှိချင်ရှိနိုင်သေးတယ်''

ဘုရားရေ! ဒါကို သူမ ဘာလို့မှစဉ်းစားမိလိုက်တာပါလိမ့်။ ဟုတ်သားပဲ၊ သူမရဲ့အံဆွဲထဲမှာလည်း ဒီလိုကတ်တွေ တစ်ပုံကြီးပါ။ စိတ်အရှမ်းရှုပ်လာချိန်ဆိုရင်တော့ Draw ရှင်းရင်း ထိုကတ်တွေကို အမှိုက်ပုံးထဲ ပစ်ထည့်ခဲ့တာ ဘယ်နှကြိမ်တောင် ရှိခဲ့သလဲ။

ဒါဖြင့် သူကရော သူမလိုပဲ ဒီလိုအကျင့်ရှိနေရင် ဘယ့်နှယ်လုပ်မလဲ။ နင်တော့ သေပြီ ပန်းနုနေခြည်၊ ယောကျ်ားတစ်ယောက်နဲ့ ရင်းနှီးပတ်သက်ခွင့်ရဖို့အတွက် ဒီလောက်ထိ ဆင်ခဲ



www.burmeseclassic.com

www.burmeseclassic.com



သတဲ့လား။

အျှော်လင့်ချက်မဲ့ချေပြီ။ နေဦး. . . သူ့ Phone ထဲမှာ သော့ အဲဒီနေ့က သူမရဲ့ Phone နံပါတ်တော့ ရှိကောင်းရှိနိုင်ပါနဲ့၊ ဒုံမောရပါလား ကိုဘုန်းသင်္ဂြိုလ်ရယ်။

''နှစ်ဖက်စလုံး ကျောက်တိုင်လို ငြိမ်နေရင်တော့ ဘာမှသွားလာမှာမဟုတ်ဘူး Sweety...တစ်ဖက်ဖက်နဲ့ ရွေ့လာမှသာ အနီးဆုံးကိုရောက်မှာ။ သမီးသဘောပေါက်ရဲ့လား၊ စီးပွားရေးလောကမှာ သမီး ဘယ်လိုပဲ လူမှုရေးကျွမ်းကျင်ခဲ့ပါစေ၊ ဒီကိစ္စနဲ့တော့ မရောမိစေနဲ့။ ဘုန်းသင်္ဂြိုလ်ကို လျှော့မတွက်ထားနဲ့ Sweety. သူက ပါပါတို့လောကမှာ ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပဲ။ သူ့အဖေ အရှိန်နဲ့မဟုတ်ဘဲနဲ့ကို သူက ဆေးလောကမှာ လက်မထောင်ရင်ကော့ ခေါင်းမော့နေတဲ့သူ။ ဒါကြောင့်လည်း သူနဲ့လာဆက်သမျှ မိန်းကလေးတွေပေါင်းများစွာကို အသာလေးငြင်းပယ်ခဲ့တာ''

ခံပြင်းစရာပါပဲလား။ 'ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်' တဲ့။ ဒီလိုပျိုဖြူတွေနဲ့ရောပြီး ဘာကြောင့်များ သူမပါ သူ့ကိုစိတ်ဝင်စားမိတဲ့အထဲ ရောပါနေမိတာပါလိမ့်။ မတူချင်ဘူးကွယ်၊ လောကကြီးထဲကို အစောကြီးရောက်လာခွင့်ရတဲ့သူပီပီ ဘာမဆို သူများ





တွေထက် အဦးဆုံးသာ ပိုင်ဆိုင်ခွင့်ပေးပါတော့လား။

''ဒါဆို ဘာလုပ်ရမှာလဲ ပါပါ''

ပြုံးချေပြီ။ ပြုံးပေမပေါ့၊ လုပ်ငန်းကိစ္စနဲ့ပတ်သက်ပြီး အကြံဉာဏ်တောင်းတာမျိုး တိုင်ပင်တာမျိုး မရှိခဲ့ဖူးတဲ့သူမလို လူအတွက် ဒီစကားက သိပ်ပြီးအဓိပ္ပာယ်မဲ့လွန်းနေတာအမှန်ပါပဲလား။

''ရထားတဲ့ BE ဘွဲ့ကိုတောင် နှမြောစရာပါပဲလား Sweety... တစ်ခါမှ ဒီလိုအကြံမတောင်းဖူးတဲ့လူက အခုမှ ဘာတွေဖြစ်နေတာလဲ''

ဟုတ်ပါတယ်၊ သူမရထားတဲ့ ဒီလိုအင်ဂျင်နီယာဘွဲ့နဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ မြောက်များစွာကို အခိုင်အမာတည်ဆောက်နိုင်ပေမယ့် မေတ္တာအိမ်လေးကိုဖြင့် မဆောက်နိုင်တာလေ။ ယောက်ျားတွေ ဘာများကြိုက်တတ်သလဲ၊ အရက်၊ မိန်းမ၊ လောင်းကစား၊ အပျော်အပါး. . . ကျွတ်! အတွေးနဲ့တင် စိတ်ကူးပျက်ချေပြီ။

''ပါပါ့ကို အန်ကယ်ဦးမြတ်ဘုန်းက ဘယ်လိုများ စပြောခဲ့တာလဲ''

''စကားကြုံရင်းပါ၊ သူ့သားကို အိမ်ထောင်ချပေးဖို့ စီ



www.burmeseclassic.com

www.burmeseclassic.com



စဉ်နေတယ်၊ အပြင်ကရော, မိတ်ဆွေတွေထဲကရောပေါ့။ ဒီတော့ ပါပါ့မှာ သမီးရှိတယ်လည်းသိရော ကလေးတွေချင်း တွေ့ပေး ကြည့်ပါ၊ အဆင်ပြေရင် OK! မပြေရင်လည်း နောက်ဆုတ်တဲ့။ အေးဆေးပဲ, ဘာ Force မှမပါဘူး Sweety. သာမန်ကိစ္စလေး တစ်ခုလိုမျိုး ပေါ့ပေါ့ပါးပါးလေးပဲ စီစဉ်လိုက်တာ။ ဒါကြောင့် သမီးကိုသွားတွေ့ခိုင်းတုန်းက အတင်းအကျပ်မဟုတ်ပါဘူးလို့ သမီးမာမာ ပြောခဲ့တာပေါ့''

ရှက်စရာပါပဲ။ ပစ္စည်းတစ်ခုကို ကြိုက်မကြိုက်လာကြည့် ဆိုပြီး Counter ထဲကအရုပ်လိုမျိုး သူမကိုလာကြည့်သွားတာပါ လား။ ကြိုက်ရင် ဝယ်ပေးမယ်၊ မကြိုက်ရင် မယူနဲ့ပေါ့လေ။ ဘယ်လိုလောကကြီးပါလဲ။ အိမ်ထောင်တစ်ခုကို စီးပွားရေးတွက် သလို တွက်နေကြတော့မှာလား။ ချစ်ခြင်းတွေ မေတ္တာတွေ တွယ် တာမှုတွေ သံယောဇဉ်ဆိုတာတွေကို ဘယ်ချောင်မှာ မေ့ထားခဲ့ ကြတာပါလိမ့်။

''အခု သူတို့ဘက်က ဘာမှမပြောဘူးပေါ့''

''အင်း, ခုထိဘာမှမစသေးဘူး။ သမီးပဲ ဒီလိုစပြောလို့ ပါပါတို့ အံ့ဩနေတာ''

''အနည်းဆုံးတော့ ချွေးသိပ်စကား ပြောသင့်တယ်လို့





ပင်ကီယူဆတယ် ပါပါ''

''မတူဘူးလေကွယ်၊ မာ့သမီးက ရောင်းကုန်မှမဟုတ် တဲ့ဟာ။ အားနာပါးနာနဲ့ သူတို့ဘက်က ဘာပြောမှာလဲ။ စောင့် ကြည့်ဖို့ အချိန်တော့ယူရတယ် ပင်ကီ''

အချိန်ယူရမယ်တဲ့လား။ စိတ်ပျက်စရာ။ သူမဘဝမှာ 'တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ' ဆိုပြီး အချိန်ဆွဲခဲ့တာမျိုးမှ မရှိ ခဲ့တာပဲ။ 'ဒီနေ့ ပုဂံ ရောက်ကိုရောက်ရမယ်' ဆိုပြီး ချက်ချင်းထ လုပ်ခဲ့တာမျိုးလေ။

စောင့်ရတဲ့အလုပ်ကို ပင်ကီ မုန်းတယ် မာမာ။ ပြီးတော့ ဖွင့်ပြောခွင့်မရနိုင်တဲ့ မိန်းမသားဘဝကိုမှ ရခဲ့ရတဲ့ ပင်ကီ့ကိုယ် ပင်ကီလည်း မုန်းချင်နေပါပြီ။

''အချိန်ယူ လေ့လာကြည့်ဦး Sweety. တစ်ကြိမ်တစ် ခါတွေ့လိုက်ရုံနဲ့ ကျရှုံးတယ်ဆိုတာ ပန်းနုနေခြည်ရဲ့ရာဇဝင်မှာ ရှိဖူးလို့လား. . . စဉ်းစား''

ဟုတ်ပါတယ်၊ လေ့လာဖို့ အချိန်တော့ လိုအပ်တာအမှန် ပါလေ။ ဒါဖြင့် အခွင့်အရေးကရော ဘယ်မှာတဲ့လဲ။ သူနဲ့ မကြာ မကြာဆုံခွင့်ရမှ ခဏခဏ စကားပြောခွင့်ရှိမှ သူ့အကြောင်းကို သေချာ ဂဃနဏ သိနိုင်မှာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ် Colour ကို Favourite ဖြစ်သလဲ။ ဘာကို ကြိုက်တတ်လဲ။ ဘယ်အားကစားမျိုး နှစ်နှစ်ခြိုက်ခြိုက်လုပ်လေ့ ရှိသလဲဆိုတာမျိုးကို အနီးကပ်နေခွင့်ရမှသာ သိနိုင်မှာပါ။ အခု တော့ တစ်ခေါက်လေးတွေ့ရုံနဲ့ သူ့အကြည့်တွေကို အဓိပ္ပာယ် ဖော်မှ မဖော်နိုင်ခဲ့တာ။ ကျွန်မ ဘယ်လိုလုပ်ရမလဲ ကိုဘုန်း သဂြိုဟ်။

"ပါပါတို့ Golf ရိုက်တဲ့ဆီ သူလိုက်တတ်သလားဟင်"

ပါပါ ပြုံးလေ၏။ အင်းပေါ့လေ, သူမ စုံစမ်းတာကို ချက်ချင်းသိလေပြီကိုး။ ဘာဖြစ်လဲနော်၊ သူ ဘာအားကစားလုပ် သလဲဆိုတာလောက်တော့ ပါပါတို့လူကြီးချင်း စကားပြောရင်းနဲ့ သိနိုင်တာပဲ။

"မလိုက်ဘူး"

သက်ပြင်းကို ရှိုက်လိုက်မိတော့၏။ မျှော်လင့်ချက် မဲ့ရ ပြန်ပြီကော။ အနည်းငယ်သာ စားဖြစ်သည့်ထမင်းက ပန်းကန် ထဲ ကုန်ပြီမို့ မာမာက ထမင်းအုပ်ကိုယူ၍ လှမ်းပေးသဖြင့် ခေါင်း ခါပြလိုက်ရသည်။ ရေဖန်ခွက်ကို မော့သောက်ပြီး ထရပ်လိုက် စဉ် ပါပါ့ထံမှ စကားသံထွက်လာလေ၏။

"ဘုန်းသဂြိုဟ်က စာဖတ်တာ ဝါသနာပါတယ်"





အဲဒါဘာလုပ်ရမှာတဲ့လဲ။ သူမက စာဆို ဘာစာမှပျင်း လို့မဖတ်။ စာအုပ်ကိုင်တာနှင့် မျက်စိက ငိုက်ချင်ပြီး ကျောင်းစာ ကိုတော့ ကိုယ်လိုချင်တဲ့အတိုင်း လိုင်းမရမှာစိုးပြီး ရေကုန်ရေ ခန်း ကျဲခဲ့တာမို့ တက်ချင်သည့်ကျောင်းကို တက်ခွင့်ရခဲ့တာပင်။ ဘယ်လိုလုပ်ရမလဲကွယ်၊ တို့က ယူဖတ်တဲ့စာအုပ်တွေကို နားမှ မလည်ဘဲကိုး။

"ဪ, မေ့တော့မလို့။ သူတို့အုပ်စု မကြာမကြာစုပြီး Tennis ရိုက်တတ်တယ်လို့တော့ မြတ်ဘုန်း ပြောဖူးတယ်ကွ"

သူမမျက်နှာ ပြုံးသွားတော့၏။ Thanks ပါပဲ ပါပါ။ သူ့ဝါသနာပါတဲ့အရာတစ်ခုကို သိသွားရတာမို့ တကယ်ကျေးဇူး တင်တာပါ။ အပေါ်ထပ်သို့ ပေါ့ပါးသွက်လက်သည့်ခြေလှမ်းတို့ ဖြင့် တက်ခဲ့၏။ အိပ်ခန်းထဲဝင်စဉ် မှန်ရှေ့မှာ ရပ်လိုက်မိသည်။

ဒီလို တလက်လက်တောက်ပနေတဲ့ မျက်လုံးမျိုး၊ ဒီလို မနို့တရှုံ့ပြုံးတတ်တဲ့နှုတ်ခမ်းမျိုးနဲ့ ဒီလိုမြင့်မားသွယ်လျတဲ့ အရပ် အမောင်းမျိုးကို ရှင် ရင်မခုန်တတ်ရင်တော့ တို့တစ်ခုခုကြံစည် ရမှာပေါ့ ယူရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဒေါက်တာဘုန်းသင်္ဂါတဲ့"

Round လှည့်ပြီး ပြန်လာရာမှ သူ့အမည်ခေါ်သံကြောင့် ခြေလှမ်းကို သွက်သွက်လှမ်းလိုက်ရပါ၏။ ဒီလို By name တပ်ပြီးခေါ်တာ ဆေးရုံအုပ်ကြီးပဲ ရှိတာမဟုတ်လား။ ဘာများ အရေးတကြီးရှိလို့များလဲ။

"ဟော! လာပါပြီ၊ အဲဒါ ဒေါက်တာဘုန်းသင်္ဂါပါပဲ"

"ဘာများလဲ ဆရာကြီး"

"မောင်ရင့်အတွက် Percel ရောက်နေလို့"

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ် ဆရာဝန်ကြီးရဲ့ရုံးခန်းထဲကိုမှ ဒီပါဆယ်က လာပို့ရတာပါလိမ့်။ ဝန်ထမ်းလူငယ်က ဖြတ်ပိုင်းစာအုပ်မှာ လက်မှတ်ထိုးခိုင်းနေပြီမို့ ဘာမှန်းညာမှန်းမသိဘဲ သူလက်မှတ်ထိုးလိုက်ရလေ၏။ ဘူးက ခပ်ရှည်ရှည်ဖြစ်ပြီး ဖဲကြိုးအနီရောင်ဖြင့် လှလှပပလေး စည်းနှောင်ထားလေသည်။

"ကျွန်တော့်ကိုခွင့်ပြုပါဦး ဆရာကြီး"

"ကောင်းပြီ"

ပါဆယ်ဘူးကိုယူလျက် နားနေခန်းသို့ သူလှမ်းလျှောက်ခဲ့ရင်း စဉ်းစားမိသည်။ ဘာများပါလိမ့်။ ပေးပို့သူနေရာမှာ ဘာမှရှိမနေဘဲ K ဟူသည့်စာလုံးကိုသာ ခပ်တိုတိုရေးထားလေ၏။

"ဘာများလဲ ဒေါက်တာ"

"မသိဘူး ကလျာရဲ့"

"ရုံးခန်းထဲမှာ ဒေါက်တာနေမျိုး ရောက်နေပါပြီ ဒေါက်တာ"

"ဟုတ်လား. . . ကျေးဇူးပဲ ကလျာ"

Nurse မိုးကလျာကို ခေါင်းညိတ်ပြုံးပြလိုက်ပြီး ရုံးခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်ပါ၏။ နေမျိုးက Duty coat ကိုချိတ်လိုက်ပြီးမှ ခုံမှာဝင်ထိုင်လိုက်လေသည်။ အခုပဲ Operation





ခန်းက ထွက်လာတာကိုး။ နေမျိုးနှင့်ဝေမိုးက အထွေထွေအထူးကုဖြစ်ပြီး စန္ဒာကတော့ ကလေးအထူးကုဖြစ်ပါ၏။

"ဘာကြီးလဲကွ"

"ငါလည်းသိချင်နေတာ"

"ဖွင့်လိုက်လေ၊ ဗုံးဖြစ်နေတော့လည်း ပွဲသိမ်းသွားတာပေါ့"

နေမျိုး နောက်တာကြောင့် သူရယ်လိုက်ပြီး ဘူးရှည်ကို စားပွဲပေါ်တင်လိုက်ပါ၏။ အနည်းငယ် လေးတာမို့ ပစ္စည်းတစ်ခုမှန်း သူမှန်းဆမိပြီး Packing Paper တို့ခွာကာ ဘူးကိုဖွင့်လိုက်မိစဉ် အံ့ဩသွားရလေသည်။

"ဟော! "

Bat (ဘက်တံ)ဖြစ်နေပါရောလား။ မြန်မာပြည်ထုတ် မဟုတ်ဘဲ နိုင်ငံခြားက ထုတ်ထားသည့်တံဆိပ်ကိုဖတ်ပြီး သူ လက်ဆလိုက်စဉ် နေမျိုးထံမှ မေးခွန်းထွက်လာတော့၏။

"ဘယ်သူလာပို့တာလဲ"

"မသိဘူး"

"ဟ! ဘယ်သူမှန်းမသိဘဲ လက်ခံလိုက်ရလား"

"ဆေးရုံအုပ်ကြီးရှေ့မှာ စကားရှည်နေလို့ ဘယ်ဖြစ်မ



www.burmeseclassic.com

www.burmeseclassic.com



မလဲကွ''

''ဘာနာမည်မှမပါဘူးလား''

''ပါတယ်''

''ဘာတဲ့လဲ''

''K...တဲ့''

''ကောင်းကွာ၊ မင်းဘော်ဒါတွေထဲက ဘယ်သူဖြစ်နိုင်လဲ၊ စဉ်းစားဦး''

သူ စုတ်သပ်လိုက်မိလေ၏။ သူငယ်ချင်းဆိုလို့ ဒီဘော်ဒါတွေပဲရှိတာကိုများ ဘယ်သူ့ကိုထည့်စဉ်းစားရမှာတဲ့လဲ။ အချိန်မရတဲ့လူကို ဦးနှောက်စားနိုင်းတဲ့အလုပ်လောက် စိတ်ပျက်စရာမရှိတော့ပါလေ။

''မသိဘူးကွာ''

''မင်း ခုတလောတွေ့တဲ့ Lady တွေထဲကရော''

သူအံ့သြသွားရပါ၏။ နေပါဦး, ခုတလောတွေ့ခဲ့တာဆိုလို့ 'ပန်းနုနေခြည်' တစ်ယောက်သာ ရှိသေးတာလေ။ ဟုတ်သားပဲ၊ ဘာမှမကြာလိုက်သေးတဲ့ ကာလအပိုင်းအခြားလေးမှာ သူမဘက်က စပြီးများ လှုပ်ရှားပြီလား။

ဟိုတလောလေးကမှ သိမ်းထားတဲ့ သူမရဲ့ Visiting





card လေးက ဒီလ သူသုံးနေသည့် Note book သေးသေးလေးထဲမှာ ငြိမ်သက်စွာ ရှိနေတုန်းပါပဲ။ ဘယ်လိုလဲ, သူ့ဘက်ကဘာမှ Signal မပြသေးခင် သူမဘက်က ပြချေပြီလား။

''ဟုတ်မယ်ထင်တယ်''

''ဘယ်သူလဲ''

''ပန်းနုနေခြည်''

''ငါ့ကောင်တော့ Lucky ပဲဟေ့၊ မာနခဲရဲ့လက်နက်ချသံက ဒေါက်တာဘုန်းသဂ်ရေ့မှာတဲ့။ အံ့ပါ့ကွာ''

''နေပါဦးကွာ၊ ဘာသဘောနဲ့ပေးမှန်းမသိဘဲ စွတ်ပြောမနေနဲ့''

''မှန်တာပြောတာပဲလေကွာ၊ သေချာချင်ရင် သူ့ Hand Phone ကိုဆက်ကြည့်လိုက်''

''ကျွစ်! အလုပ်မရှိအလုပ်ရှာ''

သူက ဘက်တံကို ဘူးထဲပြန်ထည့်ကာ အံဆွဲထဲ ထည့်သိမ်းလိုက်ပါ၏။ 'ပန်းနုနေခြည်' တဲ့။ မာနခပ်ကြီးကြီး ထီမထင်ဟန်နဲ့မိန်းမတစ်ယောက်ကို သူတွေ့ဖြစ်ခဲ့ပါလျက် မှတ်မှတ်ရရ သိပ်မရှိခဲ့ပါ။ ဒက်ဒီ့သဘောကျ သွားတွေ့ခဲ့ရပေမယ့် ခါတိုင်းလိုပဲ ခဏတာမျှသာ စကားပြောပြီး ပြန်ခဲ့ဖြစ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ထူးတော့ထူးခြားပါ၏။ အရင်မိန်းကလေးတွေတုန်းကတော့ ဒီလိုပဲ အီလည်လည်နှင့် ဇာတ်သိမ်းခဲ့တာမျိုးဖြစ်ပြီး ဒီတစ်ယောက်ကတော့ဖြင့် ထိုသို့မဟုတ်ပြီ။ ဖျတ်ခနဲထရပ်ပြီး Visiting card ကို လက်ကြားမှာ ဟန်ပါပါညှပ်၍ ပေးလိုက်ပုံလေးက အတော်လေး Style ကျလှပါ၏။

အရပ်အမောင်းလည်း အတော်အသင့်မြင့်မားသည့် မိန်းကလေးမျိုးပင်။ ခက်တာက သူက ယောကျ်ားတွေနဲ့ရင်ပေါင်တန်းပြီး စီးပွားရှာတတ်သည့်မိန်းမမျိုးကို သဘောမကျလှပါ။ ရိုးရိုးအေးအေးလေးနှင့် သူ့ကိုအားကိုးရှိသေသည့်မိန်းမမျိုးကိုသာ လက်ထပ်ချင်တာမို့ အခက်ပါလေ။

''သိပ်ဦးနှောက်ခြောက်မနေနဲ့ ငါပြောတဲ့အတိုင်း လုပ်လိုက်ပါဆို''

''မဆက်ပါဘူးကွာ၊ တော်ကြာ မဟုတ်မှ ငါ့ကို ဇာတ်လမ်းထွင်တယ်လို့ ထင်သွားရင် သေပြီပဲ''

''အသက်နဲ့အဝေးကြီးပါ သင်္ဂါရာ''

''အသက်မသေပေမယ့် ဘဝသေမှာစိုးလို့ နေမျိုးရေ့၊ တော်ပြီ. . . မင်းနဲ့အရည်မရအဖတ်မရကိစ္စတွေ မဆွေးနွေးချင်ဘူး။ ညနေကျရင် ဒက်ဒီတို့နဲ့ Meeting ထိုင်ရဦးမှာ''





''Case က''

''ဘာရှိမလဲ၊ ပန်းနုနေခြည် Operation ပေါ့''

နေမျိုး၏ဟားတိုက်ရယ်သံက သူ့ရင်ထဲမှာ ကလိကလိဖြစ်စေလေ၏။ ဘယ်တတ်နိုင်ပါ့မလဲ၊ အခုတလောလေးမှာ အင်တိုက်အားတိုက် တွန်းအားပေးနေသည့် သူ့အိမ်ထောင်ရေးကိစ္စအတွက် မိဘတွေနဲ့ အချိန်ပေးဆွေးနွေးနေရတာလေ။ လူကြီးတွေစကားကို မြေဝယ်မကျ နားထောင်ခဲ့တဲ့သူ့အတွက် ဤကိစ္စကြီးကတော့ ပြဿနာတစ်ရပ်ပါပဲ။

ညနေ duty ပြီး အိမ်ပြန်တော့ သူ့ဘေးမှာ ပါလာသည့်ဘူးကြီးက စိတ်ကသိကအောင့်ဖြစ်စေပါ၏။ သူ Tennis ဝါသနာပါတာကို ဘယ်လိုများသိသွားတာပါလိမ့်။ သေချာတာကတော့ သူ့အနီးမှာ Spy တစ်ဦးဦးတော့ ရှိမှာပါလေ။

ကားကို ခြံထဲကွေ့ဝင်လိုက်စဉ် သူ့မာမီ (ဒေါ်သီဂီ)က အိမ်ဝမှာ ရပ်ကြိုနေလေ၏။ အခုမှ မူကြိုကျောင်းကပြန်လာတဲ့ ယောဘဝကို ပြန်သတိရလိုက်သလိုဖြစ်သွားတာမို့ သူပြုံးလိုက်မိပါသည်။

''အမယ်. ပြုံးလာပုံထောက်ရင်တော့ မာမီ့သားမရိုးဘူးဘဲ''



www.burmeseclassic.com

www.burmeseclassic.com



''ကြုံကြုံဖန်ဖန် မာမီရယ်''

''အဲဒါက ဘာကြီးတုန်း''

''သူများပို့လိုက်တဲ့ Bat မာမီရေ့''

''ဟောတော်! ဘယ်သူပို့တာများလဲ သားရဲ့''

''ဒါတော့ မာမီတို့အသိဆုံးဖြစ်မှာပေါ့၊ ဒီစစ်ဆင်ရေးကို မာမီတို့ပဲ စဖန်တီးခဲ့တာလေ''

''အလိုတော်! စွပ်စွဲချက်က ကြီးပါ့၊ ကိုယ့်အလုပ်နဲ့ကိုယ် တောင် မအားလပ်တဲ့လူကို ဘာများသံသယဝင်နေတာလဲ ဒေါက် တာဘုန်းသင်္ဂါ။ အမိန့်ရှိပါဦးရှင့်''

''ဒီမှာလေ၊ ဒါကိုမြင်ရင်တော့ မာမီသိလောက်ရောပေါ့''

သူက ဘူးထဲမှ Bat ကိုထုတ်၍ မာမီ့လက်ထဲသို့ ထည့် ပေးလိုက်ချိန်ထိ မာမီ့မျက်နှာက ဇဝေဇဝါပါလေ။ ဒါဖြင့် တရားခံ က ဒက်ဒီများလား။

''ဒါက''

''တစ်စုံတစ်ယောက်ဆီက ရောက်လာတဲ့ပစ္စည်း''

''အဲဒါနဲ့ နေခြည်လို့ တစ်ခါတည်းတွက်လိုက်တာပဲလား သားရဲ့''

''ဘော်ဒါတွေဆို ကိုယ်တိုင်ပေးမှာပေါ့ မာမီ၊ ဒီလိုဝန်





ဆောင်မှုမျိုးနဲ့ ပို့စရာမှမလိုတဲ့ဟာ။ သူမှသူပဲ၊ သေချာတယ်''

''ဒါဖြင့် သားက မာမီ့ကို သံသယဝင်တယ်ပေါ့။ သား ဝါသနာကို တစ်နည်းနည်းနဲ့ သူ့ကိုအသိပေးတယ်လို့ ထင်နေ တာလား''

''ဒါပဲလေ၊ မာမီမဟုတ်ရင် ဒက်ဒီပေါ့''

''No! no!...ဒါတော့မှားပြီ၊ သားတို့လူငယ်ချင်း ဆက် နွှယ်ရမယ့်ကိစ္စမှာ မာမီတို့ကြားဝင်မရှုပ်ဘူး။ ဒီကိစ္စက မဖြစ်မနေ လုပ်ကို့လုပ်ရမယ့်အရာမှမဟုတ်ဘဲ ဘုန်းသင်္ဂါ''

''ဒါတော့ ဒက်ဒီလာရင် အဖြေပေါ်လိမ့်မယ်မာမီ။ ကျွန် တော် ရေချိုးတော့မယ်''

သူစကားဖြတ်လိုက်ပြီး အိမ်ပေါ်တက်ခဲ့ပါ၏။ လူတိုင်း အတွက်တော့ ဒါက မဖြစ်စလောက်အရာတစ်ခုပါပဲ၊ လက်ဆောင် ရတယ်၊ လက်ခံတယ်၊ ပေါ့ပေါ့လေးပါလေ။ သို့သော် သူ့ဝါသနာ ကို ထဲထဲဝင်ဝင်သိအောင် လုပ်နိုင်တဲ့သူမအတွက် စဉ်းစားရမယ့် ကိစ္စကတော့ သူ့အတွက် အလေးကြီးပါပဲ။

''ဘယ်လိုလဲကွ ဘုန်းသင်္ဂါ၊ ထူးထူးဆန်းဆန်းလက် ဆောင်တစ်ခုရတာနဲ့ ဒက်ဒီတို့ကို Spy ထင်နေတယ်ဆို''

ထမင်းစားခန်းကို ဆင်းလာသည်နှင့် ဒက်ဒီ့အမေးက



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို ရှုံ့တွသွားစေပါ၏။ သူကတော့ ပြဿနာအကြီးကြီး စမိပြီထင်ပါရဲ့။

''ဒက်ဒီက မဟုတ်ဘူးလို့ ကြိုကာထားတာပေါ့လေ''

''ဟာ! ဟုတ်မှမဟုတ်တဲ့ဟာ၊ မြတ်ဘုန်းတို့ဘဝမှာ ရိုက်ချင်ရင် ရှေ့တည့်တည့်ကိုပဲ ရိုက်တယ်မောင်။ နောက်ကျောက ချောင်းရိုက်တာ မိန်းမလျာတွေရဲ့လုပ်ရပ်ကွ''

''ဒက်ဒီကလည်းဗျာ၊ ဒါလေးထင်မိတာကို အကျယ်ချဲ့ ပြောနေပြန်ပါပြီ''

''ပြောရမှာပေါ့၊ မိသားစုထဲ ဒီကိစ္စဖြစ်လာတာ ကောင်းမလား''

''သေချာပြီ, ကို၊ သီဂီထင်တာ မှန်နေပြီလို့''

''ဘာကိုလဲ''

''သမီးနေခြည်ဘက်က မီးစိမ်းပြပြီလို့လေ''

''ဟာဗျာ. . . မာမီ့စကားက''

''ဒါပဲရှိတာပေါ့သားရဲ့၊ မာမီ လူကဲခတ်မညံ့ပါဘူး''

''မာမီရွေးနေတဲ့စိန်တွေလိုမျိုး လူတွေကို မမြင်နဲ့လေ မာမီရာ''

''ဩော်, ဘယ့်နှယ်. . . တော်ရုံစိတ်ဝင်စားမှုလောက်





နဲ့တော့ ဒီလိုရှေ့ခြေတစ်လှမ်း မတိုးဘူးသင်္ဂါရေ့။ မာမီက မြွေမြွေချင်း ခြေမြင်တတ်ပါတယ်။ ကဲပါလေ, သားသေချာချင်ရင် ဒီညတော့ သူ့ဆီ Phone ခေါ်ပြီး အေးအေးဆေးဆေးစကား ပြောကြည့်လိုက်။ OK...သွားလိမ့်မယ်''

''ဟုတ်တယ်၊ ဘာမှအများကြီးပြောစရာမလိုဘူး သား။ လက်ဆောင်ပို့လိုက်သလားဆိုတာလောက်နဲ့ပဲ ပြောဖြစ်သွားလိမ့်မယ်။ ကြိုးစားကြည့်''

စားလက်စထမင်းပင် လျှာပေါ်မှာ အရသာပေါ့သွားသလိုနှယ်။ ကဲ! စမှာတော့ ဆက်ရန်ရှိသည်ပေါ့။ နေမျိုးတစ်ကောင်တော့ ဒီကိစ္စကိုသာသိရင် ထပ်လျှောင်လိုက်မယ့်ဖြစ်ခြင်း။ ဟုတ်တယ်လေ, သူ့မှာ မိန်းကလေးကိစ္စကိုတော် မိဘတိုက်တွန်းမှ လိုက်လုပ်သလို ဖြစ်နေရတာကိုး။

ညဘက်ရောက်တော့ ကုတင်ထက်ထိုင်ရင်း စားပွဲထက် Penstand ထဲ စီထည့်ထားသည့် ကတ်တွေကြားထဲမှ ကတ်အဖြူလေးကို သူဆွဲထုတ်လိုက်ရင်း ခပ်ငိုင်ငိုင်ဖြစ်နေတာ အသေအချာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ရေချိုးခန်းထဲမှ ခေါင်းသုတ်ရင်း ထွက်လာစဉ် စားပွဲထက်ရှိ Phone က ထမြည်လေ၏၊ နံရံထက်မှာ ချိတ်ထားသည့်နာရီကိုကြည့်တော့ (၈)နာရီကျော်နေလေပြီ၊ မိုးချုပ်ပြီမှန်းသိပေမယ့် သူမက ခေါင်းတအားရှုပ်လာရင် ဒီလိုပဲ ညမိုးချုပ်ကြီးခေါင်းလျှော်ကျင့်ရှိတာကို။

Phone သံက နှစ်ခါရှိပြီမို့ Phone ကို ကောက်ကိုင်ပြီး နံပါတ်ကြည့်လိုက်စဉ် အာမေဋိတ်သံ ထွက်သွားမိလေ၏။ အို! တယ်ထူးပါလား၊ ဒီနံပါတ်ကို သူမရင်ခုန်စွာ စောင့်မျှော်နေမိတာ ဘယ်သူတွေ သိမှာတဲ့လဲ၊ မင်္ဂလာပါ ဒေါက်တာဘုန်းသင်္ဂါ။



www.burmeseclassic.com

www.burmeseclassic.com



''ဟဲလို''

''Sorry!...အလုပ်များနေလားမသိဘူး။ ကျွန်တော် Phone ခေါ်လိုက်တာ''

''ရပါတယ် တို့ အခုပဲ bathroom ထဲက ထွက်လာလို့။ ဟပ်ချိုး!. . . sorry....နော်, ယူ''

နှာချေလိုက်တာမို့ Phone ကို ခပ်ဝေးဝေးမှာ ခဏဖယ်ထားလိုက်မိ၏။ ဩော်, အရေးထဲမှာ ဒီအအေးက လာမိရတယ်လို့။

''ပြောလေ, ယူ''

''ကြည့်ရတာ ညဘက်ကြီး ခေါင်းလောင်းချိုးပြန်ပြီထင်တယ်''

''အဟင်း. . . ဟုတ်တယ်၊ ခေါင်းတွေ တအားရှုပ်လို့''

''မိုးချုပ်နေပြီလေ၊ သတိထားမှပေါ့။ တော်ကြာ နေထိုင်မကောင်းဖြစ်နေဦးမယ်''

ရင်ထဲမှာ သိမ့်ခနဲနွေးသွားပါ၏။ ကြင်နာမှုဆိုတာ ဒါမျိုးကို ခေါ်တာပဲထင်ပါရဲ့။ ဆရာဝန်တစ်ယောက်ရဲ့ ကရုဏာသံဆိုတာထက် သူ့လေသံထဲမှာ နွေးထွေးရင်းနှီးတဲ့အငွေ့အသက်ကမျောပါစီးဆင်းနေတာလေ။ Thanks ပါ ယူရယ်။





''ပြုံးနေပြီလား''

''ဘာဖြစ်လို့လဲ''

''ဆရာဝန်ပီပီ ဆရာလုပ်တယ်ဆိုပြီးတော့လေ''

''မပြုံးပါဘူး ယူရဲ့၊ တို့က အဲဒီလိုပဲ ထင်ရာစွတ်လုပ်တတ်လို့ ပါပါတို့မာမာတို့ အမြဲဆူတာကို ခံရတာ''

''ဒါဖြင့် တော်တော်ဆိုးတယ်လို့ ဝန်ခံတာပေါ့လေ''

''ဘယ်မှာဆိုးလို့လဲ၊ မဆိုးပါဘူးနော်''

ချွဲသလိုများ ဖြစ်သွားပြီလား။ ဒီလိုချွဲချွဲနွဲ့နွဲ့ပြောတာကိုမိမှုးသာ လုပ်တတ်တာလေ။ သူမအသက်အရွယ်နဲ့ ဒီအပြုအမူက ကလက်တက်တက်များ ဖြစ်သွားစေပြီလား။ ရှက်စရာပါလားနော်။

''ဒါဖြင့် Dinner မစားရသေးဘူးပေါ့''

''အင်း, တို့က ညစာ စားဖြစ်ချင်မှစားတယ် ယူရဲ့''

''ဘာလို့လဲ''

''ဝမှာထက် ဗိုက်ပူမှာစိုးလို့''

''အလုပ်ပျက်မှာထက် အစာအိမ်ဖြစ်မှာကို ပိုစိုးရိမ်ရတယ် ပန်းနုနေခြည်ရဲ့''

ဟော! စခေါ်ပါပြီ ဒီနာမည်၊ တခြားလူတွေခေါ်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



သတိမထားခဲ့မိပေမယ့် သူခေါ်တဲ့အသံကတော့ သူမနားထဲမှာ ချိုနေတာလေ။ တို့တော့ ရူးခါနီးပြီထင်ပါရဲ့ ယူရယ်။

"ဒါကြောင့် မာမာက တို့ကိုခေါင်းမာတယ်လို့ ပြောတာ ပေါ့ ယူရဲ့"

"ဒီလောက်ဆို သဘောပေါက်တယ်၊ အဝတ်အစားမြန် မြန်လဲတော့လေ။ တော်ကြာ အအေးမိသွားဦးမယ်"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

"အရင်ဝတ်လိုက်ပါ"

"ဒီမှာ Phone ပြောနေတာကို, ယူကလည်း"

"ခဏနေမှ ကျွန်တော် ပြန်ခေါ်လိုက်မယ်လေ။ နော်"

ကဲ. ပြောကိုမပြောချင်တော့ဘူး။ စကားအမျှင်မပြတ် ချင်ပါဘူးဆိုမှ သူ့ဘက်က Phone ချသွားပြီလေ။ ဒေါသဖြစ် လိုက်တာ။ သူနဲ့ Phone ပြောတုန်း ဒီနာက ထချေရတယ်လို့။

ရေခြောက်အောင်သုတ်ပြီး အဝတ်လဲတာကို ခါတိုင်း ထက် အမြန်ဆုံးလုပ်လိုက်မိပါသည်။ နင်တော့သွားပြီ ပင်ကို လောကမှာ အဓိပ္ပာယ်မရှိတဲ့အလုပ်ကို ပထမဦးဆုံးလုပ်နေတာ ကိုး။ မာမာသာ မြင်ရင်တော့ အံ့ဩလိုက်မယ့်ဖြစ်ခြင်း။

ညအိပ်ဝတ်စုံ Pajamas ကိုဝတ်လိုက်ပြီး အိပ်ရာပေါ်





ကန့်လန့်ဖြတ် မှောက်ခုံလှလိုက်စဉ် Phone သံထပ်မြည်လာတာ မို့ တစ်ယောက်တည်း ကျိတ်ရယ်လိုက်မိ၏။ အလို! အသက် အစိတ်အရွယ် အမျိုးသမီးလေးက မြီးကောင်ပေါက်လေးလို ပေါ့ ပါးသွက်လက်တဲ့စိတ်မျိုး ဖြစ်နေတာကိုး။

"ပြော"

"အင်္ကျီလဲပြီးပြီလား"

"Yes! "

"ကော်ဖီပူပူလေး သောက်လိုက်ဦးနော်။ တော်ကြာ ဆေးသောက်နေရဦးမယ်"

"တို့က ဆေးမကြောက်တဲ့လူပါ ယူရဲ့။ No problem "

"ထင်ပါတယ်၊ ဒီလောက်ခေါင်းမာတယ်ဝန်ခံထားမှပဲ"

နှစ်ယောက်သား တီးတိုးရယ်ဖြစ်လေ၏။ အမယ်! ဒီလို ကျတော့ သူမနဲ့သူက သမီးရည်းစားလိုလိုဘာလိုလို Phone ပြောပြီး ကြည်နူးနေတာလေ။ အလိုလေး. . . ပန်းနုနေခြည်တော့ အိပ်မက်တွေ စမက်ပြီထင်ပါရဲ့။

"မေ့တော့မလို့ ပြောစရာရှိလို့ Phone ခေါ်လိုက်တာ"

"အင်း. ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



''လိုရင်းမရောက်တဲ့ မင်းနှာခေါင်းနဲ့ စကားတော်တော်များသွားပြီ။ ကျွန်တော် ဒီလောက်အများကြီးပြောဖူးတာမဟုတ်ဘူး''

''အင်း''

''ဟိုလေ, ကျွန်တော် ဒီနေ့ လက်ဆောင်တစ်ခုရလို့ အဲဒါ''

နှလုံးသားက တဒိတ်ဒိတ်ခုန်ပေါက်လာတော့၏။ ဤသည်ပင် အချစ်ဟုခေါ်တွင်လေသလား။ ဒီယောကျ်ားတစ်ယောက်ကို ဒီလိုရင်ခုန်မှုမျိုးနဲ့ တစစချစ်စိတ်ဝင်လာလိမ့်မယ်လို့ သူမတစ်ခါမှမတွေးခဲ့ဖူးတာ အမှန်ပါလေ။ ကြည့်စမ်း! သူ့အတွက် လက်ဆောင်ပို့တာကို သူမမှန်း သူ ဒက်ခနဲသိလိုက်တာ အံ့ဩစရာမကောင်းပေဘူးလား။

''ဟုတ်တယ်, တို့ပို့ပေးလိုက်တာပါ ယူ''

''ကျွန်တော် Tennis ရိုက်မှန်း ဘယ်လိုသိလဲ''

''ဒီလိုပဲ စုံစမ်းရတာပေါ့ ယူရဲ့''

''တော်တော်မှအချိန်ယူလိုက်ရလား''

''No!''

''ဘာစိတ်ကူးရလို့လဲ''





''အင်း, အမှတ်တရလည်းဖြစ်ရမယ်၊ ယူ့အတွက်လည်း အသုံးဝင်တာမျိုးဆိုပြီး စဉ်းစားတော့ အဲဒါဖြစ်သွားတာပဲ။ ဘာဖြစ်လို့လဲ, မကြိုက်လို့လား''

''မဟုတ်ပါဘူး၊ အချိန်မရှိတဲ့လူဆီက ဒါမျိုးလက်ဆောင်ရလို့ အံ့ဩနေတာ''

အသံတိတ်သွားပါ၏။ Phone မချသေးမှန်း စိတ်ကသိနေသလိုလို သူ့အသက်ရှူသံသဲ့သဲ့ကို ကြားနေရတာကိုက သူမစိတ်ထဲမှာ တစ်မျိုးလေးဖြစ်စေလေ၏။ တို့ရင်တွေ ခုန်နေတာကို ယူ ကြားများကြားပါလေစကွယ်။

''နောက်ကိုမပို့ပါနဲ့ ပန်းနုနေခြည်''

''ဘယ်လောက်များ အဖိုးတန်လို့လဲ ယူရယ်။ တို့က မိတ်ဆွေလိုသဘောထားမျိုးနဲ့ ဘာရယ်မဟုတ် ပို့လိုက်တာမျိုးပါ။ ယုံပါ ယူ. . . တို့ဘက်က မျှော်လင့်ချက်တစ်မျိုးနဲ့ ရည်ရွယ်ပြီး ဒါကိုလုပ်ခဲ့တာမဟုတ်ရပါဘူး''

''ကျွန်တော် မစွပ်စွဲဝံ့ပါဘူးဗျာ။ အားနာမိလို့ပါ''

''ဒါဖြင့် ယူ့အတွက် ဝန်ထုပ်ဝန်ပိုးများ ဖြစ်စေလို့လား ခင်''

''မဟုတ်တာ. . . မဖြစ်ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့"

နာရီကိုကြည့်မိတော့ နာရီဝက်ပင် ကျော်နေလေပြီ။ ခါတိုင်းဆိုရင်တော့ ဒီမိနစ်သုံးဆယ်အချိန်မှာ သိန်းရာချီတဲ့အလုပ်ကိစ္စကို ဆွေးနွေးပြောဆိုဖြစ်မှာမို့ ဒီလိုအလဟဿအချိန်ဖြုန်းတာမျိုး သူမ လုပ်ဖြစ်မှာမဟုတ်ပါလေ။ အခုတော့ ခြွင်းချက်ပေါ့နော်။

"ဟောဗျာ! ကျွန်တော်တို့ပြောနေတာ နာရီဝက်ရှိနေပြီ"

ကြည့်စမ်း!. . . ဘယ်လောက်များ အတွေးတိုက်ဆိုင်ပါသလဲ။ ယူ ဘယ်လိုစဉ်းစားထားလဲ ကိုဘုန်းသင်္ဂါ။ တို့ကတော့ တို့ရဲ့ဖူးစာဖက် လက်တွဲဖော်ဟာ ယူပဲလို့ တရားသေ သတ်မှတ်လိုက်ပြီလေ။

"တစ်ခါတလေပဲဟာ၊ ရပါတယ်"

"နောက်ထပ် ဘာတွေစုံစမ်းချင်သေးလဲ"

"ဘာကိုလဲ"

"ကျွန်တော်နဲ့ပတ်သက်ပြီးတော့လေ"

"သိချင်တာတွေ အများကြီးရှိသေးတာပေါ့"

"ဘာသိချင်တာလဲ"

"ယူက ပြောမှာမို့လို့လား"

"ကာယကံရှင်ကို တိုက်ရိုက်မေးရင်တော့ မင်းအတွက်





အချိန်ကုန်သက်သာတာပေါ့ ပန်းနုနေခြည်ရဲ့။ မဟုတ်ဘူးလား"

ဘယ်ဆိုးလို့လဲ၊ အဝင်အထွက်က ညက်ညောပါ့။ သူမဖွင့်ပေးလိုက်တဲ့ မီးစိမ်းအတိုင်း ခပ်မှန်မှန် သူဝင်လာတာကိုး။

"တကယ်ပြောမှာလား"

သူရယ်လေ၏။ ကြည့်စမ်း! လူကိုများ ဘာမှ မသိနားမလည်သေးတဲ့ကလေးလို လှောင်စရာလားလို့ စိတ်က ချက်ချင်းတိုချင်လာချေပြီ။

"ယူနော်"

"မေးပါ, ရပါတယ်"

"ယူ ဘာကြိုက်တတ်သလဲ"

"အား. . . အဲဒီမေးခွန်းက အားလုံးကိုညွှန်းတဲ့မေးခွန်းအကြီးကြီးကွ"

"ဟုတ်တယ်လေ"

"ဘာကိုဆိုလိုတာလဲ၊ ဥပမာ– Colour, fruit, material (အရောင်၊ အသီး၊ ပစ္စည်း) ဘာကိုသိချင်တာလဲ ပြောမှပေါ့"

"အကုန်"

"အားပါးပါး! လောဘကြီးလှချည်လား"

"ယူပဲပြောမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



မရည်ရွယ်ပါဘဲ ပြောဖြစ်သည့် ရင်းရင်းနှီးနှီးအဖြစ်ရယ်ပါ။ နှစ်ယောက်သား ကြည်နူးစွာရယ်မောခြင်းကလည်း နွေးနွေးထွေးထွေး။ အိုလေ!. . . သူမကမ္ဘာကြီးက အခုမှ လှပစွာ ခမ်းနားနေတာ အမှန်ပါပဲလား။

"တစ်ခုချင်းမေးရင် ပြောမယ်လေ"

"ဒါဖြင့် အရောင်"

"White"

"အသီး"

"Apple"

"အရွက်"

"ချဉ်ပေါင်"

"ဟင်းဟင်း. . . ပစ္စည်းကရော"

"သက်ရှိလား. . . သက်မဲ့လား"

"နှစ်ခုစလုံး"

"သက်မဲ့ကတော့ စာအုပ်ပါ"

"သက်ရှိကရော"

"ကျွန်တော်က ကိုယ်နဲ့ရင်ပေါင်တန်း စီးပွားရှာတတ်တဲ့ မာနခပ်ကြီးကြီးမိန်းကလေးမျိုးကို သဘောမကျဘူး"





"ဒါဖြင့် ဘယ်လိုမျိုး သဘောကျတာလဲ ယုု"

"ကိုယ့်ကိုအားကိုး ရိုကျိုးပြီး ကိုယ့်စကားကို နာခံတတ်မယ့် ရိုးရိုးအေးအေးမိန်းကလေးမျိုးကိုပဲ သဘောကျပါတယ်။ နားလည်မှုပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့"

သူမ နှုတ်ဆိတ်သွားရလေတော့၏။ အာရုံထဲမှာ ပေါ်လာသည့်မိဖုးမျက်နှာကြောင့် မျက်လုံးကိုစုံမှိတ်ထားလိုက်ရလေ၏။ ကြည့်စမ်း! သူသဘောကျတယ်ဆိုတဲ့မိန်းကလေးမျိုးက မိဖုးနဲ့မှ အံဝင်ခွင်ကျဖြစ်နေရတယ်လို့၊ မဖြစ်ရဘူးနော်၊ တို့ဘက်က ပြင်သင့်တာပြင်၊ ညှိသင့်တာညှိပြီး နားလည်မှုကိုယ်စီနဲ့ ဘဝလမ်းကို ဆက်လျှောက်ပါရစေလား ကိုဘုန်းသင်္ဂါ။

ယုု့ကို တို့ချစ်မိသွားလို့ပါကွယ်. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဒီအဆင့်ထိ ဖြစ်လာမယ်လို့ကို ထင်မထားတာ"

"ဟုတ်ပါရဲ့၊ နှစ်ယောက်စလုံးကလည်း ချေးက ခပ်များများရယ်"

"အိမ်ကသားတော်မောင်က ပိုဆိုးတာပေါ့ နုနုရဲ့"

"နုသမီးလည်း မထူးပါဘူး မမသီဂီရယ်၊ ထူးမခြားနားချင်း အခုလိုဖြစ်သွားတာ"

ရယ်သံက အုန်းအုန်းကျွက်ကျွက်။ နှစ်ယောက်သားသားချင်းယှဉ်ကပ်ထိုင်လျက် ပြုံးလိုက်မိကြ၏။ ဦးမိုးထက်နှင့်ဒေါ်နုထွေးငယ်တို့က တစ်ခုံ၊ ဦးမြတ်ဘုန်းနှင့် ဒေါ်သီဂီက တစ်ခုံ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လမ်းထဲမှ မိတ်ဆွေအနည်းငယ်နှင့် အကျဉ်းချုံးကျင်းပသည့် စေ့စပ်ပွဲက အထမြောက်ပေပြီ။

သူငယ်ချင်းတွေကတော့ သတင်းစာထဲ ပါတာမြင်မှ ထအော်သောင်းကျန်းကြမှာအမှန်ပါ။ နှစ်ယောက်စလုံး အကျယ်ချဲ့တာကိုရော၊ အချိန်မရတာကြောင့်ပါ ဒီလိုပဲ လူအနည်းငယ်နဲ့သာ ဖြစ်မြောက်အောင် လုပ်ဖြစ်ခဲ့တာပါပင်။

ပန်းနုရောင်ကိုမှ နှစ်သက်သည့် သူမကိုယ်တိုင် သူ့သဘောကျ အဖြူစွတ်စွတ်ဝတ်စုံကို ဒီနေ့မှဝတ်ဖြစ်တာလေ။ လုံခြည်မဝတ်တတ်တာမို့ မာမာ ဆိုင်မှာအပ်ထားပေးသည့် စကတ်ရှည်နှင့် blouse ဖာဝတ်စုံလေးက ဝတ်လေ့ဝတ်ထမရှိသည့်သူမအတွက် အတော်လေး စိတ်ကသိကအောင့်ဖြစ်စေပါ၏။

သို့သော် စိတ်ကျေနပ်စရာအခြေအနေက ဤနေ့အတွက် အထိန်းအကွပ်မဲ့အောင် ရင်ခုန်စေတာမဟုတ်ပါလား။ ကြည့်ပါဦး. . . ရှပ်အင်္ကျီလက်ရှည်နဲ့ ပုဆိုးအနက်ကွက်လေး ဝတ်ထားတဲ့သူ့ကို ဒီပုံစံနဲ့ တစ်ကြိမ်မှမမြင်ဖူးတာမို့ ခဏခဏငေးမိရင်း ပြုံးနေမိတာလေ။

"အားလုံးပဲ သုံးဆောင်ကြပါဦး"

"Wedding က ဘယ်တော့လောက် လုပ်မလဲ ဦးမိုး





သက်ရဲ့"

"ဒါကတော့ ကလေးတွေပဲ ဆုံးဖြတ်ရွေးချယ်မှာဖြစ်လို့ ကျွန်တော်တို့က အဲဒီရက်ပဲ စောင့်ရမှာဗျ။ သိတယ်မဟုတ်လား၊ နှစ်ယောက်စလုံးကလည်း အလုပ်က ခပ်များများရယ်"

"ဟုတ်တာပေါ့"

လူတွေကြားထဲ ဒီလိုမျိုးထိုင်နေရတာလောက် စိတ်အိုက်ရောဖြစ်တာ မရှိတော့ပေ။ ထထွက်သွားချင်ပေမယ့် လူကြီးတွေမပြန်သေးတာမို့ သူ အောင့်အည်းသည်းခံနေရပါ၏။

"စိတ်ညစ်နေပြီလား"

အနားသို့ တိုးတိုးကပ်မေးလိုက်သည့်သူမကို ငဲ့ကြည့်ကာ ခေါင်းခါပြလိုက်မိပါ၏။ မကောင်းဘူးလေ၊ လူကြားထဲမှာ သူ့မှုရေးနားမလည်လို့ ဘယ်ဖြစ်ပါ့မလဲ။

"ခြံထဲမှာ လမ်းလျှောက်ချင်လား"

"နေပါစေ"

"ဘာဖြစ်လဲ ယူရဲ့၊ ဒီမှာ အရုပ်လိုထိုင်နေရတာ တို့လည်း ညောင်းလှပြီ"

"ဘယ်ကောင်းပါ့မလဲ"

"ဘာက မကောင်းတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်စောင်းဝင့်ကြည့်ကာပြောတာမို့ သူပြုံးလိုက်မိပါသည်။ အခြေအနေကို သူမသင့်သလို စီမံတတ်တာမို့ အလွန်တော်သည်ဟု မှတ်ချက်ချမိလေ၏။

''ဟင်, သွားမလား''

သူခေါင်းညိတ်ပြလိုက်စဉ် သူမက ဖျတ်ခနဲထရပ်လိုက်လေ၏။ လူကြီးတွေက ခုမှ သူတို့နှစ်ယောက်ကို သတိထားမိသွားပါသည်။

''ဟုတ်သားပဲ၊ ကလေးတွေ ညောင်းနေရောပေါ့။ ခေါ်သွား သမီး၊ ခြံထဲမှာ ခြေဆန့်လက်ဆန့်လေး နားကြဦး''

မာမာ့ခွင့်ပြုချက်ရသည်နှင့် သူမ ဦးဆောင်ရာနောက်သို့ သူလိုက်လာလေ၏။ ကဲ, သူနဲ့ရင်းနှီးပြီး လေးလအကြာမှာ ဒီလို နေ့မျိုးကို ရောက်ခဲ့တာလေ။ မာမာစိုက်ထားသည့်သစ်ခွရုံထဲသို့ သူနှင့်ယှဉ်ဝင်လာခဲ့သည်။ ပုဆိုးဝတ်လေ့ဝတ်ထမရှိ (သူမမြင်ဖူးတာလည်း ဖြစ်နိုင်ပါ၏။) သည့် သူကတော့ ပုဆိုးနှင့် သက်တောင့်သက်သာဖြစ်နေလေ၏။

သူမမှာသာ စကတ်ရှည်ကို မသိမသာ ခဏခဏဆွဲရှုနေမိကာ ကသိကအောင့်ဖြစ်နေရတာလေ။

''ဘာလေးတွေမှန်းမသိဘူး၊ အများကြီးပဲ''





သူက သစ်ခွအိုးတွေကို လှည့်ပတ်ကြည့်လျက် စကားစလေ၏။ ခုချိန်ထိ သူမတို့နှစ်ယောက် အသုံးအနှုန်းက တို့နဲ့ယူ၊ မင်းနဲ့ကျွန်တော် ဖြစ်တုန်းပါပဲ။ အခေါ်အဝေါ်တွေပြောင်းသင့်ပြီလို့ ယူမထင်ဘူးလားကွယ်။ တို့တွေ ဒီနေ့ပဲ စေ့စပ်ပွဲလုပ်ဖြစ်တာလေ။

''ပန်းနုနေခြည်''

''ဟင်''

''ကျွန်တော်တို့ တစ်ခုခုတော့ လုပ်သင့်တယ်မဟုတ်လား''

''ဟင်!''

အလန့်တကြား ဖြစ်သွားရပါ၏။ ဘာသဘောပါလိမ့်။ ပန်းရုံက အရိပ်ကျရသည့်ကြားထဲ သူ့စကားက အထူးအဆန်းမို့ ရင်ထဲမှာ ထိတ်သွားရတာလေ။

''ဪ, အထင်မမှားလိုက်နဲ့နော်။ ကျွန်တော်က ကျွန်တော်တို့ နာမည်ခေါ်ဝေါ်နေတာကို တစ်ခုခုပြောင်းသင့်ပြီလို့ ဆိုလိုတာပါ''

ကဲ! ပြောမပြောချင်တော့ပါဘူး။ စိတ်က တစ်မျိုးတွေး သိုက်မိတာကို ကိုယ့်လိပ်ပြာပင် ကိုယ်ရှက်သွားရလေ၏။ အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဒီလိုပဲ လူကိုကစဉ့်ကလျားဖြစ်စေတတ်သလားဟင်။

"ဘယ်လိုသဘောရလဲ"

"တို့လည်း အဲဒါကိုတွေးနေတာ"

"မင်းက ကျွန်တော့်ထက် ခြောက်နှစ်လောက် ငယ်တာနော်။ ဘာလို့ တို့လို့သုံးရတာလဲ"

"သိဘူးလေ, အဲဒီလိုမပြောရင် ရှင်နဲ့ကျွန်မလို့သုံးရမှာ အားနာစရာကြီး"

ဘာရယ်မဟုတ် တီးတိုးရယ်ဖြစ်ကြလေ၏။ Phone မကြာခဏဆက်ရုံ သုံးလေးခါလောက် အပြင်မှာစကားပြောဖြစ်ရုံနဲ့ နှစ်ယောက်စလုံး ခေါင်းညိတ်ခဲ့ကြတာပါ။ အချစ်ဆိုတာ ဘာလဲ သူမ မေးချင်ပေမယ့် မမေးရဲ၊ ဘာမှန်း ဃာနတာ သေချာမသိခင်မှာ စေ့စပ်ပွဲက လုပ်ဖြစ်ချေပြီ။

မမှားလောက်ပါဘူး။ ပန်းနုရောင်ခြည် ရွေးချယ်ပြီး လုပ်ခဲ့တဲ့အလုပ်မှန်သမျှ မှားယွင်းမှုဆိုတာ တစ်ကြိမ်တစ်ခါမှမရှိခဲ့တာ အမှန်ပါလေ။

"ကျွန်တော်ကတော့ ကျွန်တော့်ကို 'ကို'လို့ခေါ်စေချင်တယ်"

"ဒါဖြင့် ဘို့ကိုရော"





"ပန်းနုလို့ပဲ ခေါ်ရမှာပေါ့"

"နုလိုက်တာကွာ၊ မာမာ့နာမည်နဲ့ တူနေတာကို"

"ဒါဆို ပန်းကလေးလို့ ခေါ်ရမှာလား။ ကလေးဆန်သလားလို့။ နေခြည်ဆိုရင်ကော"

"ခေါ်လေ"

ဒါပဲလား။ နှစ်ယောက်သား လွတ်လွတ်လပ်လပ်လေးရှိချိန်မှာ ဒီနာမည်ခေါ်ဖို့ကိုပဲ အဓိကထား ပြောနေတော့မှာလားကွယ်။ အချစ်အကြောင်းလေးဘာလေး မဆွေးနွေးဘူးလား။ ယူက အသက်သိပ်ကြီးသေးတဲ့လူမှမဟုတ်တာလေ။

"ကိုယ်တို့ နားလည်မှုတော့ ရှိထားမှဖြစ်မယ် နေခြည်"

ရင်ထဲမှာ နွေးသွားရပါ၏။ 'ကို'တဲ့။ အဘယ်မျှ ကဗျာဆန်တဲ့ဝိသေသပါလဲ။ သူ ဤသို့သုံးလိုက်ပုံကိုက ခပ်ဝေးဝေးနေလျက်မှ အနီးဆုံးသို့ တိုးကပ်လိုက်သည့်နှယ် ရင်းနှီးနွေးထွေးသွားစေတာလေ။

"တစ်ယောက်အကြောင်းတစ်ယောက် မဖုံးကွယ်ကြေး"

"OK!... တို့သဘောတူတယ်"

သူ့မျက်နှာ တည်သွားတာမို့ သူမ ပါးစပ်ကိုအမြန်ပိတ်လိုက်မိပါ၏။ မှားသွားပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



"Sorry...နေခြည်သဘောတူပါတယ် ကို"

သူပြုံးလိုက်ပုံက နှစ်နှစ်ခြိုက်ခြိုက်ပါပင်။ ဆရာဝန်တစ်ဦးနဲ့ အင်ဂျင်နီယာတစ်ဦးရဲ့ အိမ်ထောင်ရေးမှာ ဘာတွေကများ ပြဿနာရှိနိုင်မလဲ၊ အချိန်၊ အလုပ်၊ အခက်အခဲ စတာတွေအများကြီး ရှိကောင်းရှိနေမှာပါ။ သို့သော် လက်ရှိအချိန်လေးမှာတော့ သူမ ပျော်ပါရစေဦး။

"မကျေနပ်တာကိုလည်း ပွင့်ပွင့်လင်းလင်း ဖွင့်ဆွေးနွေးရမယ်။ ဥပမာ– ကိုယ့်မှာ သူငယ်ချင်းတွေရှိသလို နေခြည့်မှာလည်း မိတ်ဆွေတွေရှိနေမှာပဲ။ အဲဒီလူတွေနဲ့ တလွဲထင်တာတာမျိုး မရှိအောင်ပေါ့"

"ရတာပဲ"

"နေခြည့်ဘက်ကရော ဘာများညှိချင်သေးလဲ"

ခေါင်းခါပြလေ၏။ မိတ်ကပ်ပါးပါးတင်ထားသည့်မျက်နှာထက်က ပန်းနုရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးထားသည့်အပြုံးကလှတာထက် မာနရိပ်ရောယှက်နေတုန်းပါလေ။ သူ့လက်မောင်းကို ကိုင်လိုက်သည့်လက်ချောင်းရှည်တို့ကို မရှုန်းဖယ်မိ။

ဒါ ဒီနေ့ သူနဲ့စေ့စပ်လိုက်တဲ့ သတို့သမီးလောင်းလေးပါပဲ။ ငယ်သော မြင့်သော ထက်သော တော်သော မာနကြီးသော





ဂုဏ်ပုဒ်တို့က သူသတ်မှတ်ထားသည့်စံတို့နှင့် တစ်ကဏ္ဍစီ ခြားနားနေပါ၏။ နေမျိုးတို့သာသိရင် ဟားတိုက် လှောင်လိုက်မှာ အမှန်ပင်။

အချစ်ဆိုတာ ဘာလဲ. . . သူမသိပါ။

သံယောဇဉ်ဆိုတာကရော. . . သူနားမလည်။

တွယ်တာမှုဆိုသည်မှာ. . . သူမတတ်ကျွမ်းပြန်။

ကဲ!. . . အဲဒီလို ဘုမသိဘမသိနဲ့ ဦးနှောက်စေညွှန်ရာအတိုင်း သူလိုက်လုပ်ဖြစ်ခဲ့တာမို့ သူ့ကိုယ်သူပင် အံ့ဩနားမလည်နိုင်တော့ပါလေ။

"ပြန်ကြပြီထင်တယ်၊ သွားနှုတ်ဆက်ချင်သေးလား"

"ဟင့်အင်း"

ညှိသည်တွေပြန်တာကို လှမ်းမြင်လိုက်တာမို့ သူ မေးလိုက်စဉ် ခေါင်းခါပြလိုက်မိ၏။ သူ့လက်မောင်းကို ဆုပ်ကိုင်ထားခွင့်လေး မဆုံးရှုံးချင်ပါလေ။

"လှတာတော့ အတော်လှတာနော်၊ ဘာပန်းလဲ, သိသား"

"'ဟင့်အင်း, နေခြည်က ပန်းမကြိုက်ဘူး ကိုရဲ့၊ သစ်ခွနဲ့ နှင်းဆီဆိုတာလောက်ပဲ ခွဲခြားတတ်တယ်။ ဒါဘာသင်္ခမှိုလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ မသိပါရှင်''

''တော်လိုက်တာ''

ရွဲ့ပြောမှန်းသိသော်ငြား တီးတိုးရယ်ဖြစ်ပြန်၏။ ပွင့်ပွင့်လင်းလင်းပြောကြေးဆို၊ သူမ နားမလည် မတတ်ကျွမ်းတာကို နောက်ဘယ်တော့မှ သူမမေးဖြစ်အောင် ဝန်ခံလိုက်သည်ပဲ။

''မိုးရွာတော့မယ်ထင်တယ်၊ လေက စိမ့်အေးလာပြီ''

''စိတ်ညစ်လိုက်တာ၊ နေခြည်က မိုးရွာတာ မကြိုက်ဘူးကိုရဲ့။ ဒီမိုးကလည်း မကုန်နိုင်သေးဘူး''

''သဘာဝလေကွာ၊ ကိုယ်ကတော့ မိုးရွာတာကိုကြိုက်တယ်။ မိုးရေထဲ လမ်းလျှောက်ရတာကိုက ဘာနဲ့မှမတူဘူး။ ပြီးတော့ မိုးသံတဖြောက်ဖြောက်ကြားရင်း အိပ်ရာထဲမှာ ဇိမ်နဲ့စာအုပ်ဖတ်ရတဲ့ Feeling ကိုရောပေါ့''

''ဟွန့်! . . . ပျင်းစရာကြီး''

''ကိုယ်ဝါသနာပါတာကို နှာခေါင်းမရှုံ့ကြေးလေ''

''အိမ်ထဲပြန်ဝင်ကြမယ်လေ၊ ညှော်သည်တွေ ကုန်သွားပြီပဲဟာ''

''ကောင်းပြီလေ''

သူမက သူ့လက်မောင်းကိုချိတ်ထားတာကို မဖြုတ်ဘဲ





ဆက်ကိုင်ထားတုန်းပါလေ။ တဖွဲဖွဲကျလာသည့်မိုးရေစက်တို့က သူမကို မတားနိုင်ခဲ့။ ခေါင်းကို လက်ဝါးဖြင့်အုပ်ကာ အိမ်ထဲသို့ ပြေးချေပြီ။ အတော် မိုးစိုမှာကြောက်တဲ့မိန်းကလေးပါပဲလား။

တဖွဲဖွဲကျလာသည့်မိုးတို့ကြောင့် သူ့ရုပ်အဖြူမှာ မိုးစက်တို့ တင်ကုန်လေ၏။ တိုက်ရှေ့ဆင်ဝင်အောက်မှာရပ်ကာ ရေခါနေမိစဉ် သူ့အနီးသို့ ထီးဝါလေး ဆောင်းထားသည့်မိန်းကလေး တစ်ဦး ရောက်လာလေသည်။

ဦးစွာရလိုက်သည်က စပယ်ရနံ့။ ထိုမှတစ်ဖန် ရှင်မတောင် သနပ်ခါးရနံ့။ အလို! သူ့နှလုံးသား လုပ်ခနဲအေးခဲသွားရတာပါလား။ ထီးဝါလေးကိုပိတ်လိုက်ပြီး လက်ထဲမှာ ပိန်းပန်းရောင်စုံကိုင်ထားသည့်ကောင်မလေးကို အငေးသားကြည့်လျက် သူ့နှလုံးခုန်သံ ရပ်တန့်သွားရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ယုယခွင့် အလယ်

www.burmeseclassic.com

www.burmeseclassic.com



မျက်စိအောက်က အပျောက်မခံရအောင် ကိုယ့်အရုပ်လေးကို ဘယ်နားမှာ ဝှက်ထားရပါ့မလဲ....

ရှေးခေတ်ရာဇဝင်ထဲက 'တာနေယကွ'ဘီလူးကြီးလို တန်ခိုးကျွတ်ပတ်တွေရှိရင်တော့ ကိုယ့်အရုပ်လေးကို 'ကျုတ်'ထဲထည့်ပြီး အာခံတွင်းထဲမှာ ငုံထားမိမှာ အမှန်ပါလေ....

(နေမျိုးကျော်စင်)





## ဆုံဆည်းချိန်

ဖျတ်!ခနဲ
အာရုံထဲ စွဲငြိ
ရင်ခုန်ဖို့ မေ့လျော့နေခဲ့တဲ့....ငါ
ချစ်ခြင်းရဲ့အတတ်ပညာကို
တစ်လုံးတစ်ပါဒမှ
မတတ်မြောက် မကျွမ်းကျင်ခဲ့
နူးညံ့တဲ့မျက်ဝန်းတစ်စုံ
ရှိုသာတဲ့အပြုံးတစ်ပွင့်
သိမ်မွေ့ညင်သာတဲ့ ခြေတစ်လှမ်းမှာ
ငါ....အငိုက်မိခဲ့ပြီး
အသက်ရှုလမ်းတွေက
ကမောက်ကမဖြစ်လို့ရယ်ပေါ့
အတွေးတွေ မျောလွင့်
စိတ်ကူးက ပျက်ပြယ်
အနာဂတ်က ဟင်းလင်း
(မင်း)သိနိုင်ပါ့မလား....
(ချစ်သူရယ်)
ပန်းစေပယ်ရနံ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



အမြတ်တနိုးနှစ်ခြိုက်တဲ့
ကိုယ့်လိုလူတစ်ယောက်ကို
ချစ်ခြင်းတွေ ဖန်ဆင်း
လက်ချင်းဆက်ခွင့် ပေးလှည့်ပါ....



## အခန်း (၉)

'မှားပြီ'ဟူသည့်အသိက သူ့ရင်ကို ရိုက်ခတ်ပြီး အဲဒီနောက်မှာ 'နောင်တ'ဟူသည့်ပုဂ္ဂိုလ်က ဆက်တိုက်လိုက်ခဲ့ပါ၏။ ဘာတွေဖြစ်ကုန်ပြီလဲ၊ ကြည့်ပါဦး. . . သူစေ့စပ်တဲ့နေ့မှာပဲ သူ့ရင်ခုန်သံအစစ်ကို သူသိခဲ့တာလေ။

ဆံနွယ်ရှည်တို့က တင်ပါးဖုံးတဲ့အထိ ဖြောင့်စင်းပြီး သေသပ်စွာ စည်းနှောင်ထားတာ၊ ခေါင်းနောက်နားအနီးမှာ စပယ်ပန်းကုံးတွေဖွေးပြီး တန်းလန်းလေး ပန်ထားတဲ့ပုံစံ၊ နှုတ်ခမ်းလှလှလေးကို ပေါ်လွင်အောင် ဘေးခွဲလေး ဖြီးသင်ထားတာ၊ မည်းသည်းသော ဆံစနွယ်လေးမှ နှုတ်ခမ်းထက် ရှိုမနေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟန်သွယ်သွယ်လေးကို ခပ်ရိုးရိုးအဆင်လေးကို ဝတ်ဆင်ထားသော်ငြား ငယ်နုသည့်မျက်နှာဖူးဖူးလေးက ရှိရင်းစွဲအသက်ကို ခန့်မှန်း၍ရနိုင်ပါ၏။ ညှိုသည်တွေကုန်ပြီအထင်နှင့် ရောက်လာပြီးမှ သူ့ကိုမြင်စဉ် အားနာရက်ရွံ့ဟန်ဖြင့် မဝံ့မရဲပြုံးပြဟန်လေးက သူ့အာရုံထဲမှာ ရစ်ဝဲနေဆဲပါလေ။

ဘာဆက်လုပ်ရပါ့မလဲ။ သူက လတ်လတ်ဆတ်ဆတ်စေ့စပ်ပြီးနေတဲ့ သတို့သားလောင်းလျာဖြစ်နေပြီလေ။

"ကြီးမေ မှာထားလို့ ဘုရားပန်းလာပို့တာ"

အန်တီနုသွေးငယ်ကို တီးတိုးပြောလိုက်သည့်အသံလေးက သူ့ရင်ထဲကို ချိုမြစွာ စီးဝင်သွားခဲ့တာအမှန်ပါ။ အန်တီနု၏ 'တူမလေးလေ' ဟု မိတ်ဆက်ပေးတာကိုတောင် သူ မကြားမိအောင် ထိုမိန်းကလေးကို မင်သက်စွာဖြင့် သတိလက်လွတ်ငေးနေမိခဲ့တာလေ။

အဘယ်မျှ ရက်စရာကောင်းလိုက်တဲ့အဖြစ်ပါလဲ၊ စေ့စပ်ပြီးတဲ့ သတို့သမီးလောင်းရဲ့ ငမ်းကဲ့ညီမလေးကိုမှ သူစိတ်ဝင်စားခဲ့တာလေ။ ဘုရားရေ! သတ္တဝါတို့ရဲ့ သွားရာလမ်းက အဘယ်မှာလဲဆိုတာကို ပညာတတ်တဲ့သူ အသိဆုံးပါပဲ။ ဒါကိုသိနေပါလျက်နဲ့ ဒီအဖြစ်ဆိုးကြီးမျိုးကိုမှ ဖြစ်ရကာယ်လို့။





"ဒေါက်! ဒေါက်!"

"သားရေ၊ မနိုးသေးဘူးလား။ ဒီမနက် duty ရှိတယ်မဟုတ်လား"

ဟော! မာမိတောင် လာနှိုးချေပြီ။ တစ်ညလုံး ကောင်းကောင်းအိပ်မပျော်ဖြစ်ခဲ့တာမို့ မျက်လုံးတွေ ကျိန်းစပ်နေပြီး ခေါင်းထဲမှာ နောက်ကျိနေလိုက်တာ မပြောပါနှင့်။ ဒီလိုဖြစ်စရာလား။ အနာဂတ်ကို ကြိုစီစဉ်တတ်တဲ့လူ၊ ပန်းတိုင်ရှိရာလမ်းကိုလည်း ကြိုမြင်နိုင်တဲ့ သူလို့လူအတွက် ဤသို့မရေရာတဲ့ဖြစ်ရပ်က သွေးပျက်စရာအဖြစ်ပါပဲ။

နေခြည်ထက်များ လှနေလို့လား၊ မဆိုင်လိုက်တာ။ နှင်းဆီတစ်ပွင့်လို ငွားငွားစွင့်စွင့်လေး တောက်ပတဲ့အရှိန်အဝါတွေနဲ့ ခေတ်မီ တင့်တယ်နေသည့်နေခြည်လိုမိန်းကလေးကို မချောမော မလှပဘူးလို့ ဘယ်သူက ငြင်းဆန်ရဲပါ့မလဲ။

ဒါဖြင့်ရင် နေခြည်ထက်များ ငယ်နုနေလို့လား။ တစ်နည်းအားဖြင့်တော့ မှန်ကောင်းမှန်နိုင်ပါသည်။ သို့သော် သူ့ထက်ခြောက်နှစ်ခန့်ငယ်သည့်နေခြည်ပင် ဆံပင်တိုတိုညှပ်ကာ ငယ်လွန်းနေပုံပါပင်။ ဤကလေးမလေးကတော့ သူ့ထက် အနည်းဆုံး (၁၀)နှစ်ကျော်ခန့် ပိုငယ်နေဦးမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်! ဒေါက်!"

"သားရေ့ . . . ဘုန်းသင်္ဂ"

မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ခေါင်းငုံ့ငြိမ်သက်စွာထိုင်နေရင်းမှ ကိုယ်ကိုမတ်လိုက်ရပါ၏။ စိတ်လေတယ်ဆိုတာ သူ့လိုအသက်(၃၀)အရွယ် အထူးကုဆရာဝန်တစ်ယောက်အတွက် ဖြစ်သင့်ပါသလား။ သိပ်ရှက်ဖို့ကောင်းတယ် ဘုန်းသင်္ဂ။

"ဒေါက်! ဒေါက်!"

"ကျွန်တော် နိုးနေပြီ မာမီ"

"အေးအေး. . . သားဒက်ဒီ breakfast စားဖို့ စောင့်နေပြီ။ ဆင်းလာခဲ့တော့"

ပြန်မဖြေဖြစ်။ လေးပင်သည့်အနေအထားဖြင့် ကုတင်ထက်မှ ဖင့်နွှဲစွာထပြီး ရှပ်အင်္ကျီကြယ်သီးတို့ကို စိတ်မပါသည့်နှယ် တစ်လုံးချင်းဖြုတ်နေမိပါ၏။ မျက်လုံးအကြည့်တို့က မှန်ထဲမှ သူ့ပုံရိပ်ထံ ရောက်သွားလေသည်။ မနေ့ကတည်းက မလဲဘဲဝတ်ထားဖြစ်သည့် ပုဆိုးနှင့်အင်္ကျီက တွန့်လိမ်ကြေမွနေပါ၏။

ရင်ထဲမှာရော. . . ဒီလိုပဲ ကြေကြေကွဲကွဲဖြစ်နေတာပဲမဟုတ်လား။ ရင်ရှုပ်တယ်ဆိုတာ ဒါမျိုးကိုခေါ်တာပဲ ဖြစ်မယ်ထင်ပါရဲ့။ မှုန်ကုပ်ကုပ်မျက်နှာက တင်းမာနေပြီး ဆံပင်တို့က ဖြီးသင်





ထားခြင်းမရှိသလို ပွယောင်း ရှုပ်ယှက်ခတ်နေလေ၏။

နှလုံးသားထဲမှာရော. . . ဒီလိုမျိုး ရှုပ်ပွနေတာပဲမဟုတ်လား။ နာကျင်မှုဆိုတာ လုံးဝမရှိခဲ့သည့်သူ့ဘဝမှာ ဒီမျက်နှာနုနုလေးကို မြင်ချိန်မှစပြီး သူ့နှလုံးသားထဲမှာ တစစ်စစ် နာကျင်မှုခံစားခဲ့ရတာလေ။

နှလုံးသား၏ပြဿနာသည် နိမိတ်မျိုးစုံက သူ့လိုနှလုံးအထူးကုဆရာဝန်ကို ရောဂါစဖြစ်စေသည်ပဲ၊ လှပ်ခနဲအေးခဲသွားရသည့်အဖြစ်၊ အဲဒီနောက်မှာ ရင်ထဲစီးမျောသွားရသည့် ပူနွေးသည့် ခံစားမှု၊ ထို့နောက် တစစ်စစ် ကိုက်ခဲနာကျင်သွားရသည့် ဝေဒနာဘစ်ရပ်။

သွားပြီ ဘုန်းသင်္ဂ၊ ဂုဏ်သိက္ခာအတွက် နှုတ်၏စောင့်စည်းမှု ရှိသင့်သလို၊ နှလုံးသားကိုလည်း စောင့်စည်းအပ်သည်လေ။ ဘာဖြစ်လို့များ သူ့နှလုံးသားကို အာမခံ မထားဖြစ်ခဲ့တာပါလိမ့်။ တစ်ဘဝလုံးစာအတွက် သင်ခန်းစာက နောက်ကျမှရဘဲ 'နောင်တ'တရားတော့ မဖြစ်သင့်ပါဘူး လောကကြီးရယ်။

ရေပန်းကိုဖွင့်ချလိုက်စဉ် သူ့ခေါင်းမှစ၍ တစ်ကိုယ်လုံးရွှဲရွှဲစိုသွားသည့်တိုင်အောင် ရင်ထဲမှအပူက မငြိမ်းနိုင်ခဲ့၊ အချစ်ဆိုတာ ပူလောင်တဲ့မီးစပေပဲလား။ သို့တည်းမဟုတ် အေးမြစို



www.burmeseclassic.com

www.burmeseclassic.com



စွတ်တဲ့ အိုအေစစ်ပေပဲလား။ သူက ဒါကိုလုံးဝခွဲခြားမသိနိုင်သေးတဲ့ လမ်းလျှောက်ခါစ ကလေးငယ်လေးလို ဖြစ်နေပြီပဲ။

အိပ်ခန်းထဲမှ နာရီ Alum မြည်သံကြောင့် ရေချိုးတာကို အပြီးသတ်လိုက်ရပါ၏။ ဒီအချိန်ဆို ဆေးရုံသွားဖို့ Ready ဖြစ်နေရမှာလေ။ ခုတော့ ရေချိုးတုန်းပါလား။ သွားပါပြီ၊ ဘုန်းသဂိရဲ့ နေ့စဉ်အချိန်ဇယားက အကုန်လွဲကုန်ပါရောလား။

ရေသုတ်ရင်း ဒီနေ့ဝတ်ရမည့်အဝတ်အစားရွေးရန် ဗီရိုကိုဖွင့်ကြည့်လိုက်ပါ၏။ အိမ်ထောင်ပြုပြီးရင် ဒီအလုပ်မျိုးကို သူ့ကိုယ်စား နေခြည်လုပ်ပေးပါ့မလား။ မထင်ပါလေ။ မိုးလင်းတာနဲ့ သူမလည်း အလုပ်သွားဖို့ ဝရုန်းသုန်းကားနဲ့ ပြင်ဆင်မှာကို မြင်ယောင်လိုက်မိသည်။

'မောင်တစ်ထမ်း မယ်တစ်ရွက်' ဟူသည့်စကားပုံကို သူ ဘာကြောင့် လက်သင့်မခံချင်ရတာပါလိမ့်။ 'ဒိုးတူဘောင်ဖက်' ဆိုတာကိုရော သူ မနှစ်မြို့တာအမှန်ပါ။ Shirt အဖြူတစ်ထည်ကို ထုတ်ယူလိုက်မိစဉ် လက်ချောင်းသွယ်သွယ်လေးကို ဖျပ်ခနဲ မြင်ယောင်လိုက်မိလေ၏။

အန်တီနုထံ ပန်းစည်း လှမ်းပေးလိုက်ပါသည့် လက်ချောင်းဖြူဖြူလေးတစ်စုံ။ မည်သည့်ရတနာပစ္စည်းမျှ ခြယ်သ ဝတ်





ဆင်ထားခြင်းမျိုး မရှိပါဘဲ ရှင်းသန့်နေသည့်လက်တံလေးကို အင်္ကျီလက်ပြတ် ဖက်ဖူးရောင်အောက်မှာ အရှင်းသား မြင်ခွင့်ရခဲ့တာလေ။

သူ့လက်မောင်းကို ချိတ်တွယ်ခဲ့သည့် နေခြည့်လက်ကိုတော့ ဘာကြောင့်မမြင်ယောင်ပါသလဲ။ မင်းတော့ ရူးခါနီးပြီးသင်ပါရဲ့ ဘုန်းသဂိ။ သက်မောကို လေးပင်စွာချလိုက်မိပြီး အဝတ်လဲခြင်းကို စိတ်မပါပေမယ့် တာဝန်ရှိသေးတာမို့ စက်ရုပ်လိုပင် လုပ်လိုက်မိပါ၏။

ခါးပတ်ပတ်အပြီးမှာ ရှပ်ကော်လံကိုပတ်လျက် Necktie ကိုချည်စဉ် ဒီအလုပ်ကိုရော နေခြည် လုပ်ပေးမှာတဲ့လား။ သူမမျက်နှာကို ခြယ်သဖို့ပဲ အာရုံစိုက်နေရင် အခက်သားပါပဲ။ အလို! အံ့ဩဖွယ်ကောင်းလေစွ။

အဘယ်အကြောင်းတွေကြောင့်များ သူ့ရဲ့သတို့သမီးလောင်းလျာကို ရာကြံအပြစ်မြင်နေတာပါလိမ့်။ ယူဖြစ်မယူရသေးခင် ဒီလိုမျိုး အပျက်ကိုပဲ သူမြင်တာ တရားပါ့မလား။ မင်းဘယ်လိုဖြစ်နေပြီလဲ၊ သေချာဆန်းစစ်ကြည့်ပါဦးလား ဘုန်းသဂိ။

''ဒီနေ့ တယ်ဝီရိယနည်းနေပါလားဟေ့''

ထမင်းစားခန်းထဲ ဝင်လိုက်စဉ် ဒက်ဒီမှတ်ချက်ပေးသံ



www.burmeseclassic.com

www.burmeseclassic.com



က သူ့ခြေလှမ်းကို တုန့်ခနဲရပ်စေလေ၏။ ကော်ဖီဝိုင်းမှာ ဝင်ထိုင်လိုက်ပေမယ့် စိတ်ထဲမကြည်တာမို့ မျက်နှာက တည်နေမည်သာ။

"နေကောင်းရဲ့လား, သား"

"ကိုကလည်း၊ ဆရာဝန်ဖြစ်တဲ့သားကို ဒီလိုမေးစရာလား"

"နေကောင်းရဲ့လားဆိုတာ ဖျားနာတာကိုပဲ ဆိုလိုတာမဟုတ်ဘူး သိဂီရဲ့။ စိတ်ရော. . . နေကောင်းရဲ့လားလို့လည်း အဓိပ္ပာယ်ပါတယ်။ မင်း,သားက ညဘက်မအိပ်ထားသလို မျက်တွင်းဟောက်ပက်ရုပ်နဲ့ duty ဝင်ရင် သူများပြောစရာဖြစ်နေမှာပေါ့"

"ဟုတ်သားပဲ၊ မာမီ့သား ဘာဖြစ်တာလဲ။ ဝမ်းသာလုံးဆို့ပြီး အိပ်မပျော်တာများလား"

ဘာမုန့်မှမစားဖြစ်ဘဲ ကော်ဖီကို သူမော့ချလိုက်မိပါ၏။ အရသာမခံပေမယ့် လျှာပူသွားတာကိုတော့ သူသိလိုက်ပါသည်။ သေစမ်း! ဒီလောက်တောင် သူသတိမထားရင် Operation theatre (ခွဲစိတ်ခန်း)ကို သူဘယ်လိုဝင်မှာလဲ။ သတိထားစမ်း ဘုန်းသင်္ဂါ့။





"ဘုန်းသင်္ဂါ"

"ဗျာ"

"ဘာဖြစ်နေတာလဲ"

"ကျွန်တော်ဘာဖြစ်နေလို့လဲ ဒက်ဒီ"

"မင်းကိုယ်မင်း အသိဆုံးမေးခွန်းရဲ့အဖြေပါ သားရယ်၊ ဆေးစပ်ပြီးခါစ သတို့သားလောင်းရဲ့မျက်နှာမှာ လန်းဆန်းတက်ကြွဖျတ်လတ်နေတာမျိုးပဲ ဖြစ်ရိုးထုံးစံရှိရမှာ။ မင်းမျက်နှာက စိတ်ပျက်နေတဲ့ပုံစံကြီးဖြစ်နေတာကိုး"

ကဲ! ဖုံးဖိမရအောင်ကို သူ့မျက်နှာမှာ ပေါ်လွင်နေပါရောလား။ ဒီလိုသာ သံသယဝင်စတမ်းဆိုရင် သူ့အပေါ် နေခြည့်နူးညံ့ခြင်းက သာပြီးဆိုးပေတော့မပေါ့။

"ခေါင်းကိုက်နေလို့ပါ ဒက်ဒီ၊ တခြား ဘာကိစ္စမှမရှိပါဘူး"

"ခေါင်းကိုက်ရင် ဆေးသောက်ဖို့ဆိုတာကို သားလိုဆရာဝန်ကို ပြောဖို့မလိုဘူး ဘုန်းသင်္ဂါ။ တစ်ခုခုတော့ ဖြစ်နေတာ သေချာတယ်"

"မနေ့က နေခြည်လေးနဲ့ စကားများ, များလာမိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်ပါဘူး မာမီ''

''ဒါဖြင့် ဒီမနက်ရော Phone နဲ့ပဲဖြစ်ဖြစ် နှုတ်ဆက်ပေးပြီးပြီလား''

သူ နှုတ်ဆိတ်သွားပြန်ပါပြီ။ တာဝန်တွေ ထပ်များတိုးချေပြီလား။ ယခင်က ကိုယ့် Time Table နဲ့ကိုယ် စနစ်တကျ စီမံထားတဲ့အစီအစဉ်တွေကို ထပ်ဖြည့်ရတော့မှာထင်ပါရဲ့။ လက်တွဲဖော်ရတာနဲ့ ဝန်ထုပ်ဝန်ပိုး ပိုထမ်းရပြီလို့ သူ့လိုမျိုး ဘယ်လိုလူသားမျိုးက တွေးမိပါလဲ။ သူတော့ ဦးနှောက်ချောင်ပြီ ထင်ပါရဲ့။

ပေါင်ပေါ်တင်ထားသည့် duty coat အိတ်ကပ်ထဲမှ Phone မြည်သံက ဒက်ဒီအမေးကို သူရှောင်ဖြစ်စေရန် လမ်းဖွင့်ပေးသဖြင့် ကျေးဇူးတင်လိုက်မိပါ၏။ နံပါတ်ကိုငုံ့ကြည့်လိုက်စဉ် သက်ပြင်းကို ကျိတ်ချလိုက်မိတော့သည်။ ပန်းနုနေခြည်ပါလေ။

''ဟဲလို''

''Good morning ကို၊ အိပ်ရာနိုးပြီလား''

''အင်း. . . breakfast စားနေပြီ နေခြည်''

''ညတုန်းက ကောင်းကောင်းအိပ်ပျော်ရဲ့လား ကို၊ နေခြည်တော့ အိပ်မပျော်တာအမှန်ပဲ. . . သိလား''

''အင်း''

သိယောင်လိုက်မိသလိုဖြေရင်း 'ဘာလို့လဲ'ဟု သူ မမေးမိ။ ဒက်ဒီတို့မျက်နှာမှာ ကျေနပ်ရိပ်မြင်နေရပြီမို့ စားပွဲဝိုင်းမှ သူအသာထထွက်ခဲ့ပါသည်။ သူ မဆက်ဖြစ်ပေမယ့် သူမတက်က Phone ဆက်လာသားပါပဲလား။

''ဘာလို့လဲလို့ မမေးချင်တော့ဘူးလား''

''နေခြည်ပြောမှ ကိုယ်သိမှာပေါ့''

''ပျော်လို့ပါ ကို၊ နေခြည့်အတွက် အဓိပ္ပာယ်ပြည့်ဝလှတဲ့ အနာဂတ်မနက်ခင်းရောင်ခြည်ကို တွေ့လိုက်ရသလို ပြည့်စုံသွားလို့ပါ''

''ကိုယ် duty ဝင်ရတော့မယ်''

''ကားပေါ်ရောက်နေပြီလား''

''အင်း''

''ဒါဆိုလည်း ဒါပဲလေ၊ ညကျမှ ထပ်ဆက်လိုက်မယ်နော်။ Bye!...ကို''

သူ ပြန်မနှုတ်ဆက်မိဘဲ Phone ကို ပိတ်လိုက်မိပါ၏။ အနာဂတ်ရောင်ခြည်တဲ့လား၊ မင်းဘက်ကတော့ မှန်မှာပါနေခြည်







www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာသာ. . . ကိုယ့်မှာသာ အနာဂတ်ပျောက်ကွယ်နေသည့် မျက်စိရှေ့မှာ မြူတံတိုင်းကြီး ကာဆီးပိတ်ဆို့နေတာကို ဘယ်သူတွေကများ သိနိုင်မှာတဲ့လဲ။



## အခန်း (၁၀)

"အဲဒါက ဘာသဘောလဲကွ၊ လဒမှိုင်,မှိုင်ပြီး ငါတို့ ရန်လုပ်မှာကို မရှောင်ချင်နဲ့ သိဂ်"

"အေးလေ. . . လုံးဝမကျေနပ်ဘူး"

ရုံးခန်းထဲအတူဝင်လာသည့် နေမျိုးနှင့်ဝေမိုးတို့၏ ရန်လုပ်စကားသံကြောင့် ဆေးကျမ်းဖတ်နေရင်းမှ သူမော့ကြည့်လိုက်ရပါ၏။ စာကြည့်မျက်မှန်ကိုလည်း ချွတ်လိုက်မိလေသည်။

"ဘာဖြစ်လာကြတာလဲ"

"သတင်းစာကိုင်ပြီး သက်သေပြရမှာလားကွ"

သူသိလိုက်ပါပြီ။ ဒီနေ့သတင်းစာတွေထဲမှာ သူနဲ့ပန်းနု



www.burmeseclassic.com

www.burmeseclassic.com



နေခြည်တို့၏ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းကလျှာ ပါလာပြီကိုး။ မင်းတော့ နံပါတ်အတပ်ခံရပြီကော ဘုန်းသဂိ။

''ငါတို့ကို ဘာမှမကျွေးတာတော့ တင်းတာမရှိဘူး''

''အေးလေ, ဒိုင်လျှိုလေး ဘတ်သွားတာ ဘယ်လောက်အောင့်ရလဲ။ နှင်းတောင် ပြောနေသေး, ငါတို့ထက် မင်းအရင်ဦးသွားပြီတဲ့''

''လူကြီးတွေ သဘောကျစီစဉ်တာပါကွာ။ Wedding မှမဟုတ်တာကို''

''ဟ! မင်းစကားကြီးက ဘာလဲကွ''

''ဟုတ်ပါ့၊ မင်းမျက်နှာက မပျော်သလိုကြီးဖြစ်နေပြီ။ ဘာလဲ, တစ်ယောက်နဲ့တစ်ယောက် မချစ်ဘဲ ဒီအဆင့်ထိ ဖြစ်သွားတာမျိုးလား''

ပြောစရာဖြစ်ချေပြီ။ ဟုတ်ပါရဲ့၊ 'ချစ်တယ်'ဆိုသည့် စကားလုံးကို သူ့နှုတ်က တစ်ခါမှမထွက်ခဲ့ပါဘဲ အခုလိုမျိုး စေ့စပ်ပြီးခဲ့ပြီလေ။ ဒီစကားလုံးကို ပြောထွက်ဖို့ သူ ဆွံ့အနေခဲ့တာပဲ ဖြစ်မယ်ထင်ပါရဲ့။

''ဒီလိုပါပဲ''

''ဘာလဲကွ သဂိ၊ ပန်းနုနေခြည်သဘောမတူဘဲနဲ့တော့





ဒီကိစ္စအကောင်အထည်ဖော်မှာ မဟုတ်ဘူး။ မင်းတို့နှစ်ယောက်ဆုံကတည်းက မင်းကို သူချစ်လို့သာ အခုလိုစေ့စပ်ပြီးတာပါ သဂိ''

သူ မျက်လုံးစုံမှိတ်လျက် ငြိမ်နေမိပါ၏။ ဘယ်လိုပဲနေနေ၊ မျက်စိပဲ မှိတ်ထားထား၊ အာရုံထဲ စွဲငြိနေသည်က မျက်နှာချိုချိုလေးပါပဲလား။ ခပ်ကျဲကျဲလေး လိမ်းထားသည့် သနပ်ခါးရနံ့ကိုပင် ယခုချက်ချင်းရလိုက်သည့်နှယ် ခံစားရတာကို သူ ဝန်ခံချင်ပါရဲ့။

''မင်းဘာက်ကရော''

''ငါ...''

''ဘာလဲကွ၊ ဆက်ပြောလေ''

''နေခြည်က လက်တွဲဖော်အဖြစ် ရွေးသင့်တဲ့မိန်းကလေးမျိုးပါ။ ဒါကို ငါသိပါတယ်''

''အဲဒီတော့''

''အဲဒီတော့ မိဘစကားကိုနာခံပြီး ငါခေါင်းညိတ်လိုက်တာပဲ''

''ဒါဖြင့် ဘယ်မှာလဲအချစ်''

''အေးလေ, မင်းဟာက အချစ်မရှိဘဲ အိလည်လည်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ရအောင် အခုမှ ဆယ်ကျော်သက်အရွယ်လေးလည်း မဟုတ်ဘူး။ ရှုးပါကွာ''

ဟုတ်ပါတယ်၊ လူဆိုတာ အရှုးမျိုးချည်းပဲတဲ့၊ ပညာရှုး ဥစ္စာရှုး၊ အတ္တရှုး၊ အချစ်ရှုး၊ လင်/မယားတရှုးဆိုတဲ့ အရှုးမျိုးစုံ ရှိကြမှာပါ။ သို့သော် သူ့ကိုယ်သူတော့ ဘာအရှုး ဘယ်လိုအရှုး မှန်း သူရွေးချယ်မပြောတတ်တော့ပါချေ။

''သဂါ၊ မင်းဘာဖြစ်နေလဲ''

''မသိတော့ဘူးကွာ''

ထိုင်ခုံမှ လေးပင်စွာထလျက် မှန်ပြတင်းတံခါးအနား မှာ သူရပ်လိုက်ပါ၏။ မိုးမကုန်သေးတာတောင်မှ လေက မအေး ဘဲ ပူနေသည့်နှယ်ပင်။

''မင်းပုံစံက နောင်တရနေသလိုကြီး ဖြစ်နေပြီကွ''

'နောင်တ'တဲ့၊ မကြားချင်ဆုံး စကားလုံးကိုမှ နေမျိုး စသုံးချေပြီပဲ၊ ဟုတ်တယ်. . . သူ့ရင်ထဲမှာ နင့်နင့်သည်းသည်း ကြီး ခံစားနေရတဲ့ရောဂါက အဲဒီနောင်တပဲမဟုတ်ပါလား။

''ငါ နေခြည်ကိုမချစ်ဘူး''

''ဘာ! ''

''အဲဒါ ဘယ်တော့မှသိတာလဲ''





''စေ့စပ်တဲ့နေ့ ညနေပဲ''

''မင်းကွာ. . . သေချာမစဉ်းစားဘဲနဲ့ ခပ်မြန်မြန် ခေါင်း ညိတ်လိုက်ရတယ်လို့''

''အေးလေ. အလောတကြီးစိစဉ်စရာမှမလိုတဲ့ဟာကို အခု မင်းဘာဆက်လုပ်မှာလဲ''

''မသိတော့ဘူး''

တကယ်မသိတော့တာအမှန်ပါ။ နဂိုက အစဉ်အမြဲတက် ကြွ ဖျတ်လတ်နေတဲ့ဆရာဝန်တစ်ယောက် ဖြစ်ခဲ့ပါလျက် အခု တော့ အားမရှိတဲ့လူမမာနှယ် ပျော့ဖတ်နေပြီလေ၊ စေ့စပ်ပွဲပြီးမှ ဖျက်ပေးပါလို့ သူ ဘယ်လိုပြောဝံ့မှာတဲ့လဲ။ အရှက်ကင်းမဲ့တဲ့ အလုပ်ကို လုပ်ရဲရအောင် သူက ပညာမဲ့တစ်ဦးမှမဟုတ်တာဘဲ။

''ကြိုးစားကြည့်ပါဦး သဂါရာ အနေနီးရင် သံယောဇဉ် ဆိုတာ ငြိတွယ်ပြီး အချစ်က မွေးဖွားနိုင်ပါတယ်။ အချိန်ယူပြီးမှ ဖွင့်ပြောကြည့်လိုက်ပါ''

သူ ခေါင်းကို ခပ်ဖြည်းဖြည်းခါရမ်းပြလိုက်မိပါ၏။ ဘယ် လိုချစ်လာနိုင်ပါ့မလဲ။ သူ့နှလုံးသားက နေခြည်နဲ့ပတ်သက်လာ ရင် မအေးစက်စက်ကြီးဖြစ်နေတာလေ၊ သေတော့မှာပဲ. အလုပ် ကို တက်တက်ကြွကြွမရှိဘဲ ဒီလိုသာ ထိုင်းမှိုင်းနေရင် သူတော့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ပျက်ချေတော့မည်။

''မထင်ဘူး''

''ဘာကွ''

''သူ့ကိုချစ်နိုင်ဖို့လေ''

''ဘာလဲကွာ၊ မင်းဟာက မရေမရာကြီး''

''အေးလေ, ဘာဖြစ်လို့ မချစ်နိုင်ရမှာလဲ''

ဖျတ်ခနဲပေါ်လာသည့်အာရုံထဲမှာက စပယ်ပွင့်လေးရယ်ပါ။ အပြုံးနုနု ခိုတွယ်လျက် သူနဲ့မိတ်ဆက်ပေးတာကို အသိအမှတ်ပြုသည့်နှယ် ခေါင်းလေး အသာညိတ်ပြရုံမှလွဲ၍ မည်သည့်အပိုစကားမှမပြောခဲ့။

ဖြစ်ပုံးကြပါသလား၊ ဒီလိုပထမဦးဆုံးအကြိမ်မှာတင် ရင်ထဲ နက်နက်ရှိုင်းရှိုင်းကြီး စွဲလန်းမြတ်နိုးသွားတာကိုလေ။ အကြည့်တစ်ချက်နဲ့ ငြိတွယ်မိခဲ့တဲ့လူ ဖြစ်ခဲ့ရတာပါလား။

''ဟ! မေးနေတာ ဖြေလေကွာ၊ ဘာငိုင်နေရပြန်တာလဲ''

မေးနေပြီ ကလေးရယ်၊ ကိုယ် ဘယ်လိုဖြေရပါ့မလဲ။ ဘေးမှာရှိနေတာက တစ်ယောက်၊ ရင်ထဲမှာရှိနေတာက သပ်သပ်တခြားတစ်ယောက်လို့ ကြေငြာရအောင် ကိုယ့်အသက်က ငယ်သူမှမဟုတ်တာလေ။





''ငါ သူ့ကိုမချစ်ဘူး၊ အဲဒါအသေအချာပဲ''

''လာပြန်ပြီ ဒီစကား၊ မင်းတော့ ဦးနှောက်ပျက်နေပြီ''

တကယ်ပျက်သွားလိုက်ချင်တာပါ သူငယ်ချင်းတို့ရယ်။ အခုတော့ ဦးနှောက်ရှိတဲ့လူရဲ့ ပညာမဲ့လုပ်ရပ်ကို ဆက်လုပ်ချင်သလို ဖြစ်နေရတာမို့ ရှက်လွန်းလို့ လဲသာသေလိုက်ချင်တော့တာ အမှန်ပါလေ။

''ငါ နေခြည်မဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကို မြင်မြင်ချင်း ချစ်မိသွားလို့ပါ''

''ဘာ!''

''ဟာ! ဘယ်တုန်းကလဲ''

''အဲဒီစေ့စပ်တဲ့နေ့ညနေမှာ သူ့ကိုတွေ့ခဲ့တာ''

''ဘယ်မှာတွေ့တာလဲ''

''သူတို့အိမ်ကို ရောက်လာတာ''

''ကောင်မလေးက တော်တော်လှလို့လား သင်္ဂါ''

ဘယ့်နှယ်ပြောလိုက်ပါလိမ့်။ လှလားတဲ့။ ဖူးဖူးလို့ အနှိုက်နိုက်ပြောပြီး မိတ်ဆက်သလို တကယ့်ကို ဖူးနေအောင် လှတဲ့ ဖူးသစ်စပန်းပွင့်လေးပါပဲ။

ဆံနွယ်ရှည်ထက်မှာ မနှိုတရို ခိုတွဲနေတဲ့ စပယ်ဖူး



www.burmeseclassic.com

www.burmeseclassic.com



လေးတွေနဲ့အပြိုင် အလှချင်းယှဉ်နေသလိုမျိုး မျက်စိထဲ စွဲနေခဲ့တာပါလေ။

"လှတာထက် ယဉ်ပြီး ချစ်ဖို့ကို ကောင်းနေတာ"

"ဟိုက်ရှားပါး! နေမျိုးဘော်ဒါလို့ မပြောရဘူး။ ကြိုက်မယ့်ကြိုက်တော့လည်း Size တူ Guide တူပါလား"

"မဖြစ်နိုင်ဘူး သင်္ဂါ"

"ဘာကိုမဖြစ်နိုင်ရမှာလဲ"

"မင်း အဲဒီကလေးမလေးကို စိတ်ဝင်စားမိတာတော့ ဖြစ်နိုင်တယ်။ ချစ်တာတော့ လုံးဝမဖြစ်နိုင်ဘူး"

ကြည့်စမ်း! ပေါ်တင်ကြီးကို Fight နေတော့တာပါလား။ ဒင်းကျတော့ ဟိုချာတိတ်မကို အသည်းအသက်မက ချစ်နေပါလျက်နဲ့ သူ့အလှည့်မှာတော့ ကိုယ်ချင်းမစာနာ ပြောရတယ်လို့။ ဘယ်လောက်ခံပြင်းစရာကောင်းလိုက်ပါသလဲ။

"ငါ့ရင်တွေ ပြောင်းဆန်နေအောင် စိတ်လှုပ်ရှားခဲ့ရတာကွ။ အဲဒါ သူ့ကိုချစ်တာမဟုတ်လို့ ဘာလဲ"

"အေး. . . မင်းအထင်မှားနေတာပဲ သင်္ဂါ"

"ဘာရယ်"

"သေချာစဉ်းစားကြည့်လေ၊ မင်းနဲ့စေ့စပ်တဲ့ ပန်းနုနေ





ခြည်ဆိုတာ ထက်မြက်တယ်၊ ပုံစံက ခေတ်မီတယ်၊ Style ရှိတယ်၊ ပြီးတော့ မာနလည်းရှိတယ်။ ဒါက မင်း Favourite ဖြစ်တဲ့စံမျိုးမဟုတ်တော့ ဒါကို မင်းသဘောမကျချင်ဘူး။ အဲဒီလိုအချိန်မှာ အဲဒါတွေနဲ့ဆန့်ကျင်ဘက်ဖြစ်ပြီး မင်းစိတ်ကြိုက်ဖြစ်စေမယ့် ကောင်မလေးကို မင်းမျက်စိရှေ့ ဘွားခနဲတွေ့လိုက်ရတာမျိုးလေ။ အဲဒါ အချစ်မဟုတ်ဘူး သင်္ဂါ"

"ဒါဖြင့် ဘာလဲ"

"ခဏတာ စိတ်လှုပ်ရှားသွားတာလို့ခေါ်တယ်"

မဟုတ်တာ။ တစ်ခဏ စိတ်လှုပ်ရှားမှုက သူ့အာရုံထဲမှာ ဖျက်မရအောင် စွဲနိုင်မှာတဲ့လား။ မှားနေပြီ နေမျိုး။ ငါ သူ့ကိုချစ်မိနေတာ အမှန်ပဲ။ အဲဒါ သေချာပါတယ်။

"မဟုတ်ဘူး"

"ဟုတ်တယ်၊ ဟုတ်ကိုဟုတ်တာကွ။ မင်းရဲ့သိစိတ်နဲ့ မသိစိတ် လွန်ဆွဲပွဲမှာ မင်းနှလုံးသား ကြားမညပ်မိစေနဲ့"

အလိုလေး! တကယ့်ဆရာကြီးပါပဲလား။ ဒီကောင် ပြောဘန်းကဖြင့် သူတို့တွေ ရယ်စရာအဖြစ်သာ ပေါ့ပေါ့လေးတွေ ဖြစ်ခဲ့ကြတာလေ။ ယခု သူ့အလှည့်ကျမှ ရင်ထဲမှာ လေးပင်မှုဆွေ တစ်ပြုံကြီးဖြစ်ရတာ ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



''ကြည့်လည်းပြောပါ နေမျိုးရာ၊ ငါတို့ကောင်မျက်နှာက ဆီးရွက်သာသာလေးပဲ ကျန်တော့တယ်''

''ငါ့ကိုစိတ်ဆိုးတာလား သင်္ဂါ''

''မဆိုင်ပါဘူး''

''မင်း သေချာပြန်တွေး ဆန်းစစ်ကြည့်လိုက်ပါ။ သေချာတာတစ်ခုကို ရှာတွေ့မှာအမှန်ပဲ''

သူဘာမှပြန်မပြောဖြစ်။ အချစ်ဆိုတာ လူကို ဒီလိုပဲ စိတ်ဒွိဟ ဖြစ်စေတာမျိုးလား။ ကောင်းပြီလေ, နေမျိုးပြောတဲ့အတိုင်း သူ့ကိုယ်သူ ဆင်ခြင်ကြည့်လိုက်တာပေါ့။ ခဏတဖြုတ်ယိုင်ခဲ့တာမျိုးဆိုရင်လည်း ကြာရင် သူ့အလိုလို မေ့မေ့ပျောက်ပျောက်ဖြစ်သွားရမှာလေ။

သေချာပါ့မလား။ ခဏလေး တွေ့ခဲ့ရုံလေးနဲ့တောင်မှ ဒီမျက်နှာလေးကို သူမေ့မရနိုင်တာ၊ နေခြည့်ဆီ မကြာခဏသွားတိုင်း သူမနဲ့ ဒီလိုသာ မရည်ရွယ်ပါဘဲ ဆုံခဲ့ရင် ဘယ်နှယ်လုပ်ရမလဲ။ .သူ့စိတ် အနည်ထိုင်နိုင်ပါ့မလား။

သက်မောကို ရှိုက်လိုက်မိစဉ် duty ဝင်ရန် အချိန်ကျပြီမို့ သုံးယောက်စလုံး ပြင်ရတော့၏။ တွေဝေမှုကင်းတဲ့လူကို တွေဝေစေတာ၊ အလုပ်နဲ့လက် မပြတ်တဲ့လူကို ငေးငိုင်စေတာ





အိပ်မက်မက်လေ့မရှိတဲ့လူကို အိပ်မက်တွေ ဖန်ဆင်းစေတာ။ စိတ်ကူးမယဉ်တဲ့လူကို အာရုံမှုန်မှိုင်းစေတာဟာ လူတွေတင်စားလေ့ရှိကြတဲ့ 'အချစ်'ဆိုတာများလား။ သူတကယ်မသိတော့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ကားကို လမ်းဘေးနေရာမှာ ရပ်လိုက်ပြီး မေမေမှာလိုက်သည့် ပန်းသီးဝယ်ရန် ဈေးတန်းဘက် လျှောက်ခဲ့ပါ၏။ သစ်သီးတန်းမှာ အမျိုးအစုံရှိနေပြီး ကီလိုမာလကာသီးကြီးတွေ ရောင်းတာကိုမြင်စဉ် သူ့မျက်နှာက အလိုလိုပြုံးသွားလေသည်။ ပြုံးမိမှာပေါ့။ သူ့ကလေးလေးက မာလကာသီး သိပ်ကြိုက်တာလေ။

"ကိုကိုဒေါက်တာကြီး"

လက်မောင်းကိုဆုပ်ကိုင်ခြင်း ခံလိုက်ရသလို ဒီအမည်ကိုခေါ်သံပါ ကြားရစဉ် သူ့ရင်ထဲမှာ အမြန်ရထားက စခုတ်ချေပြီ။ တွေ့လား. . . အဘယ်မျှ ရင်ခုန်စရာကောင်းလိုက်ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ သူမကို တမ်းတမ်းတတလေး ဖြစ်မိစဉ်မှာ သူမက ရုတ်တရက် ရောက်လာတာလေ။

''ဖူးငယ်. ဘယ်လိုရောက်လာတာလဲ''

''သင်တန်းကဆင်းပြီး ဒီကိုပဲလျှောက်လာတာ''

''တစ်ယောက်တည်းလား''

''ကိုကို့မျက်စိထဲ ဘယ်နှယောက်မြင်လို့လဲ''

နှုတ်ခမ်းက စူချင်လေပြီ။ ကဲ, ဒါမျိုးလေးကိုမှ သူမချစ်မိရင် ဘယ်မိန်းကလေးကို ချစ်မိမှာလဲ။ ငယ်ငယ်ကတည်းက (သူ အထက်တန်း) သူမကို စာပြခဲ့ပြီး ဆယ်တန်းအောင်တဲ့အထိ လက်ပွန်းတတီးရှိခဲ့သည့်မိန်းကလေးရယ်ပါ။

အစ်ကိုရင်းသဖွယ် အားကိုးယုံကြည်ပြီး တွယ်တာခဲ့တဲ့ ဒီအဖြူရောင်သံယောဇဉ်ကြိုးကို ဘယ်လိုများ သူအရောင်ဆိုးဝံ့ပါ့မလဲ။ ခက်တယ် ဖူးငယ်၊ ကိုကို့ရင်ထဲက ချစ်ခြင်းတွေကို မင်းသာ အလိုလိုသိမြင်နိုင်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ နော်။

''မပြောနိုင်ဘူးလေ, တော်ကြာ အန်တီလေးကိုတော့ သင်တန်းလို့ပြောခဲ့ပြီး မြို့ထဲမှာ အတွဲနဲ့လျှောက်လိမ့်နေရင် ဘယ့်နှယ်လုပ်မလဲ။ မဟုတ်ဘူးလား''





''ကြည့်!. . . စပြီ၊ ဖူးကိုမြင်တာနဲ့ စဖို့ပဲ ကိုကိုသိတယ်။ သူ့ကို ကလေးလို့ထင်နေတုန်းပဲလား''

''သြော်. . . ကလေးမဟုတ်တော့ လူကြီးပေါ့လေ''

လက်သီးဆုပ်ဖွဖွက သူ့လက်မောင်းကို လာထုလေ၏။ ထိတထိ ကလိတာမျိုးဟု လူတွေထင်စရာဖြစ်ပေမယ့် မောင်နှမလို နေခဲ့တဲ့သက်တမ်းက (၁၀)နှစ်ခန့် ရှိပြီလေ။

''အန်တီဝါ ဘာမှာလိုက်လို့လဲဟင်''

''ပန်းသီး''

''ဖူး ရွေးပေးမယ်လေ၊ ကိုကိုရွေးတတ်လို့လား''

''ရွေးပါ ရွေးပါ၊ ရွေးလွန်းလျှင် မရ၊ သေးလွန်းရင် လုတဲ့။ ကြည့်သာ,ရွေး''

မျက်စောင်းလှလှကလေးက သူ့ထံရောက်လာလေ၏။ သွယ်အိတ်ပြာလေးကို ရင်ဘတ်မှာပွေ့လျက် ပန်းသီးသည်ရှေ့ ထိုင်ချလိုက်တာမို့ သူပါ လိုက်ထိုင်ရတော့သည်။ မတ်တပ်ရပ်နေသို့ ဘယ်ကောင်းပါ့မလဲ။

''ဘယ်လိုရောင်းလဲ''

''သုံးလုံးတစ်ထောင်ပါ ခင်ဗျာ''

''ဈေးကြီးလိုက်တာ၊ လေးလုံးထားပေးလေ''



www.burmeseclassic.com

www.burmeseclassic.com



“မရလို့ပါ အစ်မလေးရဲ့၊ လေးလုံးဆို ဒီဘက်က ယူပါ။ ဒါဆို ငါးလုံးရပါတယ်”

“ဟင်! အဲဒါတွေက အနာတွေပါတယ်လေ။ ဒီထဲကပဲ ယူမှဖြစ်မှာပေါ့။ ဘုရားဆွမ်းတော်တင်မယ့်ဟာကို”

သူရယ်ချင်လာပြီ။ ဈေးဝယ်ရင် ဈေးဆစ်ရတာမျိုးကို သူတို့ယောက်ျားလေးတွေ သေမလောက်လန့်ပေမယ့် ဖူးငယ်တို့လို မိန်းကလေးကဖြင့် ပေါ့ပေါ့ပါးပါးစစ်နေချေပြီ။

“လေးလုံးပေးရင် အများကြီးဝယ်မှာနော်။ နှစ်အိမ်စာ ဝယ်မှာရှင့်”

“မရလို့ပါဗျာ”

“မရလည်းနေ၊ ဟိုဘက်ဆိုင်မှာ အလုံးလှလှလေးတွေ ရှိတယ်။ အဲဒီကပဲ သွားဝယ်တော့မယ်။ လာ, ကိုကို”

တကယ်ထရပ်ပြီး သူ့လက်ကိုဆွဲခေါ်နေပြီမို့ ဈေးသည်ကို အားနာသွားရပါ၏။ ဒီချာတိတ်မကတော့ လုပ်ချလိုက်ပြန်ပြီ။

“နေပါဦး အစ်မလေးရဲ့၊ ကျွန်တော် ပိုပေးပါ့မယ်။ ဘယ်လောက်ဖိုး ယူမှာလဲ”

“သုံးထောင်ဖိုးလောက်ပေါ့၊ ပြီးရင် မာလကာသီးလည်း ယူဦးမှာ။ ဈေးလျှော့ပေး”





“ဒါဖြင့် ဆယ်လုံးယူပါ”

“ဟင်! ဆယ်လုံးက နည်းတာပေါ့”

“ဒါဖြင့် ဆယ့်တစ်လုံးယူဗျာ”

“ဆယ့်တစ်လုံးဆို အဝေဘယ်တည့်ပါ့မလဲ၊ မရဘူး, ဆယ့်နှစ်လုံးပေး”

“ကဲကဲ. . . ယူဗျာ. ယူ”

“ဒီလိုမှပေါ့၊ အစကတည်းက ပြောတဲ့အတိုင်း ပေးရင်ပြီးရော။ မာလကာသီးကရော”

“မာလကာသီးက လျှော့လို့မရဘူးနော်။ လေးလုံးတစ်ထောင် ပုံမှန်ဈေးဗျ”

“အင်းပါ၊ ပန်းသီးကို လျှော့ပေးလို့ ထပ်မစစ်တော့ပါဘူး”

ကဲ, (၉)လုံးပဲ ရမယ့်ပန်းသီးက (၁၂)လုံးရချေပြီ။ မာလကာသီး တစ်ထောင်ဖိုးပါရွေးပြီးစဉ် သူ ငါးထောင်တန်တစ်ရွက် ထုတ်ပေးလိုက်ပါ၏။ ဈေးသည်က ခပ်နွမ်းနွမ်းတစ်ထောင်တန်ပြန်အမ်း၍ သူလှမ်းယူစဉ် သူမက သူ့လက်ကို တွန်းဖယ်လိုက်လေသည်။

“ပိုက်ဆံအသစ်ပေးတာကို နည်းနည်းကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



လေး ပြန်အိမ်းပါရှင့်''

''အဲဒါပဲရှိ . . .''

''ရှင့်အိတ်ထဲမှာ ဒီလောက်အများကြီးရှိနေတာ မမြင်ဘူးထင်နေလား။ နောက်မဝယ်ဘဲ နေလိုက်မှာနော်''

''ကဲပါ . . . ရော့ရော့''

''ကျေးဇူးပဲနော်''

သူက ဈေးသည်ကို အားတုံ့အားနာဖြင့် ကျေးဇူးတင်စကားဆိုလိုက်မိ၏။ ချာတိတ်မကတော့ဖြင့် သူ့လက်ကိုချိတ်ပြီး ရှေ့ကိုဆွဲတက်ချေပြီ။

''ဘယ်သွားဦးမလို့လဲ''

''မုန့်ဟင်းခါးစားမယ်လေ ကိုကိုရဲ့။ ဗိုက်ဆာနေပြီ''

''ဟာ. . . ဖူးငယ်ကလည်း အိမ်ရောက်ရင် ထမင်းစားရတော့မယ့်ဟာကို တော်ကြာ ရင်ပြည့်ပြီး ထမင်းမစားနိုင်ဖြစ်ဦးမယ်''

''ထမင်းက ဘယ်အချိန်ထ စားစား ရတယ်ကိုကိုရဲ့။ ဒါမျိုးက ဈေးထဲကြုံမှစားရတာ။ ဗိုက်အောင့်လို့ အစာအိမ်ရောဂါဖြစ်ရင် ကိုကို ကုပေးမလို့လား. . . ပြော''

''ကဲ! စားစား မယ်မင်းကြီးမ၊ မုန့်ဟင်းခါးစားချင်တာ





ရောဂါကိုအကြောင်းပြတတ်သေးတယ်။ တကယ်ပဲ''

''အဲဒါ ကိုကို့ညီမလေးလေ''

မေးဆတ်ပြပြီး ပြောတာမို့ အသည်းယားစွာဖြင့် နဖူးကို ယ်ပွှပွှထုမိလေ၏။ အရင်စာပြတုန်းကလိုမျိုး 'ဦးနှောက်ချောင်ပြီ' ဟု သူမ မရေရွတ်တော့ပါလေ။ မုန့်ဆိုင်ထဲ ဝင်ထိုင်ကြတော့ သူ့လက်ထဲမှ သစ်သီးထုပ်တွေကို စားပွဲခုံပေါ်တင်လိုက်ယ်ရန် နေရာရှင်းပေးလေ၏။

သူက ဘေးဆိုင်မှ ရေသန့်ဘူးကြီးတစ်ဘူး သွားဝယ်ာ ဘူးဖွင့်လျက် ပိုက်တပ်ပေးလိုက်ပါသည်။ ဖူးငယ်က ရေအးကိုသာ နှစ်နှစ်ခြိုက်ခြိုက်သောက်လေ့ရှိတာကိုး။

''ရေအေးသောက်မှာလား ကိုကို''

''ဟင့်အင်း, နေပါစေ''

''မုန့်ဟင်းခါးတစ်ပွဲ, ညှပ်တစ်ပွဲပေးပါ၊ မုန့်ဟင်းခါးကကြော် အိုးဘဲဥနဲ့။ ညှပ်က ဗူးသီးနဲ့နော်''

ကဲ! အကြိုက်မတူတာကိုလည်း မှတ်မိနေတုန်းပါပဲလား။ (၆)တန်းနှစ်ကစပြီး စာပြခဲ့ရတာမို့ (၅)နှစ်တာ နေ့စဉ်ရင်းနှီးခဲ့ပါ၏။ ဆယ်တန်းအောင်သွားတော့ လမ်းထဲမှာ မကြာခဏကြရုံကလွဲပြီး သိပ်တရင်းတနှီးမရှိဖြစ်တော့ပါချေ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ဖုးငယ်ကတော့ဖြင့် ယခုတိုင် သူ့အပေါ် စိမ်းသက်မနေပါချေ။

"အန့်တီဝါရော နေကောင်းရဲ့လား"

"ကောင်းပါ့ဗျာ"

"ဦးဦးကျော်ဇင်ရော"

"ကောင်းပါ့၊ မကောင်းရင် ကိုယ် အပ်ထိုးမှာကိုကြောက်လို့တဲ့။ နာစေးချောင်းဆိုးတောင် မဖြစ်ရဲကြဘူး"

"ဟင်းဟင်း. . . တစ်လမ်းတည်းနေပြီး မတွေ့ဖြစ်တာတောင် ကြာပြီနော်။ မေမေတောင် မေးနေသေးတယ်"

"ကိုယ့်ကိုလား"

"အင်းပေါ့၊ ဒါပေမဲ့ ကိုကို့ကို အိမ်အလည်လာနိုင်းရင် အိမ်မှာ တစ်ယောက်ယောက်နေမကောင်းဖြစ်တယ်လို့ လူတွေထင်မှာစိုးတာနဲ့ မခေါ်ရဲတော့ဘူး"

မုန့်ပွဲတွေ ရောက်လာတော့ သူမက ငံပြာရည်၊ ငရုတ်သီးမှုန့်၊ အချဉ်တို့ကိုထည့်စဉ် သူ့လက်က တကာကာ။ ဒီကလေးမက အချဉ်အစပ် တယ်စားသကိုး။

"နည်းနည်းလေးပါ ကိုကိုရ"

"ဘာနည်းရမှာလဲ၊ ဒီလောက်အစပ်တွေစားရင် မျက်နှာမှာ ဘုတွေဒစ်တွေ ထွက်တော့မှာပဲ"





"အမယ်၊ ဒီမှာ ဘယ်နှဖုရှိသလဲ၊ ကြည့်ကြည့်ပါဦး။ ဟွန်း. . ."

မျက်နှာကိုလှည့်ပြလိုက်တာမို့ ချေးသည်အဒေါ်ကြီးက ရယ်လေ၏။ ဒီချာတိတ်မနဲ့တော့ ခက်တာပါပဲနော်။ လူရှေ့မရှောင် တရင်းတနှီးကြီးကို လုပ်ပြနေတော့တာပါပဲ။

"ကိုကို"

"အင်း"

"မမဒေါက်တာလှလှလေးတွေ တွေ့နေပြီလား"

"အဟွတ်! အဟွတ်!"

သူ သီးသွားတာမို့ ဖုးငယ်က ရေဘူးကို သူ့ထံကမ်းပေးလိုက်လေ၏။ ဘယ်ကနေဘယ်လို ဒီလိုမေးခွန်းကို ကောက်ကာငင်ကာ မေးလိုက်ရတာပါလိမ့်။

"ဒါလေးမေးရုံနဲ့ သီးရလား ကိုကိုရ"

"ဘာလို့မေးတာလဲ"

"သိချင်လို့"

"သိတော့ ဘာလုပ်မှာလဲ"

"မြင်ချင်တာပေါ့"

"စပ်စပ်စုစု"



www.burmeseclassic.com

www.burmeseclassic.com



''ကြည့်စမ်း! ကိုကိုမှာ တကယ်ပဲ ရည်းစားရှိနေပြီပေါ့လေ။ ဒါကြောင့် ဖုံးမေးတာကို မဖြေချင်တာကိုး''

''အာ. . . ဘယ်ကသာ, မရှိပါဘူး''

''မယုံဘူး။ ကိုကို့ကို မယုံတော့ဘူး''

ခက်ချေပြီ။ ဘာစကားမှ ဆက်မပြောနိုင်တော့ဘဲ မှန့်ပန်းကန်ကို စွတ်မွှေနေလေ၏။ ရော်!. . . လူရှေ့သူရှေ့ ချော့ရပြုရဦးတော့မှာပါလား။ ကျိတ်လိုက် နေမျိုးကျော်ဇင်ရေ့။

''ဖုံးငယ်က ရာကြမကောက်နဲ့လေကွာ''

''ကိုကိုက လျှို့ဝှက်တတ်နေပြီကိုးလို့''

''ဘယ်မှာလျှို့ဝှက်လို့လဲ မရှိဘဲရည်းစားအကြောင်း မေးတာနဲ့ ကိုယ်က ကြုံရာမိန်းမ လက်ဆွဲခေါ်လာပြလို့ ဖြစ်မလား''

''ဒါဆို ခုန ဘာလို့ မလုံမလဲမှုပျက်ရတာလဲ, ပြော''

''ဟောကြည့်. . . ထပ်တိုးပြန်ပြီ နောက်တစ်မှု၊ ဘယ်လိုရှင်းရမယ်မှန်းတောင် မသိတော့ဘူး။ ဘယ်လောက်ကျလဲ အစ်မ''

''နေပါစေ၊ ဖုံး့ရှင်းမှာ''

''ဘယ့်နှယ် ကလေးက ရှင်းမှာလဲ၊ ဒါ လူကြီးအလုပ်။ ရော့ပါ အစ်မ''





ခြေဆောင့်ချေလေပြီ။ သူ ဘာအမှားလုပ်မိပြန်ပြီလဲ။ ဘာပွဲပဲဖြစ်ဖြစ် Bill ရှင်းရတာ အမျိုးသားတွေရဲ့အလုပ်မဟုတ်လား။ ဒါကို ဒီချာတိတ်မ နားလည်အောင် သူမည်သို့ရှင်းပြရပါ့မလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"တိုင်ပြောမယ်"

"ဟောဗျာ"

"ဟုတ်တယ်လေ၊ ကိုကိုမှ ဖူးကို အရင်လိုမချစ်တော့တဲ့ဟာ။ မေမေ့တူ့ ဖူးအပေါ် အချစ်တွေလျော့ကုန်ပြီလို့ တိုင်ကိုတိုင်မှာ"

မချစ်တော့ဘူးတဲ့။ ဘယ့်နှယ်ပြောလိုက်ပါလိမ့် ဖူးငယ်ရယ်။ ဒီရင်ထဲမှာ သူမတူတဲ့ချစ်ခြင်းမျိုးနဲ့ တစ်စစ တိုးပွားနေတာကိုဖြင့် မင်းမှမသိနိုင်တာလေ။

"ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှဘာဒုက္ခလဲ"

"ဩော်, မဟုတ်တာ လိုက်ဂျစ်နေတော့ ဒုက္ခ မ,တလို့ ဘာကို တ.ရမှာလဲ ဖူးငယ်ရဲ့"

"ပြီးတော့ လူကိုလည်း ခုထိ ကလေးလို့မြင်နေတာကို လည်း မကျေနပ်ပေါင်"

"ဩော!. . . နောက်ထပ်တစ်ပြစ်လား"

ကား dashboard ပေါ်မှပစ္စည်းတွေကို ဟိုဟာကောက် ကိုင် ဒီဟာကောက်ကြည့်ဖြင့် စပ်စုကာ မကျေမနပ် နှုတ်ခမ်း လျက် ပြောနေပြန်လေ၏။ အင်း, ဒီပုံနဲ့တော့ သူ့ကိစ္စက အမှု ပြတ်တော့မယ်မထင်။

"ဖူးငယ်အိမ်ထဲ လိုက်လည်ရဦးမလား"

"မလိုက်ချင်လည်းနေပေါ့၊ ရတယ်"

"ဟာ. . . စကားကောင်းတောင် ပြောလို့မရတော့ လား။ အသည်းတောင် ယားလာပြီ။ အား. . ."

သူက အသည်းယားတယ်ပြောရုံရှိသေး၊ ဖူးငယ်က သူ့ လက်ဖျံကို ဖျတ်ခနဲဆွဲဆိတ်လိုက်ချေပြီ။ အဲဒီလို အနိုင်ခံရ အစ်ကိုလိုမျိုးပဲ သူ့အပေါ် သူမချော့နေသလား။

"နာလိုက်တာကွာ၊ ပုရွက်ဆိတ်လား, ခါချဉ်လားမ





ဘူး။ အဆိပ်တက်ပါပြီ"

"ကြည့်!. . ."

သူနာတာက ကိစ္စမရှိ၊ သူမလက်နုနုလေး နာကျင်မှာ ကိုဖြင့် တွေးမိပုံမရပါလား။

"ခုတော့ နာတတ်နေပြီမဟုတ်လား။ ကိုကိုသာ ရည်းစားရသွားရင် ဖူးကို အခုလို ကားကြုံတောင် ခေါ်တင်မယ်မထင်။ သူ့ Lady ပါလာတာနဲ့ ပြုံးပြီးနှုတ်ဆက်ရင်တောင် ကံကောင်း"

သူရယ်မိချေပြီ။ မမြင်ရတဲ့လူကို မှန်းဆပြီး အူတိုနေပုံက ရယ်စရာဖြစ်နေတာကိုး။ ဒီလိုကောင်မလေးနဲ့သာ ချစ်သူဖြစ်ရင် ပတ်ဝန်းကျင်ကလူတွေသာ သူတို့စုံတွဲကိုမြင်ကြရင်တော့ အတင်းပြောကြမှာအမှန်ပါ။ ကလေးကိုမှန့်ပေးကြိုက်လို့ အနိုင်ကျင့်ခံရတယ်လို့လေ။

"ကိုကို ဘယ်သူ့ကိုမှ မချစ်မိသေးပါဘူး ဖူးငယ်ရာ"

"ဟုတ်လို့လား"

"ဟုတ်တယ်"

"အခု ကိုကို့အသက် ဘယ်နှနှစ်လဲ"

"ဘာလုပ်ပြန်ဦးမလို့လဲ"

"မေးတာကိုသာ ဖြေပါကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



“(၂၉)ကျော်နေပြီ”

“ဟင်း. . . ဖူးထက် (၉)နှစ်တောင် ကြီးတာကိုများ ဒီ အရွယ်ထိ ရင်မခုန်ဖူးဘူးဆိုတာ ကိုကိုညာပြောတာပဲ။ မယုံရေးချ မယုံ”

“လုပ်ပြန်ပြီ၊ အခုထိ ချစ်ရမယ့်သူ မရှိသေးဘူးလို့ပဲ ပြောတာပါ ဖူးငယ်ရဲ့။ ရင်မခုန်ဖူးဘူးလို့ မပြောမိပါဘူး”

“ဖူးပြောတာ ဆန်းဆန်းပြားပြား ထူးထူးခြားခြား ရင် ခုန်တာကို ပြောတာနော်”

“ဟုတ်ပါ့၊ ထူးထွေဆန်းပြားစွာ ရင်ခုန်တာကိုပဲ ကိုယ် ‘ပြောတာပါ”

“တယ်ဟုတ်ပါလား။ ပြော, ဘယ်ကောင်မလေးကို ရင် ခုန်တာလဲ”

‘မင်းကို’ဟု ယောင်ရမ်းထွက်တော့မည့်နှုတ်ကို ဆင်ခြင် ရပါ၏။ ဖူးငယ်က သူ့ကို အစ်ကိုလိုဆရာလို ရှိသေချစ်ခင်မှုန်း သိလျက်နှင့် ရှေ့တစ်လှမ်းတိုးလို့ ဖြစ်ပါ့မလား။ ရဲတယ်အပြော ခံရရင်တောင်မှ သူ့သိက္ခာထက် ဖေဖေတို့မျက်နှာက ပိုအရေး ကြီးနေတာလေ။

“ဟင်လို့”



BURMESE CLASSIC .com



“နောက်တော့ ပြောမယ်”

“ကြည့်စမ်း! လူကို Korea ဇာတ်လမ်းလို ဆန့်တင့်င့် ထားပြီး လုပ်ကြဲတယ်”

“လေများမနေနဲ့၊ အိမ်ပြန်ရောက်နေပြီ”

“မြန်လိုက်တာ”

“မမြန်ချင်ရင် ကိုယ် ကမ္ဘာပတ်တော့မှ လိုက်ခဲ့, ချာ ဘိတ်မရဲ့”

“အို! ကိုကိုခေါ်လို့ကတော့ လကမ္ဘာထိတောင် ဖူး,လိုက် နိုင်သေးတယ်”

“အပြောကတော့ ယှဉ်မပြောနိုင်ပါလားနော်။ နေနေ, ကိုယ်ပဲ သယ်ပေးမယ်”

သစ်သီးထုပ်တစ်ထုပ်ကို ဆွဲလိုက်တာမို့ သူ လှမ်းတားး လိုက်ရပါ၏။ တစ်ထုပ်မှာ ပန်းသီး (၆)လုံးနှင့်မာလကာသီး(၂) လုံးစီ အတူတူပါတာမို့ လေးသင့်သလောက် အလေးရှိနေလေ သည်။

“အိမ်ထဲထိ လိုက်မယ်ပေါ့လေ”

“ဒါပေါ့၊ ဖူးငယ်ခေါ်ရင် အဝီစိအထိ လိုက်ရဲတယ်”

“အာ. . . ကိုကို အစုတ်ပလုတ်၊ ဘာအဝီစိလဲ။ နိဗ္ဗာန်



www.burmeseclassic.com

www.burmeseclassic.com



ဆို ဟုတ်တုတ်တုတ်''

''နိဗ္ဗာန်က ကိုယ်နဲ့အတူတူ လကမ္ဘာသွားရင်း ရောက်ဖူးမှာလေ။ အဝီစိက မရောက်ဖူးတော့ ဖူးငယ် ခေါ်ပေါ့''

ကျောကိုတုပြန်၏။ နှစ်ယောက်သား ရယ်ရယ်မောမော ဖြင့် အိမ်ထဲဝင်စဉ် အထဲမှ အန်တီငယ် (ဒေါ်နုတွေးငယ်) ထွက်လာတာနှင့် ဆုံလေသည်။

''ဟော. . . မေ့သမီး ဘယ်က Taxi နဲ့ပြန်လာသလဲ မှတ်တယ်၊ သားနေနဲ့ကိုး''

''အန်ကယ်ရော အန်တီငယ်''

''မနက်တစ်ကြိမ် ညနေတစ်ကြိမ် လမ်းလျှောက်ထွက်တယ်လေ။ နည်းနည်းကြာမှ ရောက်မှာ''

''ဒီမှာ အန်တီတို့ဖို့ တခြားအသီးတွေလည်း ဝယ်မလို့ပဲ၊ မေမေက ပန်းသီးတစ်မျိုးပဲ မှာတာနဲ့ ဒါပဲဝယ်ခဲ့ရတယ်''

''အားနာစရာ သားရယ်၊ အိမ်မှာလည်း သစ်သီးတွေ ရှိပါသေးတယ်။ ဒါက သားညီမ ပူဆာတာထင်တယ်''

''မပူဆာပါဘူး မေမေရဲ့၊ ကိုကို သူ့ဘာသာသူ ဝယ်ပေးတာပါ''

''ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ပြီးရင် ပေါက်ကရစား





ဗိုက်က အောင့်ပြဦးမယ်''

''မေမေကလည်း။ ကိုကို့ရှေ့မှာ လျှောက်မပြောနဲ့လေ''

''ဘာလဲ၊ အပ်နဲ့ One set ဖြစ်မှာတော့ ကြောက်တယ်ပေါ့လေ''

သူပြောတော့ မျက်စောင်းခဲပြလေ၏။ နှစ်ယောက်ထိုင်ဆက်တီမှာ အတူထိုင်လိုက်မိပေမယ့် အန်တီ့ထံမှ ကန့်ကွက်သံထွက်မလာသလို အကြည့်ဖြင့် တားမြစ်တာမျိုးလည်း မရှိတာ တော်ပါသေးရဲ့။ ဖူးငယ်က သူ့နားကို ပိုတိုးကပ်၍ပင် ထိုင်နေသေးတာလေ။

သူကသာ စိတ်ထဲမှ အားနာပြီး မျက်နှာပူသလိုဖြစ်နေပေမယ့် ဖူးငယ်တို့သားအမိကတော့ ခါတိုင်းလို အရယ်အပြုံးတွေ ဖောက်ပါချေ။ သူ့အကျင့်သိက္ခာကို ရဲရဲယုံစားတတ်ကြောင့်လည်း ဖြစ်နိုင်ပါသည်။

''သားသောက်ဖို့ တစ်ခုခု. . . ''

''နေပါစေ အန်တီ၊ ကျွန်တော်တို့ မုန့်စားခဲ့လို့ပါ''

''ဟော! ဒီကလေးမ လမ်းမှာ ဘာတွေစားခဲ့ပြန်ပြီလဲ။ ဒါနဲ့ ညနေစာက လွှတ်ဦးမယ်။ ဖူးဖူးဟာလေ''

''မေမေကလည်း၊ ဖူး မုန့်ဟင်းခါးလေးတစ်ပွဲပဲ စားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာကို။ အဲဒါလေးက လမ်းနည်းနည်းလျှောက်လိုက်တာနဲ့ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး''

''တွေ့လား၊ နိုင်လို့ရတဲ့လူ့တွေ့ရင် အဲဒီလိုပဲ။ ကဲကဲ. မမဝါအတွက် ဘုရားပန်း အန်တီခူးပေးလိုက်မယ်''

''မဟုတ်တာ အန်တီရယ်၊ ရပါတယ်''

''ဘာရပါတယ်လဲ သားရဲ့၊ နှင်းဆီခင်းထဲမှာ ပန်းတွေအများကြီးပွင့်နေလို့ ယူသွားလိုက်ပါ။ အပူးလေးတွေ ခူးပေးလိုက်ရင် မနက်ကျ သူ့ဟာနဲ့သူ ပွင့်သွားရော။ သားမေမေ သဘောကျမှာ''

ခြံထဲ ပြန်ရောက်ခဲ့ရပြန်၏။ ဟုတ်ပါရဲ့၊ အန်တီငယ်စိုက်ထားသည့်နှင်းဆီခင်းမှ ရနံ့က မွှေးပျံ့လို့ပါလေ။ သုံ့က ပန်းမကြိုက်ပေမယ့် မေမေတို့မိန်းမတွေကတော့ ပန်းသရဲလို့ပြောရအောင် ပန်းကိုနှစ်ခြိုက်ကြလေ၏။

''မမဝါက အဝါကြိုက်တော့ အဝါများများပေးလိုက်မယ်သိလား''

''လက်စူးဦးမယ် အန်တီငယ်''

''အေးပါသားရဲ့၊ ဟိုကလေးမကိုသာခိုင်းမှ စူးမှာ။ အန်တီက ကျွမ်းကျင်ပါတယ်ကွယ့်''





နံ့ဘေးမှကပ်ပါလာသည့် ဖူးငယ်က နှာခေါင်းရှုံ့ပြလိုက်လေ၏။ ဘယ်လိုပဲ မျက်နှာကို အမျိုးမျိုးပြောင်းပါစေ၊ ချစ်စရာကောင်းသည့်အနေအထားကတော့ မပြောင်းလဲပါလေ။ ဒီလို မိန်းကလေးကို မြင်တဲ့ယောကျ်ားတိုင်း စိတ်မဝင်စားဘဲ ရှိမှာတဲ့လား။

ဟိုတလောကလေးကပဲ သူငယ်ချင်းဖြစ်သူ ဘုန်းသင်္ဂါတောင် ရင်ဖွင့်ပြသေးတာ။ သူမြင်တဲ့မိန်းကလေးပုံစံက ဖူးငယ်ပုံစံလိုမျိုးဖြစ်နေတာကိုး။ အဲဒီတုန်းက သူ့စိတ်ထဲ မနိုးစနောင့်တောင် ဖြစ်သွားရသေးတာလေ။

သူ့ဖူးငယ်နဲ့ ဒီကောင် ဆုံစရာဘာအကြောင်းမှ ရှိမနေဘာကို စဉ်းစားမိပြီးမှ သက်ပြင်းကိုတ်ချခဲ့ရတာပါ။ ရှိပါစေတော့၊ သူ့ကိုသာ ချစ်သူရနေပြီလားဆိုပြီး စွပ်စွပ်စွဲစွဲတွေ ပြောနေတဲ့ဖူးငယ်မှာရော လိုက်ကြိုက်တဲ့သူတွေ ခုနှစ်ဒေါး ရှိနိုင်သည်ပဲ။

အလို! သူ့ရင်ထဲ ပူလာရပြန်ချေပြီ။

''ဖူးငယ်''

''ရှင်''

မျက်ဝန်းနက်တို့ ပင့်ကြည့်စဉ် ရင်ထဲမှာ လှုပ်ခနဲ။ ဘယ်လိုလှုပ်ရမလဲ၊ အရင်ကတော့ သူ့မျက်စိရှေ့ ကြီးလာတဲ့ကလေးဆိုပြီး ဖြူဖြူစင်စင်စိတ်လေး ထားခဲ့ပြီး အခုမှ သူ့စိတ်တွေ (ဖူး



www.burmeseclassic.com

www.burmeseclassic.com



ယ်အပေါ်) ဖောက်လွဲဖောက်ပြန်ဖြစ်ချင်နေတာလေ။

"ကျောင်းမှာရော သင်တန်းမှာပါ ကြိုက်တဲ့သူမရှိဘူးလား"

"ဖူးကိုလား"

လက်ဝါးလေး ရင်ဘတ်ကပ်လျက် မျက်လုံးထောင့်ကပ်မေးလိုက်ပုံက တစ်မျိုးလေး ဆွဲဆောင်နေပါ၏။ ဒုက္ခပဲနော်၊ တခြားချာတိတ်တွေရှေ့မှာရော သူမ ဒီလိုမနို့တရို့လုပ်ပြတတ်တာပဲလား။ ကိုယ်ရင်ပူရပါလား ဖူးငယ်။

"အင်း"

"ရှိတာပေါ့"

သူ့မျက်နှာ ကွက်ခနဲပျက်ချေပြီ။ ဘယ်လိုပဲ ဟန်ဆောင်နေပါစေ၊ စသလိုပြောပေမယ့် သူ့ရင်ထဲမှာ မခံစားနိုင်တာလေ။ ဘယ်လိုလဲ ဖူးငယ်ရယ်။

"ဘယ်နှယောက်တောင် ရှိသလဲ"

"အများကြီးပေါ့"

သူ နှုတ်ဆိတ်သွားရပါ၏။ အများကြီးတောင် ရှိမှတော့ တစ်ယောက်တစ်လေ ပြန်မကြိုက်ဘဲ ရှိပါ့မလား။ အနည်းဆုံး သူငယ်ချင်းတွေထဲကတောင် ဖြစ်နိုင်သေးတာလေ၊





"ဖူးငယ် ပြန်ကြိုက်တဲ့သူရော"

"ရှိတာပေါ့"

သေစမ်း! နေမျိုးကျော်ဇင်။ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်မိသလိုမျိုး မေးမိရတယ်လို့။ မျက်လုံးထဲ ပြာသွားသလိုတောင် ဖြစ်သွားရလေ၏။ ဖူးငယ်က သူ့မျက်နှာကို အတင်းလိုက်ကြည့်နေတာမို့ အန်တီငယ်ရှိရာဆီသို့ သူ့အကြည့်ရွှေ့ထားလိုက်ရပါသည်။ ရင်ထဲမှာတော့ ဟာတာတာရယ်ပါလေး

"ရပြီသားရေ့၊ ဒီလောက်ဆို မမဝါရဲ့ဘုရားကြေးပန်းအိုးပြည့်လောက်ပြီထင်တာပဲ"

"ဟုတ်ကဲ့"

"ဒီမှာ မေမေရေ့၊ မေမေ့တူက ဖူးမှာ ချစ်သူရှိပြီထင်ပြီး စိတ်ကောက်နေတာ။ မျက်နှာကို ရှုပ်နေတာပဲ"

"ဟယ်!. . . ဒီကလေးမလေးကတော့လေ၊ အစ်ကိုကို နောက်စရောလား"

ဟက်ဟက်ပက်ပက် ရယ်မောနေသည့်ဖူးငယ်မျက်နှာကို သူငေးကြည့်လျက် ကျိတ်ပြုံးလိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ငယ်ငယ့်ကို အားနာစရာသားရယ်၊ ဘာလို့ ပန်းတွေ ယူလာရတာလဲ။ လှကလှနဲ့တော်"

"ဘုရားပန်းအိုးထိုးဖို့ဆိုပြီး ပေးလိုက်တာပါ မေမေ"

"ဖူးငယ်လေးနဲ့ရော တွေ့ခဲ့လား"

"တွေ့တယ်၊ ဒီအသီးတွေဝယ်ကတည်းက အတူပြန်ခဲ့တာ မေမေ"

မေမေက ညနေစာစားရန် ပြင်ဆင်နေပြီး သူကမ်းပေးလိုက်သည့်ပန်းတို့ကို ရေအရင်ထောင်ကာ သင်သီးတွေကို ရေဆေးလိုက်ပါ၏။ မနက်စောစောမှ သစ်သီးဆွမ်း ကပ်မည်ထင်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

''သားသူငယ်ချင်း မောင်ဘုန်းတောင် စေ့စပ်ပြီးပြီ။ ဝေမိုးလည်း စန္ဒာနဲ့သေချာတာပဲ။ မေမေ့သားကရော''

''အာ. . . မေမေကတော့ လုပ်ပြီ''

''ဟဲ့! အတည်ပြောနေတာ သားရဲ့၊ လူကြီးတွေပြောရင် အမြဲပြောင်စပ်စပ်လုပ်ပြီး လျှောချခဲ့ပေါင်းများပြီ၊ အသက်ပဲ (၃၀) ထဲဝင်နေပြီဟာကို။ ရင်ခုန်ဖက်လေးတော့ ရှိသင့်ပြီပေါ့ နေမျိုးကျော်ဇင်''

ဟိုက်ရှားပါး! ခေတ်မီမာမီလို့ မပြောရအောင် သူ့မေမေက ဗန်းစကားပင် သုံးတတ်နေပြီ။ 'ရင်ခုန်ဖက်'တဲ့လား။ သူတောင် တစ်ခါမှမတွေးကြည့်ဖူးတဲ့အသုံးအနှုန်းပါပဲ။

''ဟဲ့. ပြောနေတာကို ပြုံးစိစိလုပ်နေပြန်ပါပြီ''

''ကျွန်တော် ဒီလိုပဲပျော်ပျော်နေနေတာလေ မေမေရာ။ ဒီလိုမနေလို့ ဘယ်လိုနေရမှာလဲ''

''အေးလေ၊ မေမေက ချွေးမဘယ်တော့ရမလဲ မေးနေတာပေါ့၊ ဘယ်မလဲ ရည်းစား''

''မေမေက ချွေးမပဲ လိုချင်သေးတာဆိုတော့ တော်သေးတာပေါ့။ ဟိုကောင့် သင်္ဂါမာမီ အန်တီသီဂီက မြေးပါ တင်





ခါတည်း တန်းချိုချင်တာတဲ့''

''ကြည့်! စကားကောင်းပြောနေရင် ဟိုရောရော ဒီရောရောနဲ့ ရောချပြီ။ မေမေမေးတာ အရင်ဖြေဦး''

''ဘာကိုလဲ''

''သားရည်းစားလေ''

''ရှိမှမရှိတာ မေမေရ၊ ဘယ်လိုခေါ်ပြလို့ရမှာလဲ''

''ညံ့ပါ့ဟယ်၊ ဒီအရွယ်ထိ အမြီးမပေါက်မှတော့ မေမေ့သားကို မျောက်ဖင်နီလို့ပဲ လူတွေဝိုင်းခေါ်ကြတော့မှာပေါ့။ စိတ်ညစ်ပါရဲ့''

မေမေမျက်နှာရှုံ့သွားတာက အကြောင်းမဟုတ်၊ နောက်မှ သူ့ကိုနှိုင်းယှဉ်ပြောသည့်အကောင့်ကြောင့် ထမင်းပွဲဝိုင်းပြင်နေသည့်မပြုံးက တဟိဟိရယ်ပြနေချေပြီ။ သူ့အမေက ဤသို့ဤနှယ် သူ့နဲ့စိတ်အလွန်တူသည့်မိခင်ပါပဲ။

''မေမေ့နှယ်ဗျာ၊ နှိုင်းစရာအကောင် ဒီလောက်ရှားရတယ်လို့''

''ဟုတ်တာပြောတာပဲလေ၊ သူငယ်ချင်းတွေတောင် နွံကုန်ပြီဟာ။ မင်းက စွံတာ မျက်စိပဲရှိတယ်''

ကဲ! တွေ့လား၊ သူ့မေမေက ပြောလိုက်ရင် အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



တစ်တစ်ခွခွ ပွင့်ပွင့်လင်းလင်းပါပဲ။ ညနေစောင်း စားလာသည့် မုန့်တစ်ပွဲက ဖူးငယ်ပြောသလိုပင် ဘယ်ချောင်ကပ်သွားမှန်းမသိတော့ပါလေ။ ယခု မေမေတို့ညစာပြင်ဆင်ပေးနေတော့ ည (၈) နာရီပင် ထိုးနေလေပြီ။

"မဖြစ်ပါဘူး၊ သားကိုယ်တိုင် မရှာနိုင်ရင်တော့ မေမေ့တာဝန်ပဲထား။ မေမေပဲ ရှာပေးရတော့မှာပေါ့"

"ဟာ! မေမေ၊ အရမ်းစွတ်မလုပ်နဲ့နော်။ တော်ကြာ သဂီလို မချစ်ဘဲနဲ့ စေ့စပ်တဲ့အဆင့်အထိ ဖြစ်ကုန်ဦးမယ်"

"မဖြစ်ပါဘူး သားရယ်၊ ဒီလိုပဲ လူကြီးချင်း တီးခေါက်ကြည့်ရမှာပေါ့။ နေပါဦး၊ မောင်ဘုန်းနဲ့ အဲဒီကလေးမက နည်းနည်းကြာကြာတွဲပြီးမှ စေ့စပ်ဖြစ်တာဆို။ ဘယ်လိုကြောင့် ဒီလို အသံထွက်လာရတာလဲ"

"မသိပါဘူး မေမေရယ်၊ ဒီကောင့်ကြည့်ရတာ စိတ်နဲ့လူ မကပ်သလို ငေါင်စင်းစင်းကြီးဖြစ်နေတာ စိတ်မချမ်းသာလွန်းလို့ပါ။ ကျွန်တော့်အလှည့်မှာတော့ ဒီလိုအဖြစ်မခံနိုင်ဘူး မေမေ။ ကိုယ်မချစ်ဘဲနဲ့တော့ မိဘအလိုကျ မျက်စိမှိတ် မလိမ္မာနိုင်ပါဘူး။ အစောကြီးကတည်းက ကြိုပြောထားပါရဲ့"

မေမေ့မျက်စောင်းက သူ့ထံ ဒိုင်းခနဲရောက်လာလေ၏။





မှန်တာကိုပဲ သူပြောတာလေ။ အခုလောလောဆယ်မှာ မရှုနိုင်မကယ်နိုင်ဖြစ်နေရတာ ဘုန်းသဂီပဲမဟုတ်လား။

"ဒီလောက်တော့ မေမေလည်း သိပါတယ်သားရဲ့။ သားစိတ်မပါဘဲနဲ့တော့ မေမေတို့က အတင်းရိုက်မပေးစားပါဘူးကွယ်"

တော်သေးတာပေါ့။ သူ့အပေါ် မေမေတို့ ဒီလောက်နားလည်ပေးနိုင်တာကို။ ဖေဖေပြန်မရောက်သေးတာမို့ ထမင်းစားစောင့်ရင်း ရင်ပူလာသည်နှင့် ရေခဲသေတ္တာထဲမှရေဘူးကို ထုတ်ကာ ဖန်ခွက်ထဲ ရေငှဲ့သောက်လိုက်ပါသည်။

"ဒါနဲ့ ဖူးငယ်လေးမှာ ချစ်သူတွေဘာတွေ ရှိတယ်လို့များ သားကြားသလား"

"ဖူး! ဖလူး!. . ."

"ဟဲ့! ခြော်, ဒါလေးမေးမိတာနဲ့ ဘာဖြစ်သွားရတာလဲ၊ အလန့်တကြား"

ဒီတစ်ခါဖြင့် ရေသီးတာမဟုတ်ဘဲ နှာခေါင်းထဲ ဝင်သွားသည်အထိ ကသိကအောင့်ဖြစ်သွားရလေ၏။ ဘယ်လိုလဲ ဖူးငယ်၊ မင်းနဲ့ပတ်သက်လာရင် ကိုယ့်မှာ အယောင်ယောင်အမှားမှားနဲ့ ဖြစ်နေရတာပါလေ။

"မေမေက ကျွန်တော်နဲ့ဖူးငယ်ကိုများ"



www.burmeseclassic.com

www.burmeseclassic.com



''အေးလေ. ကိုယ့်မျက်စိရှေ့ ကြီးလာတဲ့ကလေးက ဗို စိတ်ချရတာပေါ့သားရဲ့။ ချစ်သူတွေဘာတွေ တစ်ခါမှမထားဖူ မရှိဖူးတဲ့ကလေးလောက် အပြစ်ကင်းစင်တာမျိုး ဘယ်မှာသွာ ရှိနိုင်မှာလဲ။ ဘာလဲ. . .သားက ဖူးငယ်ကို သဘောမကျလို့ လား''

''မဟုတ်ပါဘူး''

''ဒါဆိုလည်း သက်တူတန်းတူထဲကဆိုပြီး မောင်ဘုန် လိုမျိုးတွေ ရွေးဦးမလို့လား''

''အာ. . .ဖူးငယ်က ကျွန်တော့်ထက် အသက်အရမ် ငယ်လွန်းလို့ ဖြစ်နိုင်ပါ့မလားလို့ ပြောချင်တာပါ''

''ဘာဖြစ်လဲ၊ ကြီးရင်မို့. ငယ်ရင်ချီတဲ့။ မေမေတို့လို သူတို့လည်း ပြည့်စုံတန်သလောက် ပြည့်စုံတာပဲဟာ။ ဒီခေတ် ကြီးထဲမှာ ဒီလိုအိမ်မှုကိစ္စ နိုင်နင်းပြီး မိန်းကလေးပီသတဲ့ ဗိုင် ကောင်းကျောက်ဖိကလေးမျိုး ရှာကြည့်စမ်းပါသားရဲ့။ တစ်ရာမှ တစ်ယောက်ရှိရင် ကံကောင်း။ မိန်းကလေး အသက်ငယ်တာ ကိစ္စမရှိဘူးကွယ့်''

သူ့ Plan နဲ့သူ မေမေကတော့ ဟုတ်နေတာပါပဲလေ ဟိုဘက်က အခြေအနေ ဘယ်လိုရှိမှန်းမသိ တစ်ဖက်သတ် O





နေတာကတော့ အံ့သြပါရဲ့။

''သူ့မိဘတွေသဘောက ရှိသေးတယ်လေ မေမေရဲ့''

''အို! မေမေတို့နဲ့ ငယ်ငယ်က ဒီလောက်ရင်းနှီးကြတဲ့ ဟာပဲ''

''ရင်းနှီးတာနဲ့ပဲ သမီးတော့ မပေးပါဘူးမေမေရာ''

''ဟဲ့! ဩော်. ပြောရဲဆိုရဲရှိတာကို ပြောတာလေကွယ်''

'ပြီးတော့ ဖူးငယ်ကလည်း သူ့ထက် အသက်ကြီးတဲ့ ကျွန်တော့်ကိုချစ်နိုင်ဦးမှ''

''အလိုတော်! ဒီလောက် အရိုးမျှားချေးခါးဖြစ်နေရင် လည်း ကိုယ့်စိတ်ကြိုက် ကိုယ်ရှာရွေးလာလိုက် ဒေါက်တာနေမျိုး ကျော်ဇင်ရေ့။ တကတည်းမှ. ပြောရတာ လက်ပေါက်ကပ်တယ်၊ ဟွန်း. . .''

မေမေက သူပြောသမျှ ကန့်လန့်တွေချည်းမို့ စိတ်မရှည် သလို အော်ချေပြီ။ ခက်တာပဲ၊ သူကလည်း သူပါ။ စိုးရိမ်စိတ် တွေ တအားများပြီး တင်ကြိုစိတ်ပူတာ ဘယ်လိုလုပ်ရပါ့မလဲ။ ဘွဲ့တွေတတ်တဲ့လူမဟုတ်ပေမယ့် အချစ်ရေးကိစ္စမှာတော့ အမှား ကင်းစင်ချင်တာ အမှန်ပါလေ။

''ဒီသားအမိတွေ ဆူဆူညံညံနဲ့ပါလားဟေ့၊ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတာလဲ''

ကဲ! ကုမ္ပဏီကပင် ဖေဖေပြန်ရောက်လာပေပြီ။ မေမေ က ဖေဖေ့အတွက် သံပုရာရည်အေးအေးလေး ဖျော်ကာ လာပေး ရင်း သူ့ကိစ္စကို တိုင်လေတော့၏။ ခုမှ (၁၀)တန်းကျောင်းသား လေးဘဝ ပြန်ရောက်ပါရောလား နေမျိုးကျော်ဇင်။

''ဒီမယ်လေ၊ အစ်ကိုသားကို အိမ်ထောင်ချပေးဖို့ကိစ္စ လေး တိုင်ပင်ပါတယ်၊ ကဖျက်ယဖျက်လုပ်နေလို့ စိတ်တိုနေ တာ''

''ပြောပါဦး၊ ဝါက ဘယ်သူနဲ့သဘောတူချင်လို့လဲ''

''ငယ်ငယ်သမီးလေးပဲ ရှိတာပေါ့အစ်ကိုရဲ့။ အဲဒါကို ငယ်လွန်းတယ်လေး ဘာလေးဆိုပြီး ချေးခါးအူများလုပ်နေလေ ရဲ့။ သူ့စိတ်ကြိုက် ခေါ်လာဆိုပြန်တော့လည်း လက်က ဗလာ လေ''

''ဟုတ်သားပဲ သားရဲ့၊ ဖေဖေတို့မျက်စိထဲမှာတော့ အဲ ဒီဖူးဖူးလေးပဲ ရှိတယ်။ တန်းတူတွေ ဒြပ်တူတွေ ဂုဏ်တူတွေ ဘေးခေါက်ထားလိုက်စမ်းပါ။ အလိမ္မာအိမ်ပါ မိန်းကလေးမျိုးက ရှားတယ်သားရ''

အသို! အားတက်သရောကို ဘေးဝိုင်းတီးနေကြပါချေ



သား။ ရင်ထဲမှာ အပျော်တွေက ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ 'က' နေချေပြီ။ ဒီလောကကြီးထဲမှာ သူ့လောက် ကံကောင်းတဲ့သူ ရှိ ပါဦးမလား။

ကိုယ်ကိုယ်တိုင်ကလည်း နှစ်ခြိုက်၊ မိဘတွေကလည်း သဘောကျဖြစ်တဲ့ အိမ်ထောင်ရေးလောက် ပျော်ရွှင်တည်ဆောက် နိုင်တာ အကောင်းဆုံးမဟုတ်လား။

''သားသဘောက ဘယ်လိုလဲ''

''ဘာကိုလဲ ဖေဖေ''

''ဖူးဖူးလေးကို သဘောမကျနိုင်ဘူးလားလို့ မေးနေတာ လေ။ အခုဆို သူ နောက်ဆုံးနှစ်လားမသိ၊ ကျောင်းပြီးတာနဲ့ လက်ထပ်ဖြစ်ရင် OK ပဲ''

''ဖေဖေ့အတွေးနဲ့က ဟုတ်တာပေါ့''

''ဒီလောက်ကတည်းက ကြိုစီစဉ်ထားမှ တန်ကာကျတာ နေမျိုးရဲ့။ ဖဝေဖဝါလုပ်တတ်တဲ့အကျင့်ကိုဖျောက်ပါဆိုတာ အခု ထိ မပျောက်ချင်သေးဘူး၊ ဆေးကျောင်းအမှတ်မီပါ့မလား၊ အင် ဂျင်နီယာကျောင်းပဲ တက်ရင်ကောင်းမလားဆိုပြီး တွေဝေတတ် ဲ့ ဆယ်တန်းတုန်းကလို လုပ်မနေနဲ့။ ရဲရဲတွေး ရဲရဲဆုံးဖြတ်၊ ယောက်ျားပဲ၊ Do or Die ပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီလိုစဉ်းစားနေပုံနဲ့ သူများ ဦးသွားမှ ငိုမဲ့မဲ့ဖြစ်ဦးမှာ မြင်ယောင်သေးတယ် အစ်ကိုရေ့"

လုပ်ချလိုက်ပြန်ပြီ။ ခုနက ပျော်နေသည့်အပျော်လေးပင် ဘယ်ပျောက်သွားပြီမသိအောင် မေမေ့ရိုက်ချက်က ပြင်းပါ၏။ သူ့မျက်နှာ အီလယ်လယ်ဖြစ်သွားတာကိုမြင်တော့ ဖေဖေက ကျိတ်ပြုံးချေပြီ။

"ကျွန်တော်က ဖူးငယ်ဘက်က တွေးပူမိတာပါ ဖေဖေရ"

"ဘာလို့လဲ"

"သူ့ကိုစာပြပေးခဲ့တဲ့လူဆိုတော့ ဆရာလို ရှိသေတာရော၊ အစ်ကိုလို လေးစားတာပါ ရှိနေတာဆိုတော့ ရုတ်တရက် ဒီလိုမျိုးပြောတာကိုသာသိရင် သူစိတ်ဆိုးသွားမှာစိုးတာပါ"

"ဟဲ့! အဲဒါမှပိုပြီး အားကိုးယုံကြည်မှာပေါ့ သားရဲ့၊ ရှိတောင်ကောင်းသေးတယ်"

"တော်ကြာ ကျွန်တော့်ကို အတွေ့မခံတော့ရင် ဘယ်နှယ်လုပ်မလဲ။ ရှိရင်းစွဲသံယောဇဉ်လေး တိခနဲပြတ်မှ ကျွန်တော် သေမှာ"

"ကဲကဲ. . . ကိုယ်တို့လူကြီးတွေ စကားတောက်ကြ





ပြီ ဝင့်ဝါရေ့၊ မင်း.သားက မလုံတဲ့အိုးကို ဟိုဖုံးဒီဖိနဲ့ ငါအကုန်မြင်နေပြီ"

"ဗျာ! ကျွန်တော် ဘာပြောမိလို့လဲ ဖေဖေရဲ့"

"မင်းစာသင်ပေးခဲ့တဲ့တပည့်မကို စိတ်ဆိုးမှာစိုးပြီး ဖွင့်မပြောဘဲ အုံ့ပုန်းချစ်နဲ့ချစ်နေတာကို ပြောတာလေ"

"ဟာဗျာ"

"မင်းဖွင့်မပြောရဲမှတော့ ဖေဖေတို့ပဲ တာဝန်ယူလိုက်ရမယ် သားရယ်။ အာဂဆရာဝန်ပါလားနော်"

သူ ရှက်ရှက်ဖြင့် ထမင်းစားခန်းမှ ထလစ်ခဲ့မိတော့၏။ အလိုလေးနော်၊ သူ့ရင်ထဲမှာ ဖူးငယ်အပေါ် မေတ္တာစိတ်တွေ ယိုဖိတ်နေတာကို ဖေဖေဘယ်လိုများ မြင်သွားရတာပါလိမ့်၊ ရှက်ဖွယ်ပါပဲလား။

ဘယ်လိုလုပ်မလဲ ဖူးငယ်၊ ကိုယ်ကိုယ်တိုင် ဖွင့်မပြောရဲဘဲ အဝေးက ငေးကြည့်ရုံနဲ့ နှစ်သိမ့်နိုင်ခဲ့ပါလျက် အခုလို ဖေဖေတို့လူကြီးတွေ ပံ့ပိုးစီစဉ်တာကိုသိရင် မင်းငြင်းဆန်လိုက်မလား။

ကျေးဇူးပြုပြီး ကိုယ့်ဘက်ကို ငဲ့ကြည့်လှည့်ပါ။ စာဘက်က သင်ခွင့်ရခဲ့ပေမယ့် အချစ်ရေးရာမှာ ညံ့ဖျင်းခဲ့တဲ့ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ငဲ့ညှာထောက်ထားစိတ်နဲ့ ခေါင်းပြန်ညိတ်လှည့်ပါလားကွယ်။

ဩော်. . . ကိုကို့ဖူးငယ်ရယ်။



## အခန်း (၁၄)

ကားကို ခပ်မှန်မှန်လေး မောင်းခဲ့ပါ၏။ ဆောင်းတွင်းရောက်ပြီမို့ နှင်းတို့က မိုးလင်းသည်နှင့် ကျချေပြီ။ ခါတိုင်းတော့ဒက်ဒီနှင့်အတူ လမ်းထလျှောက်ချင်လျှောက်၊ ဒါမှမဟုတ် သူ့ငယ်ချင်းတွေနှင့်အတူ Tennis ရိုက်ဖြစ်ပါသည်။ ခုတလောကတော့ သူ့စိတ်တွေ တည်ငြိမ်အောင် ကျင့်နေရသည်မို့ ဘော်ဒါတွေနှင့်တောင် (ဆေးရုံမှလွဲ၍) သိပ်မဆုံဖြစ်ပါချေ။

အခု သူထွက်လာတာက ခပ်စောစော မနက် (၆)နာရီခန့်ပါ။ ရာသီဥတုက ဒီအချိန်မှာတောင် ချမ်းစိမ့်စိမ့်ဖြစ်နေလေပြီး အိမ်ထဲအောင်းနေရတာ ပျင်းသလိုလိုဖြစ်လာတာမို့ စိတ်ပြေ



www.burmeseclassic.com

www.burmeseclassic.com



လက်ပျောက် ထွက်လာခဲ့တာပင်။ အပေါ်မှာ ဂျာကင်အပါးစားလေးသာ ကောက်ထပ်စွပ်လာတာမို့ အအေးဓာတ်ကို သိပ်မကာကွယ်နိုင်ပါချေ။

ကိစ္စမရှိပါ။ ရင်ထဲက မီးတောက်ကို မငြိမ်းသတ်နိုင်မှတော့ ဒီလိုအအေးဒဏ်လောက်က အပျော့ပါလေ။ မြို့ထဲဘက်က ကားရှုပ်တာမို့ မှော်ဘီဘက်သို့ ကားကိုဦးတည်လိုက်မိပါ၏။ အဲဒီဘက်မှာ ဒက်ဒီ ကျွဲကောခြံဝယ်ထားတာရှိသည်။ ခြံစောင့်မိသားစုနှင့်အလုပ်သမားတွေကို တစ်လတစ်ခါ သူ လာသွားရှင်းလေ့ရှိတာမို့ ဒီလိုကြားရက်ကြီး ရောက်သွားလို့လည်း ပြဿနာမရှိပါချေ။

"ဟီး!. . ."

ဟင်းလင်းဖွင့်ထားသည့်ခြံဝမှ ကားဟွန်းသံပေးလျက် သူရောက်ကြောင်း သတင်းပို့လိုက်ပါ၏။ အဆောင်သဘောမျိုးဆောက်ထားသည့် သစ်သားတန်းလျားဆီမှ ဦးမောင်စိန်က တအံ့တဩ ထွက်ကြိုလေသည်။

"(၂၁)ရက်ပဲ ရှိသေးတယ်၊ ကိစ္စရှိလို့လား ဆရာလေး"

"မရှိပါဘူး ဦးမောင်ရဲ့၊ ဒီလိုပဲ OFF ရက်မှာ ပျင်းလို့ ထွက်လာတာပါ"





"လာရင်လည်း ကြိုအကြောင်းကြားတာမဟုတ်ဘူး၊ ဟင်းကောင်းကောင်းလေး ချက်ကျွေးနိုင်မှာ"

"ရှိတာနဲ့ပဲ စားလို့ဖြစ်ပါတယ် ဦးမောင်။ ကျွန်တော်က အစားချေးများတဲ့လူမှ မဟုတ်တာဘဲ"

ဦးမောင်စိန်၏အမျိုးသမီး မဖော့က သူထိုင်လိုက်သည့် ကွပ်ပျစ်မှာ အကြမ်းအိုး ပြင်ပေးလေ၏။ ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ကြော်က ဆာနေသည့်ဗိုက်ကို အချက်ပေးလေပြီ။

"ကျွဲကောတွေ ခူးလို့ရပြီလား"

"တချို့အပင်တွေ ရပြီလေ၊ ဒီနေ့ပဲ စခူးနေပြီ။ အဆာပြေအရင်စားပြီးမှ ခြံထဲလိုက်ကြည့်လေ"

"ကျွန်မက ဟိုညည့်သည်ကလေးပဲ ရှိမယ်ထင်လို့"

"ရပါတယ် မဖော့ရဲ့၊ ဆရာလေးက အဆင့်အတန်း မခွဲပါဘူး"

"သြော်. . . ကျုပ်တူမလေးရဲ့သူငယ်ချင်းပါ၊ တစ်ခါမှ မရောက်ဖူးဘူးဆိုလို့ ခေါ်လာတာ။ စောစောကလေးတင် ရောက်တယ်၊ သွားခေါ်လိုက်ပါ မဖော့ရဲ့။ ကလေးလည်း ဆာရောပေါ့။ အစောကြီး ထလာရတာ"

မဖော့က ခြံထဲသို့ လမ်းသွယ်လေးမှ ဝင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင် ငုံ့ပေးလိုက်သည့် အဖန်ရည်ခွက်ထဲမှ လက်ဖက်ခြောက်ဖတ်လေးက ထောင်နေတာမို့ စိတ်ထဲမှ သူပြုံးလိုက်မိသည်။ အဲဒီလိုဖြစ်ရင် ဧည့်သည်လာတတ်သည်ဟု ဆိုရိုးရှိတာကို။

"လာလာ. ကလေး၊ ဒီမှာ အကြမ်းခြောက်လေးက မွှေးလို့"

"ဖူးဖူးက ရေနွေးကြမ်းမကြိုက်ဘူး ဦးလေးရဲ့၊ သူက ရေအေးပဲသောက်တာ"

"ဒေါ်လေး ယူလာပေးပါ့မယ်ကွယ်"

'ဖူးဖူး'ဟု ရေရွတ်သံ ကြားလိုက်ရစဉ် သူ့နားထဲ ဒိန်းခနဲမြည်သွားသလို နှလုံးသားပါ လှုပ်ခနဲဖြစ်သွားရလေ၏။ သူ ငုံ့ကြည့်လိုက်စဉ် ရင်ခုန်သံက အဆက်မပြတ်ခုန်ပေါက်လာလေတော့သည်။ အလို! အရုဏ်တက် နတ်သမီးလေးများ မြေပေါ် သက်ဆင်းလာလေသလား။

"အဲဒါ ကျုပ်တူမ ပေါက်ကျော်မလေ၊ ချိုမာတဲ့။ အဲဒါ သူနဲ့ကျောင်းအတူတက်တဲ့ကလေး"

ယောက်ျားလေးဆန်ဆန် ဂျင်းဂျာကင်နှင့် ဂျင်းဘောင်းဘီဝတ်ထားသည့် ကောင်မလေး၏ဘေးမှာတော့ ဖက်ဖူးရောင် ပုံရိပ်လေးက ခပ်ဖြည်းဖြည်းပါလာလေ၏။ ခြေတစ်လှမ်း လှမ်း





ဘာတောင်မှ ငြိမ်သက်ခြင်းအတိနဲ့ပါလေ။

ကြည့်စမ်း! တိုက်ဆိုင်ပြန်လေပြီ. (၂၁)၊ သူ နေခြည့်ကို စတွေ့တုန်းက June (21), နေခြည်နဲ့သူ စေ့စပ်တာက October (21), အခု ဒီနေ့က December (21), လေ။ ဒီ Lucky number (21) ကို သူဘာလို့မေ့နေရပါသလဲ။ ပြီးတော့ ဒီနေ့က သူ့ရဲ့အသက် (၃၀)ပြည့်မွေးနေ့ပါပင်။

သူငယ်ချင်းတွေနဲ့ မတွေ့ချင်တာရော၊ နေခြည်နှင့်ရှောင်ချင်တာပါ အကုန်ပေါင်းပြီး ဒက်ဒီတို့ကိုပင် အသိမပေးဘဲ လစ်ထွက်ခဲ့ခြင်းရဲ့အကျိုးရလဒ်က ဒီမိန်းကလေးနဲ့ နောက်ထပ်တစ်ကြိမ် ကြုံရခြင်းတဲ့လား။ အံ့ဩဖွယ်ကောင်းလေစွ။

"ထိုင်. သမီး၊ ဒါ ဦးလေးတို့ခြံရဲ့ပိုင်ရှင်လေ။ ကောက်ညှင်းပေါင်း ကြိုက်တယ်မဟုတ်လား။ စား. . . ကလေး"

အပြုံးနုနုက နံနက်ခင်းနေရောင်ခြည်နှင့်အပြိုင် တောက်ပနေသလို မျက်ဝန်းနက်အစုံကလည်း ကြည်နူးစိတ်ဖြင့် စိုလက်တောက်ပနေလေ၏။ လှလိုက်တာနော်၊ မနက်အစောကြီး ထလာခဲ့ရတာမို့ သနပ်ခါးပင်မလိမ်းဖြစ်ဘဲ ကပိုကရိုပုံစံလေးကိုက ဆွဲဆောင်မှုအပြည့်နှင့်ပါလား။

"ဖူး သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လို! သမီးက ဒီဆရာလေးကိုသိနေတယ်''

''သိတာပေါ့ ဦးဦးရဲ့၊ ဟိုတလောလေးကပဲ ဖူးရဲ့မမနဲ့ စေ့စပ်တဲ့အစ်ကိုကြီးပဲဟာ။ ဖူးကောင်းကောင်းကြီးသိတာပေါ့''

''ဟုတ်လား''

အားလုံး အံ့သြသွားကြသော်ငြား သူကတော့ ရင်ထဲ နင့်သွားရတာပင်။ 'မမနဲ့စေ့စပ်တဲ့ အစ်ကိုကြီး'တဲ့။ အစ်ကိုကြီး တဲ့လား ချာတိတ်ရယ်။ ကိုယ်က နောက်ဆက်တွဲနံပါတ်ရှိနေတဲ့ လူတစ်ယောက်လို့ပဲ မင်းမြင်နိုင်တယ်ပေါ့လေ။

''အစ်ကိုကြီး စိတ်မဆိုးပါဘူးနော်''

''ဘာကိုလဲ''

''အစ်ကိုကြီးခြံကို ဖူး လိုက်လည်သလိုဖြစ်တာကိုပေါ့''

''ဘာမှမဖြစ်ပါဘူး''

''သားချို''

''ဘာတုန်း''

ယောက္ခလျာလေးကို ငဲ့ခေါ်လိုက်တာမို့ ဟိုချာတိတ်မ က သူ့ကိုမကြည့်သလို ကြည့်လိုက်လေ၏။ ရော်! သူကပဲ အပြစ် ကျူးလွန်သူလို ဖြစ်နေရပြီထင်ပါရဲ့။

''သားချို ဒီမှာတစ်ပတ်နေချင်တယ်ဆိုတော့ နေခဲ့လိုက်





လေ။ ဖူးပြန်ရင် အစ်ကိုကြီးနဲ့အတူ လိုက်ပြန်လိုက်မယ်''

''ဟာ. . .ငါပြန်လိုက်ပို့ပေးပါ့မယ်ဆိုတာကို''

''သားချို ပင်ပန်းမှာစိုးလို့ပါဟ့၊ ဘာဖြစ်လဲ, အစ်ကိုကြီး က ဖူးရဲ့အစ်ကိုကြီးပဲဟာ။ ဖူးကို အိမ်အထိပြန်လိုက်ပို့မှာပေါ့။ နော်, အစ်ကိုကြီး''

ကြည့်စမ်း! သူ့ကိုမေးငေါ့ပြ မေးလိုက်ပုံက အပိုင်ပါပဲ လား။ တစ်ခါသာဆုံခဲ့ဖူးတဲ့ သူစိမ်းတစ်ယောက်အပေါ် သူမ ဤ မျှအထိ တရင်းတနှီးဆက်ဆံသတဲ့။ သူဝမ်းသာရမလိုပင် ဖြစ်သွား ရပါ၏။

''ရပါတယ်၊ မိုးမချုပ်ခင် ညနေပဲ ပြန်ကြတာပေါ့''

''တွေ့လား,အစ်ကိုကြီးက သဘောကောင်းပါတယ်ဆို''

ကြည့်ပါဦး. . .သူငယ်ချင်းရှေ့ ဂုဏ်ယူပြောနေပုံကိုက ကလေးဆန်နေတုန်းပါပဲ။ ကောက်ညှင်းပေါင်းစားအပြီး ခြံထဲ သစ်သီးခူးတာကို လိုက်ကြည့်တော့ ကလေးလိုပင် လက်ခုပ်တီး ပြီး ခုန်ဆွခုန်ဆွဖြစ်နေသည့်သူမကို သူ ပြုံးကြည့်နေမိပါ၏။

''လှလိုက်တာ၊ ဟိုအလုံးကြီးက အကြီးကြီးပဲ။ ပြုတ် ကျမယ်နော်၊ အဲဒါ အဖြူလား အနီလား''

''အနီ''



www.burmeseclassic.com

www.burmeseclassic.com



“ပြန်ရင် ဖူးတို့ဖို့ အဖြူနဲ့အနီ နှစ်လုံးစီ လက်ဆောင်ပေးနော် အစ်ကိုကြီး။ ဘုရားဆွမ်းတော်ကပ်ပြီးရင် စားမှာ။ ပေးမှာလားဟင်”

“ပေးပါတယ်၊ သယ်နိုင်သလောက်သာ ယူ”

“မသယ်နိုင်ပါဘူးနော်၊ လေးကလေးနဲ့”

ဟန်မဆောင်တတ်မှန်း သိသာပါ၏။ အပင်တွေအောက်လျှောက်သွားစဉ် သူမခေါင်းထက်သို့ သစ်ရွက်ခြောက်လေး လွင့်ကျကာ တင်သွားလေ၏။ သူမက မသိပေမယ့် မြင်နေရသည့်သူ့အဖို့ စိတ်ကသိကအောင့် ဖြစ်စေလေသည်။ ဖယ်ပေးလိုက်ရမလား။ တော်ကြာ တစ်မျိုးထင်ပြီး အထင်လွဲသွားရင် ဘယ့်နှယ်လုပ်မလဲ။ ခက်ပါရောလား ဘုန်းသဂိ။

“အိမ်မှာက ပန်းပင်တွေပဲ စိုက်တာဆိုတော့ ဒီလိုအသီးတွေ တစ်ခါမှမမြင်ဖူးဘူး။ သိပ်လှတာပဲနော် အစ်ကိုကြီး။ ပျော်ဖို့လည်းကောင်းတယ်”

“အင်း”

သံယောင်လိုက်မိပေမယ့် သူ့အကြည့်က သူမဦးခေါင်းထက် ရောက်မိသွားပြန်၏။ သူမအရပ်က ငါးပေ လေးလက်မ်ခန့်ရှိတာမို့ နေခြည့်ထက်တော့ ပုတာပင်၊ သူ့မေးအောက်နား



သာရှိသည့်သူမကို ငုံ့ကြည့်လိုက်စဉ် ချာတိတ်မက ခဲနင်း ခြေချော်လေ၏။

“အမေ့!”

သူ့လက်မောင်းကို အားကိုးတကြီး လှမ်းဆွဲလိုက်တာမို့ သူမကိုယ်လေးကို သူထိန်းပေးလိုက်မိသည်။ ဘေးတိုက်အနေအထားရောက်သွားစဉ် သူ့လက်တစ်ဖက်က မရည်ရွယ်ပါဘဲ သူမဦးခေါင်းထက် ရောက်သွားပါ၏။

“ဘာလဲဟင်”

“အမှိုက်ဖယ်ပေးတာ”

ကျေနပ်ပြုံးကို မြင်လိုက်ရ၏။ သူ့ရင်ထဲမှာ ဖြောင်းဆန်လျက် မတည်မငြိမ်ဖြစ်နေမိသော်ငြား သူမကဖြင့် ဘာမှမသိနားမလည်သည့် ကလေးလေးနှယ်ပါလေ။ မင်း တခြားလူတွေကိုလည်း ဒီလိုပဲသဘောရိုးနဲ့ ပြုံးပြတတ်လေသလား။

“ဦးလေးက ကြက်သားကာလသားဟင်း ချက်ကျွေးမယ်တဲ့”

“ဟင်! ကြက်သားဆိုတော့ အိမ်မှာမွေးတဲ့ကြက်ကို သတ်မှာလား”

“ဒါပဲရှိတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! ဖူးက ကြားသားမြင်သား မစားတတ်ဘူးနော်။ ဦးဦးကိုသွားပြောလိုက်ဦး၊ ကြက်မသတ်ရဘူးလို့။ ငရဲကြီးတော့မှာပဲ။ အစ်ကိုကြီးလည်း မစားရဘူးနော်"

"ကြဲကြဲဖန်ဖန် ကျားသားမရှိပါဘူး တူမရဲ့"

"အို!. . . ဖူးပြောတဲ့ကြားဆိုတာ အဲဒီလို အဝါတစ်ရစ် အမည်းတစ်ရစ် ကျားကိုပြောတာမဟုတ်ပါဘူး ဒေါ်ဒေါ်ရဲ့။ နားထဲမှာ သတ်မယ်ဆိုတာကြားတာနဲ့ မျက်စိရှေ့မှာ သတ်တာမြင်တဲ့အကောင်ကို မစားဘူးလို့ပြောတာပါ"

"ဆရာလေးကို အားနာလို့ပါ ကလေးရဲ့"

"အစ်ကိုကြီးလည်း ဖူးစားသလိုပဲ စားမှာပါ ဒေါ်ဒေါ်ရဲ့၊ ဘာပဲဖြစ်ဖြစ်ရတယ်။ ငါးခြောက်မီးဖုတ်ကို ထမင်းရေဆမ်းပြီးပဲ စားစား, ဖူးစားတတ်ပါတယ်။ ဘာမှမလုပ်ပါနဲ့ ဒေါ်ဒေါ်, နော်"

တကယ့်ကို မကြားဖူးတဲ့စကားတွေပါပဲလား။ သူမ ပြောသံလိုပင် ဦးမောင်တို့လင်မယား သူ့ကိုအားနာလိုက်ကြတာ မပြောပါနှင့်။ တကယ်ပဲ ငါးခြောက်မီးဖုတ်ပြီး ဆီဆမ်းပေးတာကို သူမက ထမင်းပူပူထဲ သောက်ရေဆမ်းပြီး စားသလို သူ့ထမင်းပန်းကန်ထဲမှာပါ ရေတွေ သွန်ထည့်လိုက်တာမို့ တအံ့တသြ။

တကယ်ပါ၊ သူ့တစ်သက် တစ်ခါမှမစားခဲ့ဖူးတဲ့ ထမင်း





ရေဆမ်းက ဘဝမှာ အချိုမြိန်ဆုံးဖြစ်ခဲ့တာပါလေ။ အပြန်မှာ ညနေ (၄)နာရီထိုးတာနှင့် မှောင်မှာစိုးပြီး ထပြန်ခဲ့ကြပါ၏။ ကားရှေ့ခန်းမှာစီးရင်း ချမ်းစိမ့်စိမ့်ဖြစ်လာတာမို့ သူ့ဂျာကင်ကို သူမဝတ်စေရန် ချွတ်ပေးလိုက်မိလေသည်။

ခရီးပန်းသဖြင့် ခပ်နွမ်းနွမ်းအပြုံးကပင် လန်းလန်းဆန်းဆန်းဖြစ်စေပါ၏။ ကဲ! ဒေါက်တာဘုန်းသဂိရဲ့ဘဝတစ်သက်တာမှာ ဒီလိုပြည့်စုံတဲ့မွေးနေ့မျိုး ဘယ်တုန်းက ရှိခဲ့ပါသလဲ။ Hotel မှာ၊ Resturant မှာ၊ အိမ်မှာ တခမ်းတနားကျင်းပတာမျိုးလည်း မဟုတ်ဘဲ ကိုယ့်ချစ်သူ (ကိုယ်ချစ်နေမိသူ)နဲ့အတူ Picnic ထွက်သလို ပျော်ခွင့်ရခဲ့တဲ့ဒီနေ့ကို ဘယ်တော့မှမေ့မှာမဟုတ်တော့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

လမ်းထဲဝင်တော့ အမှောင်ရိပ်အချိန် ဖြစ်နေပါပြီ။ ဒီလမ်းဆုံနားမှာ နေမျိုးကျော်ဇင် နေတာမို့ သူငယ်ချင်းနေသည့်လမ်းပဲဟု သူမကိုမပြောမိ။ ဘေးကိုငဲ့ကြည့်မိစဉ် မနက်စောစောထလာခဲ့လို့ထင့်၊ မျက်တောင်လေးစင်းပြီး သူမ ငိုက်နေလေပြီ။

ထိုင်ခုံကို သက်သက်သာသာ ထိုင်လိုက်စေရန် လျှောထားပေးတာက သူမကို ဤသို့အိပ်ငိုက်စေတာပဲလား။ 'အေးရိပ်မြုံ'ဟု အမည်ပေးထားသည့် သူမခြံရှေ့ရောက်သည့်တိုင် မှေးစက်အိပ်ပျော်နေလေ၏။ ကားကို အသာလေးရပ်လိုက်ပြီး သူ ပြုံးမိလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းတီးလိုက်ရင် လန့်နိုးသွားမှာကိုး။ ဟိုဘက် (ပြတင်းဝဘက်)ကို ခေါင်းစောင်း၍ အိပ်ပျော်နေသည့်ချာတိတ်[illegible]ကို ဘယ်လိုများနှိုးရပါ့မလဲ။ မတော်လို့များ အိပ်မက်မက်နေတာ[illegible] မျိုးဖြစ်နေရင် သူ့ကိုနှောင့်ယှက်သူဟု စွပ်စွဲဦးမှာလေ။

ဆံနွယ်ရှည်တို့ကို ဟိုဘက်ရှေ့ ဆွဲယူတင်ထားတာမို့ သူမြင်နေရသည့်လည်တိုင်က ရှင်းရှင်းလင်းလင်း။ ကြည့်စမ်း[illegible] သွေးကြောစိမ်းလေးတွေ မြင်နေရသည်အထိ သူမအသားအရေ[illegible]က ဝင်းဝါစိုပြည်လှချည်လား။ နဖူးပြင်ပြေပြေထက်ဆီမှ ကျနေ[illegible]သည့်ဆံနွယ်စလေးက ပါးမို့မို့ထက်မှာ မခို့တယို့ တင်လျက်ရှိနေ[illegible]လေ၏။

အသာလေးဖယ်ပေးရန် သူ့လက်လှမ်းမိစဉ် လမ်းတ[illegible]ဝက်မှာပင် တုံ့ခနဲရပ်လိုက်ရလေသည်။ ပိုင်ရှင်ခွင့်မပြုဘဲ သူ[illegible] သို့ထိသင့်ပါသလား၊ လာထိရသလားဆိုပြီး စိတ်ဆိုးသွားရင် ဘယ်[illegible]လိုလုပ်ရမှာလဲ၊ မဖြစ်သေးပါဘူးလေ။

မနက်ခင်းတုန်းက သူ့လက်မောင်းကို အားကိုးတကြီး ဆွဲကိုင်လိုက်တာကို အမှတ်ရမိစဉ် သူ့ရင်ထဲ၌ သိမ့်ခနဲ နွေးသွား[illegible] ရလေ၏။ တကယ်ပါ၊ တစ်ကြိမ်တစ်ခါမှမဖြစ်ဖူးခဲ့တဲ့ ခံစားမှု[illegible] ဖြစ်ခဲ့ရတာအမှန်ပါလေ။ ဆံနွယ်နက်နက်လေးထက် တင်နေသည့်[illegible]





[illegible]ဆံစရှက်ဝါလေးကို ဖယ်ပေးချိန်မှာ သူဘယ်လောက် တယုတယ [illegible]နှင့် လုပ်မိသလဲဆိုတာကို သူ့ကိုယ်သူ အသိဆုံးပါပဲ။

နောက်တစ်ကြိမ် အကြည့်ရောက်သွားစဉ် လည်တိုင်[illegible]နေကို ငုံ့မွှေးချင်စိတ်က ထိန်းမရနိုင်ခဲ့။ အတင့်ရဲတယ်လို့ ဆိုလေ[illegible]သလား။ မတန်တရာပြုမူတယ်လို့ပြောလိုက်ရင် သူထိန်းထားသမျှ [illegible]သိက္ခာတွေ အကုန်ပြုတ်ကျတော့မှာလေ။

အချစ်ဆိုတာ ဒီလိုပဲ နေမထိထိုင်မသာ ထိန်းချုပ်နေရ[illegible]တဲ့အဖြစ်မျိုးပေပဲလား။ ခက်ပြီကော ဘုန်းသဂါ။

"အင်း. . . ဝါး"

တစ်ချက် လွန့်ခနဲလူးလျက် ပါးစပ်ကိုလက်ဝါးလေးဖြင့် [illegible]ပိတ်ပြီး သန်းရင်း သူမနိုးသွားလေ၏။ မျက်ဝန်းထဲမှာ အရည်လေး[illegible]တွေ စိုစွတ်နေပြီး လက်ရှိအခြေအနေကို သတိထားမိသွားပုံရပါ[illegible]သည်။

"အစ်ကိုကြီး"

"နိုးသွားပြီလား"

"ဖူး မေ့ပြီး အိပ်ပျော်သွားတာ၊ ဒီလိုတစ်ခါမှ မငိုက်ဖူး[illegible] အားနာလိုက်တာ"

"ခြိရှေ့ရောက်နေပြီ၊ ဖူးလေးကို မနှိုးရက်လို့"



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ခနဲထွက်သွားသည့်နာမ်စားကို သူအချိန်မီ မဖမ်းမိလိုက်ပါချေ။ 'ဖူးလေး'တဲ့။ ခေါ်ခွင့်ရှိလို့လား။ အားလုံးက 'ဖူးဖူး'လို့သာ သူမကိုဝိုင်းခေါ်ကြတာလေ။ ကိုယ့်အခေါ်ကို ကိုယ်ရှက်ရွံ့အားနာသလို ဖြစ်မိသွားပေမယ့် သူမကဖြင့် သတိထားမိပုံမရပါချေ။

''နှိုးလိုက်တာမဟုတ်ဘူး အစ်ကိုကြီးရယ်၊ မေမေသာသိရင် ဖူး အဆူခံရတော့မှာ။ ဒီကပဲ ဆင်းလိုက်တော့မယ်လေ''

''မဆင်းနဲ့လေ''

သူ့လက်က သူမလက်မောင်းကို ဖျတ်ခနဲဆွဲကိုင်ထားလိုက်မိ၏။ အို! အိစက်ညက်ညောအေးမြလွန်းတဲ့ အသားလေးပါလားနော်။

''ပစ္စည်းတွေ ချပေးရဦးမှာမို့ပါ''

''ဟုတ်သားပဲ''

''တီ!''

ကားဟွန်းကိုတီးလိုက်စဉ် ခြံတံခါးကို လူတစ်ယောက်လာဖွင့်ပေးလေ၏။ ခြံဝင်းထဲသို့ ကားကိုခပ်ဖြည်းဖြည်းမောင်းဝင်ခဲ့ပြီး တိုက်ရှေ့ဆင်ဝင်အောက်မှာ ကားရပ်လိုက်ပါသည်။

''ဟယ်! Taxi မဟုတ်ပါလား''





ဆီးညိုရောင်ကားကိုမြင်၍ (သူမ၏မေမေဟု ထင်ရသည့်) အမျိုးသမီးကြီးက ရေရွတ်လိုက်လေ၏။ သူအရင်ဆင်းလိုက်ပြီး သူမဘက်ကတံခါးကို ဖွင့်ပေးလိုက်တော့ ကလေးတစ်ယောက်နယ် ချာတိတ်မက ရယ်လေသည်။

''ဘာကိုရယ်တာလဲ''

''ဒီလိုမျိုး ဖူးကို ဘယ်သူမှလုပ်မပေးဖူးလို့ပေါ့ အစ်ကိုကြီးရဲ့။ အခုမှပဲ အိမ်ရှေ့စံမင်းသမီးလေး ကျနေတာပဲ. . . ဟင်းဟင်း''

''သမီးလေး, သူက''

''ဟုတ်သားပဲ၊ မေမေနဲ့မိတ်ဆက်ပေးရဦးမှာ မေ့နေလို့၊ အစ်ကိုကြီးလေ မေမေ၊ မယပန်းနုနဲ့စေ့စပ်ထားတဲ့ ဒေါက်တာဘုန်းသင်္ဂါလေ။ ဖူးရဲ့မေမေ ဒေါ်ခင်ထွေးငယ်ပါ အစ်ကိုကြီး''

''သြော်. တူမလေးနဲ့စေ့စပ်တာ သားကိုး။ သားက လူချောပဲ''

''တွေ့ရတာ ဝမ်းသာပါတယ် အန်တီ''

''သားချိုနဲ့လိုက်သွားတာ အစ်ကိုကြီးရဲ့ခြံဖြစ်နေတာ မေမေရဲ့။ ဒါနဲ့ပဲ ကားကြုံစီးပြီး ပြန်ခဲ့တာ၊ အဟင်း. . . ခြံရှေ့ရောက်တော့ ဖူးအိပ်ပျော်နေတာကို သနားလို့ဆိုပြီး အစ်ကိုကြီးက မနှိုး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ''

''ကြည့်! ဒီကလေးဟာလေ၊ အိမ်ထဲဝင်ဦးလေ သားရဲ့။ သမီးကတော့ သူ့အစ်မကို အလျှော့ပေးရသလောက် သားတို့အရွယ် အစ်ကိုတွေနဲ့တွေ့ရင် ဒီလိုနဲ့ဆိုး ဆိုးနေကျကွယ့်''

အလို! သူ့အရွယ်တွေတဲ့လား။ ဘုရား . . . ဘုရား . . . နေမျိုးသဘောကျနေတဲ့ကောင်မလေးဆိုတာ ဖူးလေးမျှားလား။ ဒုက္ခပါပဲ၊ ဒီအတွေး ဒီဦးနှောက်ထဲ ရောက်တာနဲ့ သူ့ရင်ထဲ ချက်ချင်းပူလောင်သွားရတာလေ။

''မဝင်တော့ပါဘူး အန်တီ၊ သစ်သီးခြင်းပေးပြီး ပြန်တော့မှာပါ''

''ဘာသီးတွေလဲ သားရဲ့''

''နည်းနည်းပါပဲ အန်တီ၊ ကျွဲကောသီး၊ ရှောက်ချိုသီးနဲ့ နာနတ်သီးလောက်ပါပဲ။ နိုင်သလောက်ပဲ ယူလာတာပါ''

''ဒါနည်းမလား သားရဲ့၊ ရောက်လက်စနဲ့ဝင်လိုက်ပါ။ ညနေစာတစ်ခါတည်းစားပြီးမှ ပြန်လေ။ သမီးအစ်ကို့ကိုခေါ်ပါဦး''

ညှို့ဝတ်ကျေတဲ့ မိသားစုပါပဲလား။ ဖော်ရွေစွာခေါ်နေသည့် သူမမိခင်ထက် သူ့လက်မောင်းကို ဆွဲခေါ်နေသည့်သူမ





ကြောင့် ခြေလှမ်းကိုရွှေ့ရလေပြီ။ ကားနောက်ပုံးဖွင့်၍ ယူလာသည့် တောင်းနှစ်တောင်းအနက်မှ တစ်တောင်းကို ခြံတံခါးလာဖွင့်ပေးသည့် (သူမခေါ်တာ ဦးသောင်းဆိုလား) လူက အိမ်ထဲကို သယ်သွားပါ၏။

ဧည့်ခန်းကိုဝင်လိုက်စဉ် ရှင်းသန့်လှပနေသည့် အပြင်အဆင်နှင့် ဧည့်ခန်းစားပွဲထက်မှ သေသပ်လှပစွာ ထိုးထားသည့် အလှပန်းအိုးက ဧည့်သည်ကိုဖိတ်ခေါ်နေသည့်နှယ်ပါ။ အတွင်းခန်းအဝင်ဝနားရှိ ဗီရိုခုံပေါ်မှာရော၊ လှေကားအတက်နားရှိ ခုံထက်မှာပါ အလှပန်းအိုးတို့က ပန်းအစုံဖြင့်ထိုးထားတာမို့ အိမ်မှုကိစ္စနိုင်နင်း ကျွမ်းကျင်သည့် အိမ်ရှင်မ နေသည့်အိမ်ဟု ခန့်မှန်း သိသာစေလေ၏။

''လမ်းမှာ ဘာစားခဲ့ကြသေးလဲ''

''ဘာမှမစားပါဘူး၊ အခု ဆာနေပြီ''

''ဒီကလေးက လမ်းထွက်ရင် သွားရည်စာ သိပ်စားတာ သားရဲ့၊ ပြောလို့ကိုမရဘူး။ မနက်ကရော ဘာဟင်းနဲ့စားခဲ့ကြသလဲ''

''ငါးခြောက်ဖုတ်နဲ့ ထမင်းရေဆမ်း''

''အလိုတော်၊ ကောင်းကောင်းကန်းကန်းချက်မကျွေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား ချိုမှာက''

''ကျွေးပါတယ် မေမေရဲ့၊ ကြက်သားကာလသားချက် ချက်ကျွေးမယ်ဆိုတာနဲ့ ဖူးရေ့မှာ ကြက်သတ်မှာစိုးလို့ အဲဒီလိုပဲ လုပ်ကျွေးခိုင်းလိုက်တာ''

''သမီးက စားတတ်ပေမယ့် သားက စားတတ်ဦးမှကိုး သမီးရဲ့။ ဒီကလေးကတော့ ခက်တာပဲ''

''စားတတ်ပါတယ်. . . အစ်ကိုကြီးလည်း ကြိုက်တယ် မဟုတ်လား. နော်''

သူ ပြုံးသာပြုံးလိုက်မိပါ၏။ ဖွတ်တရွတ်နိုင်တဲ့အကျင့် လေးကို မျက်စိရှေ့ မြင်တွေ့ခွင့်ရခဲ့တာကိုး။ ထမင်းစားခါနီးမှာ ရေအမြန်ချိုးဦးမည်ဆိုပြီး သူမရေသွားချိုးတာ နာရီဝက်ပင် မကြာ လိုက်ပါလေ။ အိမ်နေ တစ်ပတ်နွမ်းဝတ်စုံလေးနှင့်ပင် ချစ်စဖွယ် ဟန်က ပျောက်မသွား။ နားသယ်စပ်နားမှာ ခိုတွဲနေသည့်ရေစက် ကလေးကပင် သူ့ရင်ထဲ အသည်းယားစေလေ၏။

''ဟဲ့! သနပ်ခါးလေးဘာလေး မလူး. . .''

''မလူးတော့ဘူးလေ မေမေရဲ့၊ အစ်ကိုကြီးစောင့်နေရ မှာ အားနာလို့ပါ''

''စားနော် သား၊ အားမနာနဲ့''





''အန်တီမစားသေးဘဲနဲ့ အားနာစရာကြီး''

''အန်တီက သားအန်ကယ်ကိုစောင့်ပြီးမှ စားမှာကွယ့်၊ မဆာသေးလို့ပါ။ သားတို့မောင်နှမက ခရီးကပြန်ရောက်လာတဲ့ ဟာ၊ ဆာမှာပေါ့။ စားနှင့်နော်။ သမီးက အစ်ကိုကြီးကို ဟင်းခပ် ဆည့်ပေးဦး''

''ဟုတ်''

လူကြီးပြောတဲ့အတိုင်း သူ့ပန်းကန်ထဲသို့ ဟင်းတွေ တစ် မျိုးပြီးတစ်မျိုး ရောက်လာတော့၏။ ကြည့်ပါဦး, ငါးကြော်နုပ်၊ ကန်စွန်းရွက်နှင့်မှိုကြော်၊ ကင်မွန်းချဉ်ရွက်နှင့်ငါးခေါင်းဟင်းချို၊ ပတ်မွှေ၊ ငါးငါးပိချက်နှင့် တို့စရာက ရှောက်ရွက်၊ ခရမ်းကျွတ် သီး။ သရက်သီးစိမ်း၊ သရက်ကင်းနှင့် သခွားသီးအတုံးလေးတွေ ပါပဲ။

''ကြိုက်လားဟင် အစ်ကိုကြီး''

''အင်း''

''ဖူးတို့အိမ်က ခြေလေးချောင်းသား ရှောင်တယ် အစ် ကိုကြီးရဲ့။ ဒါနဲ့ ကြက်သားရယ်၊ ကြက်ဥဘဲဥရယ်၊ ငါးနဲ့ပုစွန်ရယ် လုံးချာလည်လိုက်နေရော။ ငါးခြောက်တော့စားတယ်၊ ဖူးကလေ မမေလုပ်ကျွေးတဲ့ ငါးခြောက်ထောင်းကြော်ကို တအားကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ''

''အန်တီလုပ်ကျွေးတာဆိုတော့ ဖူးလေးက မလုပ်တတ်ဘူးပေါ့လေ''

''အမယ်! လူကိုများ အထင် small လိုက်တာ၊ မချက်တတ်ဘဲ ရှိပါ့မလား။ မေမေသင်ပေးထားလို့ အကုန်ချက်တတ်ပါတယ်တဲ့ရှင်။ မုန့်ဟင်းခါးတို့ အုန်းနို့ခေါက်ဆွဲတို့ ကြာဆံချက်တို့လည်း ချက်တတ်သေးတယ်။ ပြီးတော့ ရွှေကြည်တို့ ကျောက်ကျောတို့တောင်မှ ထိုးတတ်သေးတယ်။ အိမ်ရှေ့မှာ အလှထိုးထားတဲ့ပန်းအိုးတွေ မြင်လား''

''အင်း''

''အဲဒါ မနေ့ကတည်းက ဖူး ထိုးထားတာရှင့်။ မိန်းမတို့တတ်အပ်တဲ့ပညာမှန်သမျှ အကုန်လုံးတတ်မြောက်ပြီးသားပါရှင့်။ လူကိုအထင်အမြင်မသေးပါနဲ့ ဒေါက်တာကြီးရဲ့. . . ဟွန်း''

သူ ဟက်ခနဲရယ်လိုက်မိတော့၏။ လှောင်မိတာတော့ မဟုတ်ပါလေ။ သူမစကားထဲမှာ 'မိန်းမတို့တတ်အပ်တဲ့ပညာမှန်သမျှ အကုန်တတ်တယ်' ဟုဆိုတာကို။ ကိုယ့်စကားက ဘယ်အဓိပ္ပာယ်ရောက်သွားမှန်းလည်းပင် မရိပ်မိဘဲ သူ့စိမ်းရှေ့ ကြွားလုံးထုတ်ပြနေတာ အင်မတန်မှကလေးဆန်လွန်းနေတာကို။





အသားယူတတ်တဲ့ယောကျ်ားမျိုးရှေ့မှာသာ ဒီလိုပြောမိရင် ဟိုက 'ကိုယ်လည်း ယောကျ်ားတို့တတ်အပ်တဲ့ပညာမှန်သမျှ အကုန်တတ်ပါတယ်' ပြောရင် ဒီကလေး ချောင်ပိတ်အရိုက်ခံရလောက်ပြီ။

''ဘာရယ်တာလဲ၊ လူကိုမယုံသက်ာနဲ့''

''မဟုတ်ပါဘူး''

''သိပါတယ်နော်၊ ဖူး ဒီလောက်မအပါဘူး။ လူကို ကြွားတယ်လို့ထင်နေတာမဟုတ်လား။ ဒါတောင် ဆက်တီမှာ တင်ထားတဲ့အလှကျောမှိုအဖုံးလေးတွေ, စားပွဲခင်းတွေ ထိုးတတ်တာ၊ အခုဝတ်ထားတဲ့အကျီမျိုး ဖူးကိုယ်တိုင် ချုပ်တာတွေ မပါသေးဘူး။ လျှော့ပြောထားတာ သိရဲ့လား''

''ဟုတ်ကဲ့, သိပါပြီခင်ဗျာ''

''အကျီဆိုမှ သတိရတယ်၊ ခုနဝတ်လာတဲ့ အစ်ကိုကြီးရဲ့အကျီကို ပြန်ယူမှာလားဟင်''

''ဘာလုပ်ဖို့လဲ''

''အမှတ်တရသိမ်းချင်လို့ပါ၊ အဲဒါလေးက နွေးပြီး အိုးအိလေးမို့ ကြိုက်တာ။ ပြီးတော့ အသားရောင်လေးမို့လို့လည်း သဘောကျတယ်၊ ပေးနော်. . . ပေးမှာလား''



www.burmeseclassic.com

www.burmeseclassic.com



''ယူဇျာ. . . ယူယူ''

''မင်းလိုချင်ရင် ဟောဒီရင်ဘတ်ထဲက နှလုံးသားပါ ယူ'' ဟု မပြောမိအောင် သူ့စိတ်ကိုထိန်းလိုက်ရပါ၏။ ညဉ့်ဦးယံအချိန်မှ သူမအပြုံးချိုချိုက ဤည အိပ်မပျော်နိုင်တော့မည့်သူ့ကို အိပ်မက်တွေ ဖန်ဆင်းပေးတော့မှာထင်ပါရဲ့။

ဩော်. . . ကိုယ်ချစ်ရတဲ့ပူးလေးရယ်. . .



## အခန်း (၁၆)

မျက်လုံးကိုဖွင့်လိုက်စဉ် မိုးစင်စင်လင်းချေပြီ။ စားပွဲပေါ် တင်ထားသည့် လက်ပတ်နာရီကိုယူကြည့်တော့ အခုမှ မနက် ခြောက်နာရီခွဲသာ ရှိသေးမှန်း သူသိလိုက်ရပါ၏။ အိပ်မက်တွေ ချိုမြိန်ပြီး စိတ်နှလုံးကိုကြည်နူးစေလျက် ဦးနှောက်တွေ ကြည်လင်နေတာက မင်္ဂလာတစ်ပါးပါပဲ။

ကြည့်ပါဦး။ တစ်ရက်တာလေး အတူရှိနေခွင့်၊ မနက်စာ ညစာ မျက်နှာချင်းဆိုင်စားခွင့်ရှိရုံနဲ့ သူ့အတွက် အဓိပ္ပာယ်ရှိနေတဲ့နေ့တစ်နေ့ကို ပြည့်ဝစေခဲ့တာအမှန်ပါပဲ ပူးလေးရယ်။ ဒီလိုသာ တစ်သက်တာလုံးအတွက် ကိုယ်အပိုင်စားရခဲ့ရင် ဘယ်



www.burmeseclassic.com

လောက်များ ကောင်းလိုက်မလဲ။

အလို! သူ အတော် လောဘတွေ ကြီးနေပါရောလား။ သူ့အပေါ် ခဲအိုလောင်းလို သံယောဇဉ်မျိုးနဲ့ တရင်းတနှီးဆက်ဆံပြောဆိုနေတဲ့ကောင်မလေးအပေါ်မှာ ညစ်နွမ်းစုတ်ပွဲ့တဲ့ အတွေးတွေနဲ့ သူ ဤသို့ဖြစ်စရာလား။ ခေါင်းက မျက်ချင်းနောက်ကျိသွားရပြီး ကုတင်ထက် ခြေချထိုင်ကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်မိ၏။

သွားပါပြီ။ ဒီကလေးမက သူ့အပေါ်မှာ ဤသို့ ခုပျော်ခုငိုဖြစ်စေအောင် ပြုစားနိုင်နေပြီလား။ အံ့ဩပါရဲ့၊ သူ့လိုစည်းကမ်းတကျ အချိန်ဇယားအတိအကျနဲ့ နေ့စဉ်လည်ပတ်နေတဲ့ ဆရာဝန်တစ်ယောက်ကို ဒီလိုဘာမှမဟုတ်တဲ့ မိန်းကလေးက ချုပ်ကိုင်ထားစရာလား။

ဘာမှမဟုတ်တဲ့မိန်းကလေးလား။ မဟုတ်တာ။ သူမမှာ ဘယ်လိုအရည်အချင်းကောင်းတွေ ရှိသလဲဆိုတာကို မနေ့ကပဲ သူ တိတိကျကျသိခွင့်ရခဲ့တာလေ။ Sorry ပါ ဖူးလေးရယ်။ မင်းကို အထင်သေးမိတာမျိုးမဟုတ်တဲ့အတွက် ကိုယ့်ကိုအပြစ် မမြင်လိုက်ပါနဲ့။

"တီ!"





နာရီမှ တစ်နာရီထိုးတိုင်း အချက်ပေးသံ ထွက်လာပါ၏။ အလို! (၇)နာရီတောင် ထိုးသွားပါရောလား။ ခုချိန်ထိ နေရာမှမရွေ့သေးဘဲ နာရီဝက်တောင် သူ့အချိန်ဖြုန်းလိုက်မိပြီလေ။ ခေါင်းကိုခါလိုက်ပြီး ရေချိုးခန်းထဲ ဝင်လိုက်ပါ၏။ ရေအေးတို့က သူ့တစ်ကိုယ်လုံးကို ခဏချင်း စိုရွှဲသွားသည့်တိုင် ရင်ထဲမှာ တနင့်နင့်ခံစားနေရသည့်ဝေဒနာက မလျော့ပါးသွားပါလေ။

ရေသုတ် အဝတ်အစားလဲကာ ခေါင်းထက်မှာ ဂျယ်လ်လူးစဉ် သူမခေါင်းထက်မှ အုန်းဆီရနံ့ကို အာရုံထဲရလိုက်လေ၏။ ကျွစ်! ပြီးရင် လည်တိုင်သွယ်သွယ်လေးကို ဆက်ပြီးသတိရတော့မှာပါပဲ။ ဆေးရုံသွားရန် Ready ဖြစ်မှ Phone ကိုဖွင့်စစ်လိုက်မိ၏။

မနေ့ကဝင်ထားတဲ့ Message တွေချည်း မနည်းမနောပါပဲလား။ နေမျိုးက သုံးခါ၊ 'ဘယ်ရောက်နေလဲ' 'ဘာလို့လာမတွေ့လဲ' 'ဘယ်မှာသွားပျော်နေလဲ' တဲ့။ ဝေမိုးကတော့ နှစ်ခါ၊ 'ဘာမှလာမကျွေးဘူးလား' 'မွေးနေ့လက်ဆောင် မယူချင်ဘူးလား' တဲ့။

ဘယ်ရောက်နေလဲဆိုတော့ မှော်ဘီ၊ ဘာလို့လာမတွေ့လဲဆိုတော့ မတွေ့ချင်လို့ ဘယ်မှာသွားပျော်နေလဲဆိုတော့ ကိုယ့်

www.burmeseclassic.com



ချစ်သူရှိတဲ့နေရာမှာပေါ့။ ဘာမှလာမကျွေးဘူးလားဆိုတော့ ဒီ
နေ့ ကျွေးမယ်၊ လက်ဆောင်မယူချင်ဘူးလားဆိုတော့ No! ဒီ
အတွက် မွေးနေ့က ပြီးပြည့်စုံခဲ့ပြီးလို့ပါပဲ။

အလိုလေး!. . . နေခြည့် Message တွေက များ
ချည်လား။ 'သတိရတယ်' 'တွေ့ချင်တယ်' 'ဘာလို့ Phone
မဆက်ရတာလဲ' 'မွေးနေ့လက်ဆောင် ဝယ်ပြီးထားပြီ' 'Phone
ဆက်ပါ' တဲ့။

သူ သက်ပြင်းရှိုက်လိုက်ရင်း Phone call list တွေ
ကို ဖျက်လိုက်ရပါ၏။ ဒီနေ့တော့ ရှင်းရမယ့်စာရင်းတွေက မနည်း
မနောပါပဲလား။

အိမ်အောက်ထပ်ကိုဆင်းခဲ့စဉ် မနက်စာဝိုင်းမှာ မိဘနှ
ပါးစလုံး အဆင်သင့်ထိုင်နေချေပြီ။

''ဘယ်တွေလျှောက်သွားနေတာလဲ သား။ တစ်နေ့လုံး
Phone လည်း ပိတ်ထားတယ်ဆို''

''မာမီက သား ဘုရားသွားတယ်လို့ပဲ ထင်လိုက်တာ
နေခြည်လေးဆို အိမ် Phone ရော၊ မာမီ့ဆိုင် Phone ကိုပါ
ဆက်ရော။ စိတ်လည်း ပူနေမှာပေါ့။ မွေးနေ့ကြီး တစ်ယောက်
တည်း လျှောက်သွားနေတာကိုး။ ဒီမနက် မီးဖိုခန်းထဲမှာ တော်





နဲ့ အသီးတွေ မြင်တော့မှ မော်ဘီခြိသွားမှန်းသိတော့တယ်''

''ကလေးမှမဟုတ်တာ မာမီရယ်၊ နေရာတကာ အကုန်
ပြောရမှာလား''

''မာမီတို့ကို မပြောချင်ရင်တောင်မှ နေခြည့်ကိုတော့
အသိပေးသင့်တာပေါ့ သားရဲ့''

''Phone လေးတစ်ချက်ဆက်တာ ဘာများပင်ပန်းလို့
လဲ သဂါ''

ဖိအားတွေ ပေးနေပြန်ပါရောလား၊ ပန်းနုနေခြည်ဆိုတာ
သူ့ဘဝအတွက် မရှိမဖြစ်မိန်းကလေးမှ မဟုတ်တာလေ။ သူမနှင့်
ထပ်မံဆုံစည်းချိန်မှာ သူသိလိုက်တာက 'သေချာခြင်း'တစ်ခုပါ
ပဲ။ ပန်းနုနေခြည်ကို ဘုန်းသဂါ ဒီဘဝမှာ မချစ်နိုင်ခြင်းဆိုသည့်
အဝိပ္ပာယ်ပါလေ။

''သူငယ်ချင်းတွေလည်း ဘယ်သူမှမသိကြဘူးဆို''

''ဒီနေ့ကျွေးရင်လည်း ဖြစ်ပါတယ် မာမီ''

''ကျွေးတာက အကြောင်းမှမဟုတ်တဲ့ ဘုန်းသဂါ။ မိတ်
ဆွေသူငယ်ချင်းအပေါ် ကိုယ့်ကြင်ဖက်အပေါ် အလေးအနက်
မထားဘဲ ရှောင်ထွက်သွားတာကမှ အကြောင်းကွ''

''ကျွန်တော် အပြစ်လုပ်တာမှမဟုတ်ဘဲ ဒက်ဒီ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပဲ စိတ်ပြေလက်ပျောက် တစ်နေရာကိုသွားမိတာလေးပဲ ရှိတာပါ''

''အေး. . . စေ့စပ်ပွဲပြီးနောက်ပိုင်း မင်းပုံစံပျက်နေတာကိုလည်း ငါတို့သိတယ်''

ကျစ်! သူ တော်တော်များ မူပျက်နေပြီလား။ နေခြည်အပေါ်မှာ ဘာမှမပြောင်းလဲတဲ့ ပုံမှန်ပြောဆိုဆက်ဆံနိုင်ခဲ့ပါလျက် ဤသို့ ဒက်ဒီထင်ရတာပါလိမ့်။

''ကျွန်တော် ဘာများပြောင်းလဲနေလို့ပါလဲ ဒက်ဒီ''

''အရင်ထက်ပိုပြီး အေးစက်စက်နိုင်တာ မျက်မြင်ပဲ ဘုန်းသိဂါ''

''ဒက်ဒီ. . . ကျွန်တော် ဒီလိုပဲ''

''ဒီလိုပဲနေတတ်တယ်ဆိုပြီး ရောမချနဲ့သား။ ကိုယ်မွေးထားတဲ့သား ဘယ်လိုပုံစံလဲဆိုတာကို မိဘတွေထက် ဘယ်သူမှပိုမသိနိုင်ဘူး''

''မာမီ့သား နေခြည်လေးပေါ်မှာ မကျေနပ်တာမျိုး ရှိနေလား''

''မရှိပါဘူး မာမီရဲ့''

''သားပုံစံက သူ့အပေါ် မေတ္တာပျက်နေသလိုပဲ''





'ချစ်မှမချစ်တာကိုး' ဟု ပြောလုလုစကားကို သူ မျိုချလိုက်ရပါ၏။ သူခေါင်းညိတ်ပြီးသား တာဝန်ကို ဖျက်မိရင် လူဆိုးဘဝကိုပဲ လုံးလုံးလျားလျားရောက်ရတော့မှာလေ။ သူသောက်မိဘာက မိုးခါးရေပဲဖြစ်မည်ထင်ပါရဲ့။

''မဟုတ်ရပါဘူး''

''ဒါဆိုလည်း လာမယ့်နှစ် လက်ထပ်ပွဲဖြစ်မြောက်ဖို့ကို သားပဲ ဦးဆောင်ပြောလိုက်လေ။ အဲဒါကိုတော့ မာမ်တို့လူကြီးတွေ ဝင်ပြောလို့ ဘယ်ကောင်းပါ့မလဲ။ သားတို့လူငယ်ချင်းပဲ ညှိကြပေါ့''

သူ အသံတိတ်သွားရချေပြီ။ 'လက်ထပ်ခွင့်'တဲ့လား။ ခပြောချင်ဆုံးစကားကိုမှ မာမိသုံးလိုက်ရတယ်လို့၊ 'ညနေမှ အိမ်မှာ သွားတွေ့လိုက်ပါ့မယ်' ဟု မယုတ်မလွန်ပြောခဲ့ပြီး ဆေးရုံသို့ သူထွက်ခဲ့ပါ၏။

Phone သံမြည်နေတာမို့ နားကျပ်ကိုတပ်လိုက်ရ၏။ သိတယ်လေ၊ မနေ့က အဆက်အသွယ်မလုပ်သမျှ ဒီနေ့ သူ အတော်နားညည်းရတော့မှာကိုး။

''ဟဲလို''

''ကို့ မနေ့က ဘယ်တွေလျှောက်သွားနေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုပဲ၊ တစ်နေရာပါ''

''နေခြည် Message ပို့တာလည်း ပြန်မပို့ဘူးကွာ။ ပြီးတော့ Phone ကိုလည်း ပိတ်ထားသေးတယ်၊ ဘာလို့လဲ''

''နားအေးပါးအေး တစ်နေရာကို သွားနေတာ''

''ကိုမှာ ဘာစိတ်ညစ်စရာရှိနေလို့လဲ''

''ဟင့်အင်း''

''နောက်ဆို နေခြည်စိတ်ပူအောင်မလုပ်ဘဲ ဘယ်သွားသွား အကြောင်းကြားပြီးမှ သွားရမယ်နော်''

ချုပ်ကိုင်တဲ့သဘောလား။ သူ့ဘက်က ကတိကဝတ်ပြု ရအောင် သူမက သူ့အတွက် ဘာအရာများရောက်လို့ပါလဲ။

''ပြောလေ. ကို''

''အင်းပါ''

''ကို့အတွက် Birthday present နေခြည်ဝယ်ထား တယ်သိလား။ ညနေ အိမ်ကိုလာခဲ့နော်။ ဒီနေ့ နေခြည် (၆)နာရီ လောက် ပြန်ရောက်မယ်''

''အင်း''

'အင်း'ပဲ လုပ်ရတော့မှာကိုး။ သူတော့ ကြာလာတာနဲ့ အမှု အေးစက်စက်ရေခဲတုံးဘဝ ရောက်ပြီထင်တာပါပဲ။ စိတ်





ခြား လူကတခြား ရပ်တည်နေရတာပဲကိုး။

''ပေါ်တော်မူ ရောက်လာပြီဟေ့''

ဒီနေ့ Duty အတူဆင်းရမည့်သူငယ်ချင်းတွေကို နေ့ ယ်ထမင်းစားချိန်မှာပင် သူလိုက်ကျွေးရလေ၏။ တစ်ယောက် စ်ပေါက် ဝိုင်းပြောကြတာကိုလည်း သည်းခံရသည်ပဲ။

''မင်းဘာလိုချင်လဲ သင်္ဂါ''

''ဘာမှမလိုချင်ပါဘူး''

''ငါတို့ကြည့်ရတာတော့ ဒီကောင့်မျက်နှာ လန်းသားပါ

''နှစ်တိုင်းပေးနေကျဆိုတော့ မပေးလို့တော့ ဘယ်ဖြစ် လဲ သင်္ဂါ။ ရော့''

''နေခြည့်ဆီက ရပြီးပြီလား''

''ဒီညနေမှတွေ့မှာ''

''အခုမပေးနဲ့ဦး နင်း။ တော်ကြာ သူ့မဒီလေးက အရင် ကောင်းလားဆိုပြီး ကောက်နေဦးမယ်''

''ရှုံးပွဲ''

ညနေ (၅)နာရီခွဲတော့ ဆေးရုံမှ သူထွက်လာခဲ့ပါ၏။ င်တဲ့နေရာကိုသွားပြီး မတွေ့ချင်တဲ့မျက်နှာကို မြင်ရဦး



www.burmeseclassic.com

www.burmeseclassic.com



မှာကိုး၊ သူ လွန်ခဲ့တဲ့ကာလများဆီက (၃)နှစ်အရွယ်ကိုသာ ပြန်မရောက်လိုက်ချင်ပါ၏။ သူ့အလိုမကျတိုင်း ခြေဆောင့် စူပုပ်စိတ်ကောက် ဆန္ဒပြသည့်အရွယ်ပေကိုး။

အခုချိန်မှာရော နေခြည့်ကို လက်မထပ်နိုင်ပါဘူးဆိုပြီး သူ ဆန္ဒပြလို့ဖြစ်ပါ့မလားလေ။

''ကို့ရောက်တာ စောသားပဲ၊ ခဏနော်''

ညှိခန်းမှာ သူ့ကို အနံ့တီနှ ထိုင်စောင့်ခိုင်းထားစဉ် နေခြည်ရောက်လာလေ၏၊ အပေါ်ထပ်ကို အပြေးတက်သွားတော့ ခြံထဲမှာ သူ ဆင်းစောင့်နေလိုက်ပါသည်။ အနံ့တီနှကတော့ သစ်ခွတော်တော်များများစိုက်တာ ဝါသနာပါတာပဲကိုး။

''ဘာပေးရင် ကောင်းမလဲလို့ စဉ်းစားလိုက်ရတာ ဦးနှောက်တောင် ပူတယ်။ ကို့ကို ဘယ်သူတွေ ပေးပြီးပြီလဲ''

သူ ခေါင်းခါပြလိုက်မိ၏။ သူ ရရှိခဲ့တဲ့လက်ဆောင်က လက်ဆုပ်လက်ကိုင် သက်သေပြလို့မှမရတာပဲကိုး။ နေခြည်က နှစ်လိုစွာပြုံးလိုက်လေသည်။

''တော်သေးတာပေါ့၊ ရော့. . . နှစ် (၃၀)မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာအထိ လိုရာဆန္ဒ 'တ'တိုင်းရတဲ့ဆုနဲ့ ပြည့်စုံပါစေ၊ ကို''





''Thanks ပါ နေခြည်''

အနက်ရောင်ဘူးလေးကို သူဖွင့်ကြည့်တော့ အပြာစင်းပါသည့် Necktie လေးဖြစ်နေပါ၏။ တန်ဖိုးကြီးပွန်းရင် သူငြင်းမယ်မှန်း နေခြည်သိနေတယ်ထင်ပါရဲ့။

''ကြိုက်ရဲ့လား၊ ကို''

''ကြိုက်ပါတယ်''

''နေခြည်တို့နှစ်ယောက်က အမြဲအလုပ်များနေကြတဲ့သူတွေမို့ ခဏခဏတွေ့ဖို့ခက်တယ် ကို။ ဘာပဲဖြစ်ဖြစ် Phone လေးတော့ အဆက်အသွယ်မပြတ် ရှိစေချင်ပါတယ်။ နေခြည်ပြောတာ နားလည်တယ်မဟုတ်လားဟင်''

''အင်း''

ခုံတန်းပေါ်ထိုင်နေသည့် သူ့အနီးမှာ ကပ်ထိုင်လျက် သူ့လက်မောင်းပေါ် ပါးမှီလျက် ရှိနေစဉ် ရုတ်တရက် စပယ်ရနံ့ကို ရလိုက်လေ၏။ အလို! ဒီခြံထဲမှာ စပယ်ပင်မရှိပါဘူး။ ဘယ်ကများ ရတာပါလိမ့်။

''ဟော. . . အစ်ကိုကြီး ရောက်နေတာကိုး။ ကြီးမေစပယ်ဖူး မှာထားလို့ လာပို့တာမမရဲ့။ မောင်ရိုးတောင် ပျိုးနေပြီ။ တော်သေးတယ် လမ်းမှာ ကိုကိုနဲ့တွေ့လာလို့ လိုက်ပို့ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



လေ။ ဖူးတို့ရှောင်ပေးလိုက်ရအောင် ကိုကိုရေ့၊ လာ''

နေမျိုးလက်မောင်းကိုဆွဲလျက် အိမ်တက် ခပ်သုတ်သုတ် လျှောက်ပြီး ပန်းဖူးကုံးတွေ သွားပို့ကာ ပြုံးစစမျက်နှာဖြင့် ချက်ချင်းပြန်သွားသည့်သူမကို သူအကြောင်သား ငေးကြည့်နေခဲ့ရလေ၏။

ကိုယ့်နှလုံးသားတွေ ခုမှတကယ်သေရတာပါ ဖူးရယ်။ မင်းက တကယ်ပဲ နေမျိုးကျော်ဇင်ရဲ့ ချာတိတ်လေး ဖြစ်နေတာကိုး။



မြတ်နိုးချင်အဆုံး

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးကို ကိုယ်ပဲ ဦးဆုံးမြင်ခွင့်ရခဲ့သလို ဘာကိုမဆို ကိုယ်ပဲ အရင်ဦးဆုံး ပိုင်ဆိုင်ခွင့်ရခဲ့တာပါ....

ဒီတော့ ကိုယ်ရမယ့်အရာမှန်သမျှ ဘယ်သူ့ကိုမှ ခွဲမပေးချင်တာ ကိုယ် တရားပါတယ်....

'လူ'ဆိုတာ အတ္တပုံဆောင်ခဲပဲမဟုတ်လား....

ပန်းနုရေမြည်





'ခွင့်'

အကြည့်တစ်ဝင့်
ရင်ငြိစေခဲ့
ရှက်သွေးလှိုက်ဖို
အပြုံးရိုးနှင့်
မာယာကင်းရှင်း
လှယမင်းငယ်
ရင်ဝယ်ပိုက်တွေး
ညတေးသံချို
ကြယ်တို့ငိုလည်း
အိုဘယ့်ကမ္ဘာ
သံသရာမှာ
ရာသက်ပန်အတွက်
ရင်ခုန်ဖက်သာ
ဖြစ်ပါရစေ....



www.burmeseclassic.com

www.burmeseclassic.com



'ဖူး'က လောကကြီးထဲကို နောက်ကျပြီးမှ ရောက်လာခဲ့ရတဲ့သူပါ။ တစ်ယောက်တည်းဖြစ်ခဲ့သော်ငြား ဝမ်းကွဲအစ်မအဖြစ် တော်စပ်ခွင့်ရတဲ့ 'မမပန်းနု'ကို အလွန်သံယောဇဉ်ရှိတာ အမှန်ပါလေ....

ဘာမဆို အငယ်ဖြစ်သေမယ့် အကြီးကိုဦးစားပေးတတ်တဲ့အကျင့်က ငယ်စဉ်ကတည်းက အရိုးစွဲခဲ့ရတာပါ။ အဲဒီလိုလိုက်လျောမှုတွေထဲမှာ 'ဖူး'ရဲ့နှလုံးသားတစ်ခု မပါဝင်တာကတော့ ရှင်းချက်ပါပဲ....

ဖူးမွှင်ငယ်



## အခန်း (၁၇)

"ဘာပြောလိုက်တယ် သား"

"ဖူးငယ်နဲ့ကိစ္စကို အမြန်ဆုံးဖြောပေးပါလို့ ပြောတာပါ မေမေ"

"ဟဲ့! အခုမှ ဘာထလောရပြန်တာလဲ၊ နေရင်းထိုင်ရင်းနဲ့ကို"

ဘယ်လိုလုပ်ရပ့ါမလဲ၊ သူလုံးဝထင်မထားတဲ့ကိစ္စကို ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် လာကြုံရတာလေ။ လမ်းထဲကို ကားကွေ့ဝင်လိုက်စဉ်မှာပဲ လက်ထဲမှာ ပန်းကုံးတွေကိုင်ထားသည့် ဖူးငယ်နှင့်ဆုံရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



''ဒါကဘယ်လဲ၊ မှောင်ပဲမှောင်တော့မယ်''

''ကြီးမေအိမ်သွားပို့မလို့ ကိုကိုရဲ့''

''မိပုကိုမခိုင်းဘူးလား ဖူးငယ်ရယ်၊ ကိုယ်တိုင် ဒီအချိန်ကြီး ထွက်လာရသလား''

''မိပုက အစားမှားပြီး ဗိုက်နာနေလို့ ဘယ်လိုခိုင်းမလဲ ကိုကိုရဲ့။ ဒီတစ်လမ်းကျော်လေးပဲဟာကို၊ ဖူး သွားနေကျပါ''

''မိန်းကလေးတစ်ယောက်တည်း စိတ်ပူရတာပေါ့ ဖူးငယ်ရယ်။ လာ, ကိုယ်လိုက်ပို့မယ်''

''ဟင်, ဟိုနားနဲ့ဒီနားလေးကိုများ ကားနဲ့လိုက်ပို့စရာလားလို့''

''လူကြီးကပြောရင် ကလေးက နာခံရမှာပေါ့။ လျှာမရှည်နဲ့, တက်ဆိုတက်''

''လုပ်ပြီ၊ ကိုကို့ကျောင်းသူလည်းမဟုတ်တော့ဘဲနဲ့ ခုထိ Power တွေ စွတ်ပြတုန်းပဲ၊ အမြင်ကပ်စရာကြီး''

သူ့စိတ်မရှည်စွာဖြင့် သူ့မနုဖူးကို လက်သီးဖြင့်ထုလိုက်မိလေ၏။ ဖူးငယ်က စိတ်ဆိုးဟန်မပြဘဲ ရယ်ပင်ရယ်နေသေးတာလေ။ ကားကို back ပြန်ကွေ့လိုက်ပြီး လမ်းမဘက် ဦးတည်လိုက်ပါ၏။





''နောက်နှစ်လမ်းမြောက်နော်''

''Yes!...''

''ကြီးမေဆိုတော့ အန်တီငယ့်ဘက်ကလား၊ အန်ကယ့်ဘက်ကလား''

''မေမေ့အစ်မပါ ကိုကိုရဲ့''

''အန်တီငယ့်မှာ အစ်မရှိမှန်း တစ်ခါမှမပြောဖူးပါလား''

''ကြီးမေတို့က အရမ်းချမ်းသာတာကိုး ကိုကိုရဲ့။ ဖူးဖေဖေက ဝန်ထမ်းပင်စင်စားဆိုတော့ သိပ်ပြီးအဆက်အဆံမရှိကြဘူး။ ဖူးကသာ ကြီးမေ Phone ဆက်မှာလို့ ဘုရားပန်းတွေ မကြာခဏ သွားသွားပို့ပေးရတာ''

သူ့ရင်ထဲ ဒိတ်ခနဲဖြစ်သွားရပါ၏။ ဘုရားပန်းသွားပို့တာတဲ့။ အဲဒီလိုပန်းလာပို့တဲ့ကောင်မလေးကို စေ့စပ်တဲ့နေ့မှာပဲ သင်္ဂြိုဟ်လန်းခဲ့တယ်လို့ ပြောဖူးတာလေ၊ ဘုရားရေ! အဲဒါ ပန်းနုနေခြည်တို့အိမ်တော့ မဖြစ်တန်ကောင်းပါရဲ့။

''ကြီးမေမှာ သားသမီးရှိလား''

''ရှိတာပေါ့. . . ဖူးထက် ငါးနှစ်ကျော်ကြီးတဲ့သမီးတစ်ယောက်ရှိတယ်။ သူက အရမ်းနာမည်ကြီးတာ။ လွန်ခဲ့တဲ့ (၆)လလောက်ကပဲ ဆရာဝန်တစ်ယောက်နဲ့ စေ့စပ်သွားပြီလေ''



www.burmeseclassic.com

www.burmeseclassic.com



သူ ကားကိုတုန့်ခနဲရပ်လိုက်မိတာမို့ ဖူးငယ် လန့်သွားလေ၏။ ရှေ့အင်္ဂါ မထိမိစေရန် dash board ကို အမြန်ဖမ်းထိန်းလိုက်ရပါသည်။ ထင်တယ်. . . ထင်တယ်. ပန်းနုနေခြည် သေချာပြီထင်တာပဲ။

''ဘာဖြစ်တာလဲ ကိုကိုရဲ့၊ လန့်လိုက်တာ''

''ခွေး. . . ခွေးဖြတ်ပြေးသွားလို့ပါ''

ဖူးငယ်က ဟိုဟိုဒီဒီခေါင်းမျှော်ကြည့်ရင်း ရှာလေ၏။ သူတော့ ချစ်ခြင်းနဲ့ဆက်နွယ်ပြီး ဖြောင့်ပင် လိမ်ချလေပြီကော။

''ဖူးငယ်မမက ဖန်းနုနေခြည်လား''

''ဟုတ်တယ်လေ၊ ကိုကိုသိလို့လား''

''သူကိုတော့ မသိဘူး၊ သူနဲ့စေ့စပ်တဲ့လူက ကိုယ့်သူငယ်ချင်းလေ''

''ဟင်! ဟုတ်လား၊ ဖူးတို့ ဒီကိစ္စကို အကြောင်းတိုက်ဆိုင်ပြီး မပြောဖြစ်ခဲ့ဘူးနော်။ ဟုတ်သားပဲ. . . ကိုကိုရော အစ်ကိုကြီးကရော သရာဝန်တွေပဲဟာ''

အစ်ကိုကြီးတဲ့။ အစ်ကိုကြီးဆိုပါလား၊ ဖူးငယ်က သင်္ဂါကို အစ်ကိုကြီးလို့ခေါ်သတဲ့၊ အဲဒီလေသံထဲမှာ လေးစားအားထားတဲ့ဂုဏ်တွေ ပါနေတာလေ၊





''ဖူးငယ်က သင်္ဂါနဲ့တွေ့ဖူးတယ်ပေါ့''

''အင်းပေါ့၊ မမတို့စေ့စပ်တဲ့နေ့တုန်းက ညီ့သည်တွေကုန်ပြီထင်ပြီး ဖူးရောက်သွားခဲ့တာလေ။ အဲဒီနေ့မှာ အစ်ကိုကြီးနဲ့ စတွေ့တာ''

''ဘယ်နှခါလောက် တွေ့ဖူးပြီလဲ''

''မနေ့ကနဲ့ဆို နှစ်ခါပေါ့''

''မနေ့က''

''အင်းလေ''

''မနေ့က သူနဲ့ဘယ်မှာတွေ့ခဲ့တာလဲ ဖူးငယ်ရဲ့''

''ဖူးက သူငယ်ချင်းချိုမာနဲ့ သူ့ဦးလေးခြံကို လိုက်လည်ဘာ။ အဲဒီမှာ အစ်ကိုကြီးနဲ့တွေ့မှ အစ်ကိုကြီးပိုင်တဲ့ခြံမှန်း သိရဘာလေ''

''ဘယ်ကခြံလဲ''

''မှော်ဘီ''

သေစမ်း! ဒီကောင် သူတို့ကိုဖုံးကွယ်ထားတဲ့ လျှို့ဝှက်မှုတစ်ခုပါလား။ ကြည့်ပါဦး. . . မှော်ဘီကခြံမှာ သူ့ချာတိတ်မနဲ့ ဒီကောင် Date ပြီး တစ်နေကုန် အဆက်အသွယ်ဖြတ်ထားဘာလေ။ သင်္ဂါ. . . သင်္ဂါ. . . မင်းကိုရိုးလှပြီထင်နေတာ လက်



www.burmeseclassic.com

www.burmeseclassic.com



စသပ်တော့ မင်းက မလည်ရှုပ်လုပ်ချင်နေတဲ့ကောင်ပဲ။

''အစ်ကိုကြီးက အရမ်းသဘောကောင်းတယ် ကိုကို့ရဲ့ ဖူးကိုလည်း ညီမလေးလိုပဲသဘောထားတာ။ မနေ့က ပျော်လိုက်တာ အရမ်းပါပဲ''

ပျော်နေ. . .ပျော်နေ, မယ်မင်းကြီးမလေးရဲ့။ ဟိုက မင်းရဲ့အနီးဆုံး အန္တရာယ်ကောင်ဆိုတာကို မမြင်ဘဲနဲ့များ။ ကိုယ်ရင်မောရပါလား ဖူးငယ်ရယ်။

အဲဒီညက သူနဲ့ဖူးငယ်ကို လှမ်းကြည့်လိုက်တဲ့ သဂါရဲ့ မျက်လုံးအစုံက ပထမ တအံ့တသြ၊ မထင်မှတ်ဘဲ စုံတွဲတွေ့လိုက်ရတာကိုး။ ပြီးတော့ ချက်ချင်းအေးစက်စက်ဖြစ်သွားပြီး အကြည့်ကိုလွှဲလိုက်တာလေ။ အပျက်ပျက်အယွင်းယွင်းဖြစ်သွားတဲ့ ဒင်းမျက်နှာကိုကြည့်ပြီး သူ့ဒေါသတွေကို မျိုသိပ်ခဲ့ရတဲ့ညလည်း ဖြစ်ခဲ့ပါရဲ့။

''ဟဲ့! မေးနေတာ ဖြေဦးလေ''

''ဖူးငယ်ကို စိတ်မချလို့''

''ဖြစ်ရပြန်ပြီ ဘာကိစ္စ စိတ်မချပြန်တာလဲ၊ ကိုယ့်မျက်စိရှေ့ သွားလာနေတဲ့ကလေးကိုပဲ၊ ခမျာ နောက်ဆုံးနှစ်လေး ဖြောင့်ဖြောင့်တန်းတန်းဖြေပါစေဦးလား''





''သူ့ဟာသူ စာမေးပွဲဖြေတာက တစ်ကဏ္ဍပါ မေမေရဲ့။ ပြောသင့်တာ ကြိုပြောပေးပါ''

''ထူးထူးဆန်းဆန်း. ဒီကောင် ဂျစ်တိုက်နေပါလားဟော့''

မေမေပါ breakfast ဝိုင်းသို့ ရောက်လာချေပြီ။ အခုမှ သူ့ဒုက္ခကို မိဘတွေပါ ဝိုင်းခံနေရရှာပါပေါ့လား။

''ဘာတဲ့လဲ''

''ငယ်ငယ့်ကိုပြောပေးတဲ့ အစ်ကိုရေ''

''ဘာဖြစ်လာရပြန်တာတုန်း''

''သူ့ချာတိတ်မကို စိတ်မချလို့တဲ့''

''ကိုယ့်အစွမ်းအစနဲ့လည်း ဖွင့်မပြောရဲဘဲ နားပူနားဆာလုပ်စရာလား။ လူကြီးချင်း ပြောတယ်ဆိုတာက အခြေအနေအချိန်အခါကိုကြည့်ပြီး ပြောရတာ နေမျိုးကျော်ဇင်ရဲ့။ ငယ်ငယ်က လူရင်းမို့ ကိစ္စမရှိပေမယ့် ကိုဘပွင့်က နဂိုကတည်းက အနေတည်တဲ့လူဆိုတော့ သူ့သမီးကိစ္စကိုပြောရမှာ လန့်သား''

''ဒါတော့ဟုတ်တယ်၊ မေမေတို့ သားကိုချစ်တယ်ဆိုတာ ကိုဘပွင့် သူ့သမီးချစ်တာကို မမီဘူး။ သမီးဖြစ်တဲ့သူ ခေါင်းလျှော်တိုင်း သူကိုယ်တိုင် ခေါင်းသုတ်ပေးတယ်။ အဲဒီလို တုန်နေရှာသောင်း ချစ်တဲ့အဖမျိုး''



www.burmeseclassic.com

www.burmeseclassic.com



ဇော်! ခက်ရချည်ရဲ့၊ ရင်မောနေပါတယ်ဆိုမှ လူနာကို ဝေဒနာထပ်ပေးနေကြပြန်ပါရောလား။ မိဘတွေကိုအားမကိုးဘဲ သူကိုယ်တိုင် ဖွင့်ပြောလိုက်ချင်ပေမယ့် ဖူးငယ့်စိတ်ဆိုးသွားမှာကို စိုးရိမ်စိတ်က နေ့စဉ်နဲ့အမျှ ကြောင့်ကြနေရတာအမှန်ပါလေ။

"ကျွန်တော် နောက်မကျချင်လို့ပါ မေမေ"

"ဘယ်လို"

"သားကိုကြည့်ရတာ ဖူးဖူးမှာ ချစ်သူရှိနေပြီလို့ ထင်နေသလားလို့"

"ထင်တာမဟုတ်ဘူးဖေဖေ၊ လက်တွေ့မြင်နေရလို့ပါ"

"ဟယ်! ကလေးမလေး ဘယ်သူနဲ့များ တွဲနေလို့လဲ။ သူ့မိဘတွေ မသိကြဘူးလား"

မသိဘဲရှိမလား မေမေရယ်။ တူမရဲ့ခင်ပွန်းလောင်းဆိုပြီး သိထားတဲ့လူမို့ အိမ်ကို အဝင်အထွက် ခွင့်ပြုဖြစ်တာပေါ့။ သမီးကိုချိန်နေမှန်း ဘယ်ရိပ်မိပါ့မလဲ။ သူ့မှာသာ, သူ့မှာသာ သူဝယ်မယ့် ဗီရိုထဲကအရုပ်ကလေးကို သူများ လုဝယ်သွားမှာ စိုးရိမ်နေတဲ့အဖြစ်မျိုး ဖြစ်နေရတာလေ။

"သိတယ်"

"ဒါဆို သဘောတူထားတာများလား"





"အဲဒီအဆင့်ထိ မရောက်သေးပါဘူးဖေဖေ"

"အင်းလေ, တစ်ရက်လောက်တော့သွားပြီး တီးခေါက်ကြည့်ကြတာပေါ့။ ကိုဘပွင့် ဘယ်အချိန်လောက် အိမ်မှာရှိနေဘတ်သလဲဆိုတာ ဝင့်ဝါပဲ စုံစမ်းထားလိုက်ပါ"

"ဟုတ်ကဲ့ပါ! အစ်ကို"

"ကဲ, ဖေဖေ သွားနှင့်ပြီ"

Meeting ရှိတာမို့ ဖေဖေက ကုမ္ပဏီကို စောစောထွက်သွားချေပြီ။ မေမေက ဖေဖေ့ကို ကားပေါ်တက်သည်အထိ လိုက်ပို့ပြီး ဖေဖေ့ကားလေး ထွက်သွားမှ အိမ်ထဲပြန်ဝင်လာလေ၏။ သူက ခုထိ ထမင်းစားခန်းထဲမှာ ထိုင်နေတုန်းပါပဲ။

"ဖူးဖူးနဲ့တွဲနေတဲ့လူကို သားသိလား"

"ဟုတ်"

"ဘယ်သူတဲ့လဲ"

ပြောယိုက်ရမှာလား။ ကာယကံရှင်တွေတောင်မှ ဘာမှမဖြစ်ကြသေးတာလေ။ သူ အစိုးရိမ်ပိုလွန်းနေတာပဲ ဖြစ်ပါစေလား။ သို့သော် စေ့စပ်တဲ့နေ့ကပဲ သင်္ဂါ သူ့ကိုကိုဝန်ခံခဲ့တာလေ။ ဒါက အကောင်းဆုံးသက်သေပဲမဟုတ်လား။ ဒါပေမဲ့ ဘာမှမရေရာသေးဘဲနဲ့ စွပ်စွဲသလိုဖြစ်မှာကိုတော့ သူမလိုလားတော့ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါလေ။

''နောက်မှပဲ ပြောပြပါရစေ မေမေ''

''သားနဲ့တော်တော်ရင်းနှီးတဲ့လူ ဖြစ်နေလို့များလား''

ကဲ! မွေးထားတဲ့မိခင်လို့ကို မပြောရဘူး။ သူ့ရင်ထဲ ထွင်းဖောက်သိမြင်နေတာလေ။ 'ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း ဘုန်းသင်္ဂါပါ'လို့များ ပြောလိုက်ရင် မေမေ ချက်ချင်းနှလုံးရပ်သွားမှာ အသေအချာပါပဲ။

''မသိချင်ပါနဲ့လား မေမေရယ်''

''ပြိုက်ဘက်က ပြိုင်ဘက်ပေါ့၊ ဒါပေမဲ့ အချင်းချင်းလုတာတော့ ဘယ်ကောင်းပါ့မလဲ။ ကောင်လေးက သားထက်များ ဘာပိုသာနေတာ ရှိလဲ''

အများကြီးရှိတာပေါ့ မေမေ။ ရုပ်ရည်မှာရော, ပညာရေးမှာလည်း နံနံပါတ် (၁)က စဝင်ခဲ့တာ။ ငွေကြေးဥစ္စာဆိုလည်း သူ့မိဘတွေထက် အများကြီးဆိုမှ အများကြီးပိုသာနေတာပါလေ။ ထားပါတော့၊ တကယ်တမ်းလိုအပ်တာက မေတ္တာစစ်နဲ့ ရွေးချယ်ရမယ့် ဖူးငယ်သာ အဓိကကျတာမဟုတ်လား။

ကိုယ် ရင်မောရပါတယ် ဖူးငယ်. . .

''သိပ်မကွာပါဘူး''





''အေးပေါ့။ အဲဒီလောက်သိထားလည်း ဖြစ်ပါတယ်။ မေမေတို့ ငယ်ငယ်နဲ့တွေ့ပါ့မယ်သားရဲ့။ စိတ်ပူတာကိုတော့ လျှော့ထားဦး''

ဘယ်လိုပေါ့ပါးပါ့မလဲမေမေ၊ ဒီမျက်နှာကို နေ့စဉ် duty ဝင်ရင်း တွေ့နေရမှာ။ ရင်ထဲ မချိတင်ကဲစိတ်ဖြစ်နေတာကို မျိုချလိုက်ပြီး ဘာမှမဖြစ်သလို ဟန်ဆောင်ပြနေရမှာ။ ငယ်စဉ်ကတည်းက လည်ပင်းဖက် ပေါင်းလာတဲ့သူငယ်ချင်းအဖြစ် ဟန်မပျက်ဆက်ပေါင်းနေရဦးမှာ။

ငါ မင်းနဲ့ရန်ဘက်မဖြစ်ချင်ဘူး ဘုန်းသင်္ဂါ။ မင်းဘက်က လှမ်းချင်နေတဲ့ခြေလှမ်းကို အခုကတည်းက ရပ်လိုက်တာ အကောင်းဆုံးပဲလို့ ငါယူဆပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ကားကို Parking မှာ ရပ်လိုက်တော့ နေမျိုးရဲ့ကားကို မတွေ့ရပါ။ မရောက်သေးလို့ပေါ့။ စန္ဒာ့ကိုတော့ ဝေမိုးသွင်က ကြိုတာမို့ ကားအတူစီးပြီး ရပ်ထားတာကို သူလှမ်းတွေ့လိုက်ပါ၏။

သက်ပြင်းကို ခပ်ဖွဖွရှိုက်လိုက်မိပါသည်။ 'လျှို့ဝှက်သင့်သည့်ကိစ္စကို လျှို့ဝှက်ထားရမည်' တဲ့။ သူဘာကြောင့် နှုတ်မစောင့်စည်းခဲ့မိပါသလဲ။ သူစိတ်ဝင်စားနေတဲ့မိန်းကလေးကို နာမည်ဘယ်လိုခေါ်ဟု နေမျိုးမေးလာရင်. သူတော့ သေပြီလေ။

''Good morning Doctor, ''



www.burmeseclassic.com

www.burmeseclassic.com



"Morning ပါ ကလျာ"

Reception မှာ တာဝန်ကျနေသည့် Nurse တို့နှုတ်ဆက်တာကို ပြုံးပြနှုတ်ဆက်ပြီး Lift ဖြင့် ရုံးခန်းရှိရာအထပ်သို့ တက်လာခဲ့သည်။ ကော်ဖီစက်အနီး ရပ်စကားပြောနေသည့် ဝေမိုးတို့အနီးသို့ သူဆက်လျှောက်လာခဲ့ပါသည်။

"ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား"

"ပျော်သွားပဲ၊ ဘာဖြစ်လို့မေးရတာလဲ"

"မျက်တွင်းချောင်နေလို့"

"သွားနှင့်ကြလေ၊ စန္ဒာပဲ သယ်ခဲ့ပေးမယ်"

ရုံးခန်းထဲရောက်တော့ စားပွဲနောက်ရှိခုံမှာ သူအသာဝင်ထိုင်လိုက်မိ၏။ ဝေမိုးက duty coat ကို ချိတ်မှာသွားချိတ်ထားပြီးမှ သူ့အနီးသို့ရောက်လာလေသည်။

"ဘယ်လိုလဲ"

"ဘာလဲ"

"ပန်းနုနေခြည်နဲ့ OK ရဲ့လား"

"အင်း"

"မင်းပုံစံကြီးကလည်း မတက်ကြွလိုက်တာ သင်္ဂါရာ"

"ဒါဆို ငါက ဘယ်လိုနေရမှာလဲ"





"ကော်ဖီပူပူလေး ရပြီ"

တစ်ခါသုံးဖော့ဘူးတွေဖြင့် နှင်းစန္ဒာ ရောက်လာသဖြင့် သူ့ကို ဝေမိုး ဘာမှထပ်မမေးဖြစ်တော့ပေ။ ကော်ဖီပူပူကို မှုတ်သောက်ရင်း နေမျိုးကို ဘယ်လိုရှင်းပြရမလဲဟု သူစဉ်းစားနေမိ၏။ သူငယ်ချင်းအချင်းချင်း စကားများတာကိုတော့ သူမလိုလားပါလေ။

"ဒီတစ်ပတ် OFF ရက်တိုက်ရင် Tennis ရိုက်ကြရအောင်။ ပတ်လည်ပွဲလေ. နိုင်တဲ့လူကို သူလိုချင်တာ ဝယ်ပေးကြေး။ ဘယ်လိုလဲ"

"ငါဝယ်မပေးနိုင်တာတော့ မတောင်းနဲ့နော်။ အစောကြီးကတည်းက ကြိုပြောထားပါရဲ့"

"နှင်းကလည်း ရိုက်တောင်မရိုက်ရသေးဘူး. ရှုံးဖို့တွက်နေ"

"ဟုတ်တာပဲဟာ၊ နင်တို့သုံးယောက်ထဲမှာ ငါက အညံ့ဆုံးကိုး"

"နင်လို့မပြောနဲ့လေ နှင်းရာ"

"ကြည့်! ကိုဝေနော်၊ သင်္ဂါရှေ့မှာ ဘယ်လိုဖြစ်နေသလဲ"

"နှစ်ယောက်တည်းဆို မောင်လို့ခေါ်ချင်မှာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒာက နှုတ်ခမ်းကိုကိုက်လျက် ရှက်ရက်ဖြင့် ဝေမိုး၏ လက်မောင်းကို ရိုက်လိုက်လေ၏။ ချစ်သူဘဝဆိုတာ ဒါမျိုးကို ခေါ်တာဖြစ်မယ်ထင်ပါရဲ့။ ဒါဖြင့် သူနဲ့နေခြည်ကရော၊ ဒီလိုဘာကြောင့် တရင်းတနှီးမရှိရတာလဲ။ သေချာတာကတော့ သူ့ဘက်က တစ်ဖက်သတ် အေးစက်နေတာပဲဖြစ်မှာပါလေ။

"ဟိုကောင့်မွေးနေ့က နောက်လနော်"

"အင်း"

"(၃၀)ပြည့်တာတောင် ဒင်း သူ့ချာတိတ်မနဲ့မငြိရင် ဒီ တစ်သက် သွားပြီပဲ"

ရင်ထဲ နင့်ခနဲဖြစ်သွားရပါ၏။ ယယ်စဉ်ကတည်းက တွယ်ငြိခဲ့တဲ့ နေမျိုးတို့နှစ်ယောက်ကြားက သံယောဇဉ်ကို သူဘယ်လိုဖြတ်လို့ရမှာမို့မလဲ။ သူက နောက်မှပေါက်တဲ့ ရွှေကြာပင်ပါလေး

"လာပါပြီ၊ အသက်ရှည်ဦးမယ်"

စန္ဒာက ပြတင်းပေါက်မှ အောက်ထပ်ကိုငုံ့ကြည့်ရင်း ပြောလိုက်ပါ၏။ နေမျိုးကား ရောက်ပြီထင်ပါရဲ့။ စားပွဲထက်ရှိ File တွေကို သူ ထစီကာ အလုပ်ရှုပ်ဟန်ပြုလိုက်မိပါ၏။ ဟန်ဆောင်ခြင်းအတတ်ပညာကို သိပ်အကျွမ်းကျင်ကြီးမဟုတ်ပေမယ့် သူတတ်နိုင်သရွေ့တော့ ဖုံးကွယ်သိုဝှက်ထားနေရမည်ကိုး။





တံခါးပွင့်သွားပြီး နေမျိုးဖိနပ်သံကို ကြားလိုက်ရလေ၏။ ခါတိုင်းလည်း ကြားနေကျဖြစ်ပါလျက် ဒီနေ့မှ ဒီကောင့်ခြေသံပိုများကျယ်နေလေသလား။

"သဂါ"

သူ တုန်ခနဲဖြစ်သွားပြီး လက်ထဲမှာရှိနေသည့် File တစ်ထပ်က ကြမ်းပေါ် (အင်္ဂတေခင်းကြမ်း) လျှောခနဲပြုတ်ကျသွားလေ၏။ ကမန်းကတမ်း ပြန်ကောက်တော့လည်း ပထမကောက်ထားသည့် File က ထပ်ပြန်ပြုတ်ကျရင်း မပြီးနိုင်တော့ပါချေ။

"ဘယ်လိုဖြစ်ရတာလဲကွာ. . . နေမျိုး ခေါ်လိုက်တာနဲ့ အလန့်တကြားဖြစ်ရလား"

ဝေမိုးက ကျန်သည့် File တွေကို ကူကောက်ပေးပြီး စားပွဲထက် တင်ပေးလေ၏။ နာမည်ခေါ်ပြီး ဘာမှဆက်မပြောသည့်နေမျိုးကို သူရဲရဲမကြည့်ရဲ။ အပြစ်လုပ်မိသူလိုမျိုး မဝံ့မရဲဖြစ်နေတာ ဘာကြောင့်ပါလဲ။

"ငါခေါ်နေတယ်လေကွာ"

"အင်း. . . ပြောလေ"

"ခုနက အောက်ထပ်က တက်လာတုန်း (၁[illegible])နာရီမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်း Operation ဝင်ရမယ့်မှာလိုက်လို့''

''ငါသိတယ်''

''အဲဒါ ဘာ Style လဲကွ၊ ငါပြောနေတာကို စိတ်မဝင်စားသလို တစ်ချက်တောင်မကြည့်ဘူး။ မင်း ဘာမကျေနပ်တာများရှိလို့လဲ''

''မရှိပါဘူး''

သူ နေမျိုးကို ဖျတ်ခနဲတစ်ချက် မျက်လွှာလှန်ကြည့်လိုက်ပြီး အကြည့်ကိုပြန်လွှဲလိုက်မိ၏၊ နေမျိုးလေသံ မာနေတာကိုရော၊ သူ မျက်စိမျက်နှာပျက်ချင်သလိုဖြစ်တာကိုပါ စန္ဒာရော ဝေမိုးပါ အသိပါလေ။

''မင်းတို့နှစ်ယောက် ဘာဖြစ်ထားကြလဲ''

''ဟင်''

''ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ဘူး. . . အေးဆေးပဲ''

နေမျိုးက လေသံပြတ်ဖြင့်ဖြေလျက် သူ့ဘေးစားပွဲရှိခုံမှာ ဝင်ထိုင်လိုက်လေသည်။ ထင်တဲ့အတိုင်းပါပဲလား။ နေမျိုးလည်း သူ့လိုပင် ဟန်မဆောင်နိုင်ဘူးထင်ပါရဲ့

''မဟုတ်ဘူး။ တစ်ခုခုဖြစ်နေတာ သေချာတယ်၊ နှစ်ယောက်စလုံး မူမမှန်နေတာ''





''ကိုဝေ့, စန္ဒာ့ duty ချိန်နီးနေပြီ၊ သွားတော့မယ်နော်''

''အင်း''

နှင်းစန္ဒာပင် သူတို့နှစ်ယောက်စလုံးကို နှုတ်မဆက်ဘဲ ထွက်သွားလေပြီ။ အခြေအနေက ထူးခြားနေပြီကိုး။ ဝေမိုးက ခုံမှာသွားမထိုင်ဘဲ သူ့စားပွဲခုံမှာ တင်ပါးလွှဲထိုင်လိုက်လေ၏။ သူတို့နှစ်ယောက်ကို စောင့်ကြည့်နေသလိုပါပဲလား။

''ဟိုရက်တုန်းက မင်းဘယ်သွားနေသလဲ သင်္ဂါ''

''ငါပြောပြီးပြီထင်တာပဲ''

''အဲဒါ မင်း တိတိကျကျပြောတာမျိုးမဟုတ်ဘူးလေ၊ သေချာသိချင်လို့ မေးရတာ''

''ငါဘယ်သွားသွား, မင်းအပူမှုပ်ပါဘူး နေမျိုး''

''ဘာကွ!''

''ဟာ! ဒီနှစ်ကောင်တော့ မဟုတ်သေးပါဘူး။ တခြားဆရာဝန်တွေ ရောက်လာတော့မယ်။ ဘာတွေဖြစ်နေတာလဲ''

''မင်းမသိပါဘူး၊ ဒီကိစ္စ ငါတို့နှစ်ယောက်ပဲသိတာ''

''ဘာကိစ္စလဲ''

''ဘာမှမဟုတ်ပါဘူးကွာ''

သူက အခြေအနေမတင်းမာရလေအောင် လေပြည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသော်ငြား သွေးဆူလွယ်သည့်နေမျိုးကတော့ တမင်ကို ထိပ်တိုက်လိုက်ဆုံနေတာပါလေ။

''မင်းကို သူပြောလို့သိပြီးပြီမဟုတ်လား။ ပြီးရောပေါ့''

''ငါက သူပြောတာမလိုချင်ဘူး။ မင်းပြောတာကိုပဲ လိုချင်တာ''

''ဘယ်သူပြောပြော မင်း သိပြီးပြီပဲမဟုတ်လား။ ဘာပြဿနာရှာချင်တာလဲ''

''သဂ်ီ, နေမျိုး. . .''

''ငါက ပြဿနာရှာတာမဟုတ်ဘူး။ မင်းကမှ ပြဿနာရှာနေတာကွ''

နေမျိုးက ပြောလည်းပြော, ခုံမှလည်း ဂုန်းခနဲထရပ်လိုက်လေ၏။ သွေးအေးတဲ့နေရာမှာတော့ သူ့ကိုဘယ်သူမှမမီနိုင်ပါလေ။

''ငါက ဘာပြဿနာရှာလို့လဲ၊ ငါ့ဘာသာငါ ဒက်ဒီဝယ်ထားတဲ့ခြံကိုသွားတယ်၊ ဟိုမှာ မမျှော်လင့်ဘဲ သူက သူ့သူငယ်ချင်းနဲ့ လိုက်လာတာမို့ တွေ့တယ်၊ အဲဒါဘာဖြစ်လဲ, ကဲ!. . .''

''အဲဒီအဆင့်နဲ့ မကလို့ပေါ့ကွ၊ မင်းဘာအကြောင်းနဲ့မှ သူနဲ့အတူပြန်လာစရာမလိုဘူး။ သူ့အိမ်ကိုဝင်ထွက်လာတယ်ဆို





ကတည်းက မင်းမဟုတ်တော့တာ''

''ဟ! အတူတစ်ခရီးတည်းပြန်မယ်ဆိုလို့ သူ လိုက်ချင်တာနဲ့ ငါခေါ်ခဲ့ရတာလေ, ဘာဖြစ်လဲ။ အိမ်ရောက်တော့လည်း အန်တီငယ် အတင်းခေါ်လို့ ထမင်းဝင်စားလိုက်ရတာ။ ငါရှောင်လို့ရမလား။ လူမှုရေးက ရှိသေးတဲ့ဟာ''

''ဘာလူမှုရေးလဲ၊ အလကားနေ သူ့ဘာသာသူရှိနေတဲ့ လူမှုရေးကို မင်းဆွဲမထည့်ပါနဲ့''

''ငါမှန်တာပြောနေတာပဲလေ''

''နေကြစမ်းပါဦး။ မင်းတို့ဘာတွေပြောနေကြတာလဲ။ သူဆိုတာ ဘယ်သူ့ကိုပြောတာလဲ။ ငါ့ကိုလည်းပြောဦး''

သူတို့တစ်ယောက်တစ်ခွန်း စကားများတာကို ဝေမိုးက ဝင်ထိန်းလေ၏။ လူမှန်ရင် သွေးသားနဲ့ဖွဲ့စည်းထားတာမို့ သူ့မှာလည်း ဒေါသရှိတာပဲလေ။ နေမျိုးက နဂိုကတည်းက စိတ်ဆတ်သည့်လူမို့ မျက်နှာတစ်ခုလုံးပင် ရဲရဲနီနေချေပြီ။

''ငါမေးတာလည်း ဖြေကြဦးလေ၊ သူဆိုတာ ဘယ်သူလဲ''

''ဖူးငယ်''

''ဘာ! ဖူးငယ်ဆိုတာ မင်းရဲ့ဖူးစွင့်ငယ်ပေါ့၊ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



“အေး”

“ဖူးပွင့်ငယ်နဲ့ သင်္ဂါက”

“အဲဒါကိုပဲ ပြောနေတာ၊ မင်းမှာ ပန်းနုနေခြည်တစ်ယောက်လုံး ရှိနေပါလျက်နဲ့ ငါ့ဖူးငယ်ကို မျက်စိနဲ့တောင် မပစ်မှားပါနဲ့ သင်္ဂါ”

ကြည့်စမ်း! ဒါ သူ့ကို သက်သက်စိမ်ခေါ်တာပါလား။ နေခြည်ရှိတယ်ဆိုတာ သူ့ကိုသတိပေးတာထက် ခြိမ်းခြောက်မှုက ပိုသာနေတာပါလေ။

“ငါက မင်းရဲ့ဖူးငယ်ကို ဘာမှားပြစ်မှားနေလို့လဲ၊ ပြောပါဦး”

“မင်း ဖူးငယ်ကိုချစ်နေတာမဟုတ်လား။ အေး, ဒီကိစ္စ ပန်းနုနေခြည်ကို မသိ,သိအောင် ငါပြောမယ် သင်္ဂါ၊ မင်းစောင့်ကြည့်နေ”

“နေခြည်နဲ့ငါက ဆိုင်ရုံပဲဆိုင်တာပါ၊ နေမျိုးရဲ့ ပိုင်သေးတာမဟုတ်ဘူး။ အေး, ငါ့ရင်ထဲမှာ ဘယ်သူရှိရှိ ငါဖွင့်ပြောမှ သူသိမှာ၊ ကိုယ့်သူငယ်ချင်းချစ်နေတဲ့သူကို ဝင်လုရအောင် ငါ့စိတ်ဓာတ် ဒီလောက်အောက်တန်းမကျဘူး နေမျိုး။ ကောင်းပြီလေ, နေခြည့်ကိုသွားပြောလည်း အဲဒီကိစ္စ ငါဖြေရှင်းနိုင်တယ်





ခင်းသာ မင်းမပိုင်တဲ့ပစ္စည်းအတွက် ဥစ္စာခြောက်နေတာကို ပြန်ခဉ်းစားဦး”

“မင်း . . . မင်း . . .”

“ Operation ဝင်ဖို့ ready ဖြစ်ပါပြီ ဒေါက်တာ”

Nurse ရောက်လာပြီမို့ သူတို့ရန်ပွဲက တိခနဲရပ်သွားလေတော့၏။ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ကိန်းပါပဲလား။ ဒီပုံနဲ့တော့ ဒီမှာဆက်နေရင် သူ့အတွက် စိတ်ဆင်းရဲစရာတွေသာ ဖြစ်တော့မှာအမှန်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဘာပြောလိုက်တယ် သား"

"ကျွန်တော် အလုပ်ထွက်တော့မယ်လို့ပြောတာပါ ခင်ဗျား"

"ဘာဖြစ်လို့လဲ"

"ဟုတ်သားပဲ သားရယ်၊ သူငယ်ချင်းတွေနဲ့အတူ လုပ်ချင်တယ်ဆိုပြီး အဲဒီဆေးရုံမှာ ဝင်လုပ်ကြတာမဟုတ်လား"

အဲဒီလိုမဟုတ်တော့လို့ပေါ့ ဟာဗိရယ်။ သူငယ်ချင်းတွေနဲ့ အခု ကျွန်တော်က ရန်ဘက်လိုဖြစ်နေရပါပြီ။ ကျွန်တော့်ကို ရန်သူလိုသတ်မှတ်မှတော့ သူတို့နဲ့အုပ်စုခွဲလိုက်တာကမှ ကောင်းပါဦးမယ်။

•

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဒက်ဒီမေးတာ ဖြေဦး သင်္ဂါ''

''မပျော်တော့လို့ပါ''

''ဟဲ့!''

''အဆန်းပါလား၊ အလုပ်ကိုမပျော်ပိုက်တဲ့ အကြောင်းရင်းကရော''

''ကျွန်တော် အလုပ်မလုပ်တော့ဘူးလို့ ပြောတာမဟုတ်ရပါဘူး ဒက်ဒီ။ တခြားမှာပြောင်းလုပ်ပြီး ညနေဘက်အချိန်ပိုင်းတိုင်ရတဲ့အလုပ်လည်း ဆင်းဦးမှာပါ''

''အခုဆေးရုံမှာ သားတို့ဘယ်လောက်သက်သာလဲဆိုဟာရော ထည့်မစဉ်းစားတော့ဘူးလား''

''အလုပ်တွေ ဖိလုပ်ချင်ရအောင် သား ဘာများစိတ်ညစ်စရာရှိလို့လဲကွယ်''

အများကြီးရှိတာပေါ့ မာမီ။ အမိက,ကတော့ ကိုယ်မချစ်တဲ့မိန်းကလေးကို လက်မထပ်နိုင်တာက စတာပါပဲ။ ကျွန်တော်ဖူးလေးကို နှင့်နှင့်သည်းသည်းချစ်နေမိပါပြီလို့ မာမီတို့သိအောင် ဘယ်လိုမျက်နှာမျိုးနဲ့များ ပြောဝံ့ပါ့မလဲ။ ခက်တယ် မာမီ။

''မမေးပါနဲ့လား မာမီ၊ ဒီလိုပဲ မလုပ်ချင်လို့လို့ပဲ မှတ်ပေးပါ''





''မလွယ်ဘူး သားရဲ့၊ အဲဒီ ခုံဆေးရုံကြီးမှာ အလုပ်ဝင်ဖို့ ဒက်ဒီပဲ ဆေးရုံအုပ်ကြီး ဒေါက်တာဖုန်းမြင့်နဲ့တွေ့ပြီး ပြောခဲ့ရတာ။ ဒက်ဒီ့မျက်နှာနဲ့ ရခဲ့တဲ့ဒီအလုပ်ကို ထွက်မယ်ဆိုဟာကအကော်စဉ်းစားစရာပဲ။ ဒေါက်တာဖုန်းမြင့်လည်း လက်ခံမယ်မဟုတ်ဘူး။ သားလိုနူလုံးအထူးကုဆရာဝန် ဘယ်နှယောက်ရှိလဲပြောပါဦး''

''ကျွန်တော်ရယ်, ဒေါက်တာစိုးဇော်ရယ်, ဒေါက်တာထွန်းအုန်းဦးရယ်. . . သုံးယောက်ပါ ဒက်ဒီ''

''အင်း. . . ပိုတောင်မဖြစ်သေးတယ်၊ မယုံရင် ပြောကြည့်လိုက်။ ဒေါက်တာဖုန်းမြင့် ခေါင်းညိတ်ဖို့ လမ်းမမြင်ဘူးဘုန်းသင်္ဂါရေ့''

ထမင်းစားသောက်ပြီး အောက်ထပ်ဧည့်ခန်းမှာပင် ထိုင်စကားပြောနေကြတာပင်။ ဒက်ဒီက သူ့ကိုစိတ်ပျက်ပုံဖြင့် ကြည့်ကာ ခေါင်းခါပြရင်း ထသွားတော့၏။

''သူငယ်ချင်းတွေနဲ့တိုင်ပင်ကြည့်ပါဦးလား သားရယ်''

''ကျွန်တော် ဆုံးဖြတ်ပြီးပြီ မာမီ''

''ခက်တာပဲ၊ ဘာပဲဖြစ်ဖြစ် မာမီ့ကိုပွင့်ပွင့်လင်းလင်း ပြောသင့်တယ် သား.. ဒီမှ ကိစ္စတစ်ခုကို မာမီတို့ရှင်းပေးလို့ရမှာ



www.burmeseclassic.com

www.burmeseclassic.com



မိခင်မေတ္တာပါပဲလား။ သူ့ မျက်ရည်ပင် ဝဲသွားရလေ၏။ ဒုက္ခတွေ ပွေ့ပိုက်ထားတဲ့သားဆီကနေ အပူတွေ ဝေမျှယူချင်တာတဲ့လား။ မပေးပါရစေနဲ့ မာမီ။ အချစ်ဆိုတဲ့မီးတောင်ကြီးက ကျွန်တော့်ရင်ထဲမှာ ပေါက်ကွဲနေတာကို မာမီမသိချင်ပါနဲ့တော့။

"သား...သဂါ"

မာမီတီးတိုးခေါ်လိုက်စဉ် သူ့မျက်နှာကို လက်ဖြင့်အုပ်လိုက်မိတော့၏။ မာမီ့ရှေ့မှာ မျက်ရည်ကျရပါပြီကော။ လမ်းလွှဲလိုက်ခဲ့မိတဲ့ အမိုက်သားရဲ့မျက်ရည်တွေက အချိန်တန်ရင် ခမ်းခြောက်သွားမှာပါလေ။

"သား"

"..."

"မျိုသိပ်မထားနဲ့လေ၊ အဲဒါက ပိုမခံရခက်တယ် သားရဲ့။ ပြောစရာရှိတာ ရဲရဲသာပြော"

"ကျွန်တော်...ကျွန်တော်...နေခြည့်ကို လက်မထပ်နိုင်ဘူး မာမီ"

"ဘာရယ်"

စထွက်လာသည့်စကားက အလုပ်နဲ့မသက်ဆိုင်တာမို့ မာမီအံ့သြပေမည်။ သို့သော် ခါတိုင်းလိုမျိုး သူ့ကိုဘာညာဆိုပြီး





မဆူပါလေ။

"ကျွန်တော့်မှာ...ကျွန်တော့်မှာ ချစ်ရမယ့်သူ ရှိနေပြီ"

"ဘယ်လို"

"ဟိုတစ်နေ့ကပဲ နေမျိုးနဲ့ ရုံးခန်းထဲမှာ ပြဿနာအကြီးအကျယ်တက်ကြတယ်မာမီ၊ အချစ်ဆုံးသူငယ်ချင်းက ရန်ဘက်လိုဆက်ဆံတဲ့အထိ ဖြစ်ကုန်မှတော့ အဲဒီမှာ ကျွန်တော် ပျော်ပါတော့မလား။ ဒါကြောင့်..."

"နေဦး, မာမီမရှင်းဘူး သား။ မာမီနားလည်အောင် သား သေချာရှင်းပြပါ"

ဟုတ်တာပေါ့၊ ငိုသံပါကြီးနဲ့ သူ့ ဗလုံးဗထွေးပြောသမျှ မာမီဘယ်နားလည်ပါ့မလဲ၊ ကိုယ်ပြောပြရဦးမယ် ဖူးရယ်။ မင်းကို တစ်ကြိမ်မှပွင့်မပြောဖြစ်ခဲ့ပါလျက် မင်းမဟုတ်တဲ့လူတွေက ကိုယ့်အချစ်အကြောင်းတွေကို အကုန်သိကုန်ပြီလေ။

"ဟိုတစ်လောလေးက ကျွန်တော့်မွေးနေ့မှာ မော်ဘီခြံကိုသွားခဲ့တာ မာမီသိပါတယ်နော်"

"အင်း"

"အဲဒီမှာ လာလည်တဲ့သူနဲ့ ဒုတိယအကြိမ် ထပ်ဆုံမှ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ''

''သူဆိုတာ သားချစ်နေတယ်ဆိုတဲ့ ကောင်မလေးကို ပြောတာလား''

''ဟုတ်ပါတယ်''

''ဒုတိယအကြိမ်ဆိုတော့ ပထမဆုံးအကြိမ်က ဘယ်မှာ တွေ့ဖူးတာလဲ''

''စေ့စပ်ပွဲနေ့က နေခြည့်အိမ်မှာပါ မာမီ''

''ဘာရယ်''

ကဲ! ရဲရဲပြောဆိုလို့ ပြောပြီ ဖူးလေးရေ့။ ပွင့်ပွင့်လင်းလင်း ဆိုလို့ ဖွင့်ချလိုက်ပြီ။ နောက်ကိစ္စ နောက်မှပဲ ကြည့်ရှင်းကြတာ ပေါ့လေ။

''အဲဒီ. . . အဲဒီကလေးက''

''နေခြည့်ညီမဝမ်းကွဲလေးပါ မာမီ''

''ဘုရား! ''

မာမီ ရင်ဘတ်ဖိလေ၏။ ဖြစ်ပေမပေါ့။ သူပြောသမျှက နှလုံးရပ်လုမတတ် အံ့သြမင်သက်စရာတွေချည်းပဲကိုး။

''ပြီးတော့ သူက နေမျိုးစာသင်ပေးခဲ့ပြီး ချစ်နေတဲ့ မိန်းကလေးပါ မာမီ''





''မဖြစ်ဘူး. . . လုံးဝမဖြစ်ဘူး ဘုန်းသင်္ဂါ။ ဦးမိုးထက်နဲ့ ဒေါ်နုသွေးယယ်တို့ မျက်နှာပျက်ရမယ့်ကိစ္စမျိုး သားမို့ ကြံစည် အပ်တယ်။ ညီအစ်မဝမ်းကွဲချင်း သွေးကွဲမယ့်ကိစ္စကြီးကွယ့်''

''ကျွန်တော်မလုပ်ပါဘူး မာမီ။ ရင်ဘတ်ထဲကကိစ္စကို ရင်ထဲမှာပဲ သိမ်းထားပါတယ်။ သူ့ကိုဖွင့်ပြောဖို့ဆန္ဒ လုံးဝမရှိပါ ဘူး။ နေခြည့်ကို လက်မထပ်နိုင်ဘူးလို့ပဲ ကျွန်တော်ပြောတာပါ''

''ခက်တာပဲ''

မာမီပင် စိတ်ရှုပ်ထွေးသွားလေပြီ။ ဒါကြောင့် သူဖွင့် မပြောချင်တာလေ။ အခုတော့ သူ့ဆီကအပူတွေ မာမီ့ဆီ ကူး စက်ကုန်ပြီကိုး။

''အဲဒီကောင်မလေးရော သိလား''

''ဘာကိုလဲ မာမီ''

''သားချစ်နေတာကို''

''မသိပါဘူး''

''ဒါဆို နေခြည်လေးရော''

''မသိဘူး မာမီ''

''တော်သေးတာပေါ့''

''နေမျိုးကတော့ နေခြည်သိအောင် ပြောမှာတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ဒါကြောင့် အုပ်စုထဲကနေ ကျွန်တော်ရှောင်ထွက်ဖို့ ပြောရတာပါ မာမီ"

မာမီ နှုတ်ဆိတ်သွားရလေတော့၏။

ကြည့်ပါဦး. . . သူငယ်ချင်းဖြစ်သူနဲ့ ရည်းစားလုဘက် ဖြစ်လိမ့်မယ်လို့ သူတစ်ခါမှမတွေးခဲ့ဖူးတာအမှန်ပါ။ ခုတော့ မျှော်လင့်မထားတာတွေ ဆက်တိုက်ဆိုသလိုဖြစ်သွားတာလေ။

"နေမျိုးနဲ့သူက ချစ်သူတွေဖြစ်နေပြီမို့လို့လား"

"မဖြစ်သေးပါဘူးမာမီ၊ ဖူးလေးက ခုမှ Final ဖြေရမှာပါ။ သူလည်း တစ်ဖက်သတ်ချစ်နေတာမျိုးပါပဲ။ ဒါပေမဲ့ မိဘတွေချင်းညှိပြီး အဆင်ပြေဖို့က သူ့အတွက် Chance ပိုသာပါတယ်"

"ဒါနဲ့များတောင် နေခြည့်ကိုသွားပြောစရာလား။ ဒါတော့ သဘောထားသေးရာ ကျတာပေါ့"

"အချစ်ကြောင့်ပဲ ဖြစ်မှာပါမာမီ၊ ကျွန်တော် နေမျိုးကို အပြစ်မတင်ပါဘူး။ ကျွန်တော့်ဘက်ကပဲ လွန်တာလို့ယူဆထားပါတယ်"

"အင်းပေါ့လေ, ဖြစ်လာမှတော့ အဖြေရှိရမှာပေါ့"





စကားဝိုင်းက အပြီးသတ်ချေပြီ။ စိတ်ရှုပ်ရှုပ်နဲ့ သူ ခွင့်နှစ်ရက်တင်ခဲ့တာမို့ နေမျိုး, သူ့ကို ဒေါသဖြစ်နေတဲ့စိတ်တော့ အနည်းငယ်လျော့သွားမယ် ထင်ပါရဲ့။

"ထူးထူးဆန်းဆန်း တွေ့ချင်တယ်ဆိုလို့သာ လာတွေ့ရတာ၊ တို့က ကို့သူငယ်ချင်းတွေနဲ့ သိပ်သိတာမဟုတ်ဘူး"

"ကျွန်တော် နေမျိုးကျော်ဇင်ပါ မပန်းနုနေခြည်။ ဖူးငယ်ကို ငယ်ငယ်တုန်းက စာသင်ပေးခဲ့တဲ့အစ်ကိုဆိုလည်း ဟုတ်ပါတယ်"

"ဩော်. တို့ကို ပင်ကီလို့ ရင်းရင်းနှီးနှီးခေါ်လို့ရပါတယ် ဒေါက်တာ။ အိမ်ကို ဟိုတလောလေးက လာသွားသေးတယ် မှတ်တယ်"

"ဟုတ်ပါတယ်"

နေကာမျက်မှန်ကို ချွတ်လိုက်ပြီး စားပွဲပေါ် တင်လိုက်ဟန်က Style ကျလှပါ၏။ ဒါနဲ့များတောင်မှ ဒီလိုမိန်းကလေး မျိုးကို သဂါ ဘာကြောင့်မချစ်တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောချင်လို့ပါလဲ ဒေါက်တာ"

"ဘုန်းသင်္ဂါကို ထိန်းပေးစေချင်တာပါ"

"ကိုကို. . . ကိုက ဘာဖြစ်နေလို့လဲ"

"မီးဆိုတာ မလောင်ခင်က ကြိုတားရမှန်း ပင်ကီလည်း သိမှာပါ"

"ကို ဘာတွေလျှောက်လုပ်နေလို့များလဲ"

"လုပ်မိမှာစိုးလို့ ကြိုပြောရတာပါ ပင်ကီ၊ သူ မကြာခင်မှာ ပင်ကီနဲ့စေ့စပ်ပွဲဖျက်သိမ်းဖို့ ပြောလာတော့မှာပါ"

"ဘယ်လို! . . ."

စူးရှတောက်ပလွန်းသည့် မျက်ဝန်းများက အင်အားပါလှပါ၏။ ဒီလိုထက်မြက်လွန်းတဲ့မိန်းမတစ်ယောက်ကို ဘာကြောင့် ဒီကောင် သဘောမကျတာပါလိမ့်နော်။

"ဘာလို့ ဒီလိုပြောတာပါလဲ ဒေါက်တာ"

"သူက ခင်ဗျားမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားနေလို့ပါပဲ"

"ဘာ! . . ."

"အဲဒီမိန်းကလေးက တခြားလူမဟုတ်ပါဘူး ပင်ကီဖူးငယ်ပါ"





"မဖြစ်နိုင်ဘူး!. . . လုံးဝမဖြစ်ရဘူး"

အသံ စူးခနဲထွက်သွားသော်ငြား မှန်လုံခန်းမို့ တော်ပါသေး၏။ သူတို့ရှေ့မှာရှိနေသည့် စတော်ဘယ်ရီမစ်ခ်ရှိတ်ခ်ခွက်ကဖြင့် ဒီအတိုင်းပါလေ။

"သူတို့ ဘယ်အဆင့်ရောက်နေပြီလဲ"

"ဖွင့်မပြောဖြစ်သေးပါဘူး"

"ကျွန်မ မရ,ရအောင် ဖျက်မှာပါ ဒေါက်တာ။ မိဖူးကိုလည်း ကောင်းကောင်းသတိပေးထားရမယ်"

"ဖူးငယ်က ဘာမှမသိဘူး ပင်ကီ။ ဒါက ကျွန်တော်တို့ချင်းပဲ သိထားတာပါ"

"ကြိုသတိပေးတဲ့အတွက် ကျေးဇူးပါပဲ ဒေါက်တာ"

ဘာမှထပ်မပြောဘဲ နှစ်ယောက်သား ငြိမ်သွားမိကြလေ၏။ ခေါင်းထဲမှာတော့ နောက်ကျိနေဆဲ။ ကို, မထင်ဘူးကွယ်။ နေခြည်မဟုတ်တဲ့ တခြားမိန်းမတစ်ယောက်ကို သွားချစ်ရင်တောင် တစ်မျိုးစဉ်းစားပေးဖြစ်ဦးမှာပါ။ အခုတော့ ငယ်စဉ်ကတည်းက မုန်းတီးခဲ့ရတဲ့ မိဖူးကိုမှ ချစ်နေသတဲ့လား။ နေခြည် ရင်နာနေရပြီ ကို . . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

Phone ဆက်ခေါ်၍သာ လာခဲ့ရတာဖြစ်ပြီး စိတ်ထဲက သိပ်မပါလှ။ သူခွင့်ယူထားတဲ့ရက်ကိုမှ ဒင်းတို့သုံးယောက်ကပါ OFF ရက် ယူရတယ်လို့။ ဝေမိုးတို့ခြက် အတော်ကျယ်ပါ၏။ Tennis ရိုက်မည်ဟု ပြောသော်ငြား ဘရက်ကက်ကို သူမယူခဲ့ပါချေ။

ဟင်းလင်းဖွင့်ထားသည့် ခြံတံခါးပေါက်မှ ကားကိုမောင်းဝင်ခဲ့၏။ ရေကူးကန်စပ်မှာ ခုံလေးလုံးချထားပြီး သုံးယောက်သားထိုင်စကားပြောနေတာကို လှမ်းမြင်နေရလေသည်။ ဘူနဲ့နေမျိုးဘိုက်စုကို ဟိုစုံတွဲက ရွှေပြည်အေးတရားပေါတော့မယ် ကောင်းပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"လာလို့တော်သေးတာပေါ့၊ ငါတို့က စိတ်ပူနေတာ"

"ပြောစရာရှိလို့ ငါလာတာ"

ခုံချပေးထားတာက နေမျိုးနှင့်ယှဉ်ထိုင်ရမလို အနေ အထားပါပဲ။ ကိစ္စမရှိပါ။ သူက အလကားနေရင်း နေမျိုးလို ဒေါ်သမကြီးသူမို့ ခပ်အေးအေးပုံစံဖြင့် ဝင်ထိုင်လိုက်ပါသည်။

"ဘာပြောဖို့လဲ သင်္ဂါ"

"ငါအလုပ်ထွက်တော့မယ်"

"ဘာ!"

"မဟုတ်တာဟယ်, နင်ကလည်း"

ဝေမိုးနှင့် နှင်းစန္ဒာက တုန်လှုပ်သွားသော်ငြား နေမျိုး ကတော့ တုံဏှိဘာဝေ။ စိတ်ထဲကတော့ ကျိတ်ကျေနပ်နေမယ် လို့ ထင်ပါရဲ့။ အခုလောက်ဆို နေခြည်ကို မင်း သွားပြောပြီး လောက်ရောပေါ့။

"ဘာမဟုတ်တဲ့ကိစ္စလေးနဲ့များကွာ"

"အေးလေ, အဲဒီလိုတော့ မလုပ်ပါနဲ့သင်္ဂါရယ်။ ကြား ထဲကနေ ငါတို့ညှိနှိုင်းဖြေရှင်းပေးလို့ရပါသေးတယ်ဟဲ့"

"ငါဆုံးဖြတ်ပြီးပြီမို့လို့ပါ၊ မင်းတို့လည်း သိပြီးသားပဲ ငါက ဆုံးဖြတ်ချက်ချပြီးရင် ဘယ်တော့မှပြန်မပြင်တတ်ဘူး





ဘာလေ"

"ဘယ်ကိုပြောင်းချင်လို့လဲ၊ ဘွဲ့ယူပြီးကတည်းက ဒီမှာ ပဲ အသားကျနေပြီဟာကို"

"မင်းကို ခဏခဏခေါ်နေတဲ့ နွေအရိပ်ကိုများ စိတ် လည့်သွားပြီလား"

"အဲဒါက နောက်ကိစ္စပါ၊ ဒက်ဒီတို့ကိုအသိပေးပြီးပြီ"

"ဘာတဲ့လဲ"

"ငါ့သဘောတဲ့"

"ဟဲ့, အဲဒီလိုချက်ချင်းကြီး OK လိုက်တာပဲလား"

"ဆရာကြီးကို သွားတွေ့ဖို့ပဲ ကျန်တော့တယ်"

အသံတိတ်သွားကြတော့၏။ အရင်ကဆို လေးယောက် မဲခွဲပြီး နှစ်ယောက်တစ်တွဲ Tennis ရိုက်ခဲ့ကြတာပါ။ အားလုံး ထဲမှာ သူတို့ယောကျ်ားလေးက လက်ညီပြီး စန္ဒာကိုတွဲတင်ပေး ခဲ့ကြတာလေ။ ဟိုစုံတွဲတစ်တွဲတည်းကျလို့ကဖြင့် သူနဲ့နေမျိုးက တက်ညီလက်ညီ Lesson ကောင်းကောင်းပေးတာကို ဟိုနှစ် ယောက် လိမ့်နေအောင် ခံခဲ့ရတာပါပဲ။

အခုတော့ အိကြာကွေးလည်း နှစ်ခြမ်းခွဲတဲ့ဘဝကို ရောက်ရပြီပေါ့။ ခွယ်တော်ရွက်လည်း အလယ်က ထက်ဝက်



www.burmeseclassic.com

ပိုင်းခံရလေပြီ။

''အဲဒီလိုကြီးတော့ သစ်စိမ်းချိုးကြီး မချိုးလိုက်ပါနဲ့ကွာ ငါတို့က ဆေးကျောင်းရောက်မှ ဘော်ဒါဖြစ်ခဲ့တာမှန်ပေမယ့် မင်းတို့နှစ်ယောက်က ငယ်ပေါင်းတွေကွ''

''ဟုတ်တယ်၊ မိန်းကလေးတစ်ယောက်အတွက်နဲ့ သူငယ်ချင်းအချင်းချင်း သွေးကွဲတာမျိုးမဖြစ်သင့်ဘူး။ နေမျိုး၊ ပြောဦးလေ''

''ငါက ဘာပြောရမှာလဲ၊ သူ့ဟာနဲ့သူ ဆုံးဖြတ်တဲ့ကိစ္စကို''

''ကြည့်! ကလေးဆန်ချင်ပြန်ပြီ။ အဲဒါတွေပေါ့၊ နှင်းနဲ့ သဂီ ကွာခြားတာ''

စန္ဒာ ချိန်ထိုးပြောလိုက်ခြင်းကို သူက ဘာမှမဖြစ်ပေမယ့် နေမျိုးကတော့ မျက်နှာရှုံ့တွသွားပါ၏။ သူက သွေးအေးအေးနှင့် စဉ်းစားချင့်ချိန်တတ်တဲ့လူ၊ နေမျိုးက စိတ်မြန်လက်မြန် ဝုန်းဒိုင်း ထကြွတတ်တဲ့လူလေး။ မတူတာကတော့ လူတိုင်းမှာ ရှိကြတာပါပဲ။

''ဒီကိစ္စ ပန်းနုနေခြည် သိသွားပြီလား''

''မပြောတတ်ဘူး''





''နေမျိုး''

''ငါအသိပေးလိုက်ပြီ''

''ကျစ်! . . . နှင်းကို အဲဒါတွေ ငါမကြိုက်တာပေါ့။ ကိုယ့်အချင်းချင်း ညှိမယ်မစဉ်းစားဘူး၊ အပြင်လူကို သွားတိုင်ရတယ်လို့''

''ပင်ကိုက အပြင်လူမှမဟုတ်ဘဲ၊ သူနဲ့စေ့စပ်ထားပြီးသားလူကွ။ ငါပြောသင့်လို့ ပြောလိုက်တာ၊ ဘာဖြစ်လဲ''

ဝေမိုးရော စန္ဒာပါ နေမျိုးကို ပြိုင်တူမျက်စောင်းခဲလိုက်ကြလေ၏။ သူကတော့ ဝေမိုးအန်တီလေး လာချပေးသွားသည့် အအေးပုလင်းကို ပိုက်ဖြင့်စုတ်လိုက်ပါသည်။ ရင်ထဲမှအပူတို့က ပိုများလာသလိုပါလေ။

''သဂီ''

''အင်း''

''ပန်းနုနေခြည်နဲ့ကိစ္စကို ရှေ့ဆက်မှာလား''

''အဲဒါ ငါ့ကိစ္စပါ၊ ငါ့ပွဲငါဖျက်လည်း မင်းတို့နဲ့မသက်ဆိုင်ပါဘူး ဝေမိုးရာ''

''မင်း. . . အဲလိုလုပ်မယ်ဆိုတာ ငါကြိုသိပြီးသားကွ၊ တောက်!''

www.burmeseclassic.com



''ဟယ်! နေမျိုးကလည်း ဒီလောက်ပြေလည်အောင် ပြောနေတဲ့ကြားထဲက ဒီဒေါသက ထွက်လာပြန်ပြီ''

နေမျိုးက သူ့ကိုရူတည်တည်ဖြင့် ငဲ့ကြည့်လိုက်လေ၏။ ဒီပုံနဲ့တော့ သူ့ကို ထတောင်.ထိုးဦးမှာလား။ သူက ဘယ်လောက်ပဲ ဒေါသဖြစ်ဖြစ် လက်ပါတတ်တဲ့အကျင့်မျိုး မရှိပါချေ။

''ငါ့စေ့စပ်ပွဲ ရုပ်သိမ်းတာနဲ့ မင်း ဒေါသဖြစ်စရာမလိုပါဘူး။ ဒါ ငါ့ကိစ္စလို့ ငါပြောပြီးသား''

''အေး, မင်းဘာဆက်လုပ်မယ်ဆိုတာ ငါသိနေတယ်ကွ''

''မင်းကို .ငါပြောပြီးသားနော် နေမျိုး။ ငါတို့ကြားက စည်းကို ငါမဖောက်ဘူး။ အဲဒါကို မင်းသိထား''

''ဒါဆို ငါ့ဖူးငယ်ကို မင်းဘာကြောင့်ချစ်ရသလဲကွ၊ ပြောလေ''

''ဟဲ့! နေမျိုး''

''ချစ်တာကို မချစ်နဲ့လို့ မင်းမှာ တားမြစ်ပိုင်ခွင့်မှမရှိဘဲ''

''ရှိတယ်၊ မင်းမှာ ပန်းနုနေခြည်တစ်ယောက်လုံး ရှိနေတာတောင် လောဘအတောမသတ်ဘဲ ငါ့ရဲ့နှစ်ကောင်ဖမ်းဖို့ ပြင်နေတာလေ''





''ငါ မင်းရဲ့ဖူးငယ်ကို သိသာအောင်ရော မသိအောင်ရော ဘာတစ်ခုမှမလုပ်မိ မပြောမိသေးဘူး နေမျိုး''

''ဒါပေမဲ့''

''ဒီတစ်သက်လုံး ဘယ်တော့မှဖွင့်ပြောဖို့ စိတ်ကူးမရှိဘူးဆိုတာ မင်းသိထားပါ''

''သင်္ဂါ''

သူ မေးကြောကြီးထောင်လာတာကို မြင်ကြတာမို့ စိတ်အတော်ထိန်းထားမှန်း အားလုံးရိပ်မိကြပါ၏။ သူက နဂိုကတည်းက ဘာမဆို ကျိတ်မှိတ် မျိုသိပ် ခံစားတတ်သူပေကိုး။

''မင်းသာ တရှုံးရှုံးဖြစ်နေတာ၊ ငါက ရေ့ကိုကြိုမြင်ပြီးသား။ မာမိကလည်း ငါ့ကိုသေချာပြောပြီးပြီ၊ မဖြစ်ဘူးတဲ့။ ကိုယ်နဲ့စေ့စပ်ထားတဲ့နေခြည်နဲ့မျက်နှာလွှဲပြီး သူ့ဝမ်းကွဲညီမကို ငါဘယ်လိုမျက်နှာနဲ့ ဖွင့်ပြောလို့ရမှာလဲ။ အဲဒီလောက်လည်း ငါ အရှက်မကင်းမဲ့သေးဘူး''

''. . .''

''သူငယ်ချင်းတွေကြား ဘာလျှို့ဝှက်ချက်မှ မထားသင့်ဘူးယူဆလို့ မင်းတို့ကို ငါရင်ဖွင့်ခဲ့တာပါ။ ငါသိပ်မှားတယ်၊ လျှို့ဝှက်သင့်တဲ့ကိစ္စကို မလျှို့ဝှက်ဘဲ ဖွင့်ပြောမိလို့ နောက်ခံကျိ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေနဲ့ ငါရင်ဆိုင်နေရတာ''

''အဲဒီလိုတော့ မပြောပါနဲ့ဟယ်''

''မင်းက ငါ့အနှံ့တာကို ဟိုးငယ်စဉ်ကတည်းက ခံပေးနိုင်ခဲ့တဲ့သူငယ်ချင်းပါ နေမျိုး။ မင်းနဲ့ရန်ဘက်တော့ ငါအဖြစ်မခံနိုင်ဘူး။ ဟုတ်ပါတယ်, မင်းချစ်နေတဲ့ကောင်မလေးကို ငါစိတ်ယိုင်ခဲ့မိတာ ငါ့ဘက်က Foul ဖြစ်နေလို့ မင်းကို ငါတောင်းပန်ပါတယ်။ အဲဒီကလေးအပေါ် အဖြူစင်ဆုံးပြောဆိုဆက်ဆံခြင်းထက် ငါလုံးဝမပိုခဲ့တာ ဘုရားအသိဆုံးပါပဲ။ ဒါကြောင့်လည်း ဒီအုပ်စုထဲက ခွဲထွက်ဖို့ ငါဆုံးဖြတ်ခဲ့တာပါ။ မင်းမြင်ချင်ရင်တောင်မှ ငါ့မျက်နှာကို ငါမပြဘူးဆိုတာကို မင်းယုံလိုက်ပါ။ အချစ်နဲ့စစ်မှာ မတရားတာမရှိမှန်း ငါလည်းသိနေသားပဲ။ ဒါပေမဲ့ ငါတို့ကြားထဲက အဖြူရောင်စည်းကိုတော့ ငါ့သိက္ခာထက် ငါပိုပြီး တန်ဖိုးထားတယ်ဆိုတာကို မင်းတို့အားလုံး သိထားပေးပါ။ ငါပြောချင်တာ ဒါပါပဲ. . . ပြန်ပြီ''

''ဟဲ့''

ဘယ်သူမှမတားနိုင်ခင် ထပြန်သွားသည့်သဂ်ီ့နောက်ကျောကို သူတို့ငေးရင်း ကျန်ရစ်ခဲ့ရပါ၏။ သူတို့ကြားက 'အဖြူရောင်စည်း'တဲ့လား။ သဂ်ီမြင်ပေမယ့် သူဘာကြောင့် မမြင်ခဲ့မိ





တာပါလိမ့်။ တကယ်ဆို ပန်းနုနေခြည်နဲ့ကိစ္စကိုက သူတို့နဲ့ဘာမှမသက်ဆိုင်တာလေ။ ဒါနဲ့များ ဘယ်လိုကြောင့် သူနှောင့်ယှက်ခဲ့မိတာပါလိမ့်။

တကယ့်ကို ကလေးဆန်တဲ့စိတ်နဲ့ သူ တစ်ဇွတ်ထိုးလုပ်ခဲ့မိတာပါလား။ သူတို့ချင်း ကျိတ်ဖြေရှင်းရရင် ရပါလျက်နှင့် အခုတော့ အန်တီသီဂီတို့ အန်ကယ်မြတ်ဘုန်းတို့ လူကြီးတွေပါ သိကုန်တဲ့အထိ ဖြစ်ကုန်ပြီလေ။

ပြီးတော့ ပန်းနုနေခြည်သိမှတော့ ဦးမိုးထက်ရော ဒေါ်နုသွေးငယ်ပါ ဒီတိုင်းငြိမ်နေမှာတဲ့လား။ နှစ်ဦးနှစ်ဖက် ပြဿနာတွေနဲ့ မကြာခင် ရင်ဆိုင်ရတော့မှာလေ။

ဘုရားရေ! သူမွှေးလိုက်တဲ့မီးက နှစ်အိမ်ထောင် ရွှေလမ်းဖောက်နေတဲ့ကိစ္စကို ဝင်ဖျက်သလိုဖြစ်နေပါရောလား။ ဘယ်ကနေ ဘယ်လိုဖြစ်ကုန်ပြီ မသိနိုင်တော့ပါလေ။

အဲဒါ မင်းကိုသိပ်ချစ်လွန်းလို့ ဖြစ်ကုန်တာပါ ဖူးငယ်။ မင်းကိုလက်လွတ်ဆုံးရှုံးရမှာစိုးစိတ်နဲ့ မလုပ်သင့်တာတွေချည်းကိုယ် ဆက်တိုက်လုပ်ဖြစ်ခဲ့တာပါလေ။

''တဲ့, ဘာဆက်လုပ်ကြမှာလဲ၊ သဂ်ီကတော့ ပြောတဲ့အတိုင်း မနက်ဖြန် ဒေါက်တာဖုန်းမြင့်ဆီမှာ Resign တင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သေချာနေပြီ''

''ငါက သူ့ကိုမောင်းထုတ်တာမှမဟုတ်တာ''

''အဲဒီသဘောပဲ ဖြစ်သွားတာပဲ နေမျိုးရဲ့၊ မဟုတ်လို့လား''

စန္ဒာက မိန်းကလေးပီပီ သူ့ကို ခပ်စွာစွာပြောလာချေပြီ။ မောင်းထုတ်တာတဲ့။ သူ့မျက်စိရှေ့ကပါမက သူ့ရင်ထဲကပါ (မဟုတ်သေးပါဘူး) ဒီလောကကြီးထဲကနေ အပြီးအပိုင်တောင် မောင်းထုတ်လိုက်ချင်တာပါလေ။ သို့သော် ဤသို့ သူဖြစ်သင့်ပါရဲ့လား။

''ဒေါက်တာဖုန်းမြင့်က လွယ်လွယ်ကူကူလက်ခံမယ် မထင်ဘူး။ နှလုံးနဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့ဆရာဝန်က ရှားကရှားနဲ့။ ပြီးတော့ ဒေါက်တာဇီဇဝါက သိပ်အကျွမ်းကျင်ကြီးမဟုတ်လို့ Operation ခန်းတောင် သူ့ကိုသီးသန့်လွှတ်သေးတာမဟုတ်ဘူး''

''ဟုတ်တယ်၊ အနည်းဆုံးတော့ ငါတို့အုပ်စုကိုခေါ်ပြီး မဲတောင်းမှာသေချာတယ်''

''မသိတော့ဘူးကွာ''

''လက်လွှတ်ဝယ်မပြောနဲ့ နေမျိုး''





''နင် သူ့ကိုပြန်တောင်းပန်သင့်တယ်လို့ ငါတော့ ယူဆတယ်''

''ငါက ဘာမှားလို့ ဘာကိုတောင်းပန်ရမှာလဲ''

စန္ဒာက စိတ်ပျက်ပုံနှင့် သူ့ကိုစိုက်ကြည့်ပြီး ဒိုင်းခနဲမျက်စောင်းထိုးလေ၏။ ခက်တာပဲ၊ ဒီမှာ စထိုင်နေကတည်းက ဒင်းတို့နှစ်ယောက် သူ့ကိုချည်း မျက်စောင်းခဲနေကြတာလေ။

''နင် သူ့ကိုစွပ်စွဲတာတွေ အများကြီးမှားတာပဲဟဲ့''

''ဘာရယ်''

''ဟုတ်တယ်လေ၊ နင့်ဖူးငယ်ကို နင်ဖွင့်ပြောပြီးပြီလား''

''ဟင့်အင်း''

''ဟိုကရော နင့်အချစ်ကို လက်ခံလိုက်ပြီလား''

''. . .''

''အေး၊ အဲဒါပဲ၊ အချစ်ဆိုတာ နှစ်ဦးနှစ်ဖက် ပေးပြီး ယူမှ ချစ်သူဘဝကို ရတာပါနေမျိုး။ နင်မပိုင်ဆိုင်သေးတဲ့ ဗီရိုထဲက အရုပ်လေးကို သူကြည့်မိရုံရှိသေးတာကို နင်က ငါ့ဟာဆိုပြီး ရန်လုပ်တာတော့ လွန်တယ်။ တကယ်ဆို ဖူးဖူးကသာ အဓိကကျတာနေမျိုးရဲ့။ သူရွေးချင်တဲ့သူကိုပဲ သူ့စိတ်တိုင်းကျ ရွေးချယ်ခွင့်ရှိတာ။ ကာယကံရှင်မပါဘဲ နင်တို့လုပ်ချင်သလိုလုပ်ခွင့်မှ



www.burmeseclassic.com

မရှိဘဲ''

သူ အသံတိတ်သွားရတော့၏။ ရင်ထဲမှာ စူးအောင့်တဲ့ ဝေဒနာက ခံရခက်လှချည်လား။

မောတယ် ဖူးငယ်။



www.burmeseclassic.com

## အခန်း (၂၁)

Computer စီထားသည့် စာရွက်အောက်ခြေမှာ သူ Sign ထိုးလျက် ဒီနေ့ Date ကိုပါ ရေးလိုက်ပါ၏။ ပြီးမှ စာအိတ်ဖြူထဲသို့ထည့်ကာ ကော်ပိတ်လိုက်ပါသည်။ ပြီးပြီ။ ညနေမှသွားတင်တာ ကောင်းမလား။ စောစောတင်လိုက်တာက ပိုကောင်းမည်ထင်ပါ၏။

''ကျွန်ုပ်ပေါ်သွားပြီ မာမီ''

ဒက်ဒီက ခပ်စောစောကပင် (သူ့ကိုမျက်နှာချင်းမဆိုင်ချင်ပုံဖြင့်) ကမူးရှူးထိုးထွက်သွားချေပြီး မာမီလည်း ခဏနေ ရုံးမှာ ဆိုင်ကိုသွားတော့မှာမို့ သူမလွှားခင် နှုတ်ဆက်လိုက်ချင်မယ် သူ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာမှပြန်မတုန့်ပြန်ပါချေ။

စိတ်ဆိုးကြတာများလား။ ဟုတ်မယ်ထင်ပါရဲ့။ အခုမှ မိဘတွေရဲ့အကျဉ်ကို သူခံရပါရောလား။ ဘာထူးသေးလဲ။ သူငယ်ချင်းတွေလည်း သူ့ကိုဝိုင်းကျဉ်ထားကြတော့မှာလေ။ ငယ်စဉ်က တစ်ယောက်တည်းကြီးပြင်းလာရလို့ အဖော်မင်တဲ့သူ့ကို လောကကြီးရဲ့ဒဏ်ခတ်ချက်က ပြင်းထန်ပါ့။

သူ ကားစက်နှိုးထွက်လိုက်စဉ် တိုက်ဝမှာ မာမီထွက်ရပ်နေတာကို နောက်ကြည့်မှန်မှ တွေ့လိုက်ရလေ၏။ သူ့ကိုမွေးခဲ့တဲ့အမေမို့ သားကိုတော့ ဘယ်မုန်းနိုင်ပါ့မလဲလေ။

''ဒါက ဘာလဲ မောင်ဘုန်း''

ထင်ပါတယ်၊ ဒီလိုမေးတော့မယ်ဆိုတာကိုလေ၊ စာအိတ်ပေါ်က စာတမ်းကိုမြင်နေပါလျက် တမင်သက်သက် သူ့ကိုမေးချေပြီ။

''ကျွန်တော့်ကိုနုတ်ထွက်ခွင့်ပြုပေးပါ ဆရာကြီး''

''Why?...တခြားဆေးရုံကများ လစာမတရားတိုးမြှင့်ခေါ်နေလို့လား ဘုန်းသက်''

''မဟုတ်ရပါဘူး''

''ဒါဆို အကြောင်းပြချက်လေးတော့ အန်ကယ့်ကိုပြော





သင့်တယ်လို့ အန်ကယ်ယူဆတယ်''

သူ ခုံမှာထိုင်လျက် ပါးစပ်ပိတ်ထားလိုက်ပါသည်။ ဒီအကြောင်းအရာကိုချည်း ခုတလော ဖြေနေရတာမို့ စိတ်မောနေပြီလေ။

''ဘာအခက်အခဲတွေ ရှိသလဲ၊ အန်ကယ့်ကိုပွင့်ပွင့်လင်းလင်းပြောပါ''

''မရှိပါဘူး ဆရာကြီး။ ကျွန်တော် ဒီမှာဆက်မလုပ်ချင်တော့လို့ပါ''

''ပြဿနာတစ်စုံတစ်ရာမျိုးရော ရှိသလား''

''မရှိပါဘူး''

''ဒါနဲ့များ ထွက်စာတင်တဲ့အထိ ဖြစ်ရလား မောင်ဘုန်းရယ်။ ကိုယ်ပိုင်ဆေးခန်းဖွင့်ချင်သပဆိုရင်လည်း ညနေစောင်းအချိန်ရအောင် အန်ကယ် ညှိနှိုင်းပေးနိုင်ပါတယ်။ အန်ကယ့်ဆေးရုံက ဒီလောက်ထိ စည်းကမ်းတင်းကျပ်လွန်းတာမျိုးမှ မရှိတာ''

''အဲဒီသဘောမျိုးလည်း မရှိပါဘူး ဆရာကြီး''

''ခက်တာပဲ. . . ခဏနေဦး''

ဆရာကြီးက Phone ကိုကောက်နှိပ်လိုက်လေ၏။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုရှေ့ထားပြီး ဘယ်သူ့ကိုခေါ်ခိုင်းဦးမလို့ပါလိမ့်။

''အေး. ငါပါ၊ အဲဒီမှာ နေမျိုးကျော်ဇင်တို့အုပ်စု ရှိကြ လား။ ဘယ်သူ နှင်းစန္ဒာက Night duty. အင်း. . . ဝေမိုးသွင် က Operation ခန်းမှာ။ ဒါဆို နေမျိုးကျော်ဇင်ကိုပဲ လွှတ်လိုက် လေ။ ဒါပဲ''

သေစမ်း! မမြင်ချင်တော့ပါဘူးဆိုတဲ့ လူနှစ်ယောက်ထဲ မှ ဘာလို့ မျက်နှာချင်း ဆိုင်ခိုင်းရတာပါလိမ့်နော်။ တအောင့် အကြာမှာတော့ ရေးကြီးသုတ်ပြာဟန်ပန်ဖြင့် နေမျိုးရောက်လာ တော့၏။

''ဆရာကြီးခေါ်တယ်ဆိုလို့''

''ဟုတ်တယ် မောင်နေမျိုးရေ့၊ ဒီမှာ မင်းသူငယ်ချင်း က ထွက်စာလာတင်နေတာနဲ့ မေးနေတာ။ ဘာတစ်ခုမှ ရေရေ ရာရာအဖြေပြန်မရလို့၊ အဲဒါ. . .''

နေမျိုးက သူ့အနီးဝင်ထိုင်လျက် သူ့ကိုတစ်ချက်ငဲ့ကြည့် လိုက်ပါ၏။ အလုပ်ထွက်ဖို့သောက်ခံမယ့်လူက တစ်မဲသေချာ ဆရာကြီးရေ့။

''ကိုယ်ရေးကိုယ်တာကြောင့်ပါ ဆရာကြီး''

''ဟော!''





ဟာ! ဒီကောင်တော့ ပေါ်တင်ကို Fight ပါပေါ့လား။ သူတောင် မျိုသိပ်ထားနိုင်ပါလျက် ဒင်းက ဖော်ကောင်လုပ်ချေပြီ။

''အဲဒါနဲ့ပတ်သက်ပြီးတော့ အလုပ်ထွက်စရာမလိုပါဘူး ဗျာ''

''ဒါဖြင့် မင်းတို့အချင်းချင်းဖြစ်ကြတာမျိုးလား''

''ဟုတ်ပါတယ် ဆရာကြီး''

''ဘယ်လိုဖြစ်ရတာလဲ၊ လည်ပင်းဖက်ပြီး ပေါင်းလာကြ တာကို။ သူစိမ်းနဲ့လည်းမဟုတ်''

''အခန့်မသင့်လို့ဖြစ်သွားရတာပါ ဆရာကြီး''

''ဒါကြောင့် မနက်တုန်းက ဦးမြတ်ဘုန်း Phone ဆက် တာပဲဖြစ်မယ်။ သူ့သားတောင်းဆိုတာကို လက်မခံပါနဲ့တဲ့''

ဟောဗျာ! လက်စသတ်တော့ ဒက်ဒီက သူ့ထက်အရင် ဦးနေတာကိုး၊ သွားပါပြီ. . . လုပ်ချင်တိုင်းလုပ်ခွင့်မရှိတာက ငယ် ငယ်တုန်းကအတိုင်းပါပဲလား။

''ကျွန်တော်လည်း ကန့်ကွက်ပါတယ် ဆရာကြီး''

''ဟုတ်ပြီ ဒီတော့ ဒီကိစ္စကို သုံးမဲတစ်မဲနဲ့တင် Cencel လုပ်လိုက်တာပေါ့''

''ဆရာကြီး''



www.burmeseclassic.com

www.burmeseclassic.com



"Duty ပြန်ဝင်ပေတော့ ဘုန်းသဂါ၊ အချိန်ပိုင်းဆေးခန်းဖွင့်မယ်ဆိုရင် အန်ကယ့်ကို အချိန်မရွေးလာပြောနိုင်ပါတယ်"

ပွဲသိမ်းချေပြီ။ နေမျိုးက အရင်ဆုံးပြန်ထွက်သွားတာမို့ သူ လေးပင်သောခြေလှမ်းတို့ဖြင့် ဆေးရုံအုပ်ကြီးရုံးခန်းမှ ထွက်ခဲ့ရပါ၏။

တော်ရာမှာ ဆက်နေဦးပေါ့ ဘုန်းသဂါ။ မင်းဘဝကို မင်းစိတ်တိုင်းကျ ဘယ်တုန်းကများ နေခွင့်ရလို့လဲ။ စည်းကမ်းတကျ ဖြတ်သန်းလာခဲ့ရတဲ့ဘဝလမ်းကို ဒီစည်းတွေဘောင်တွေကြားထဲက မရုန်းသာဘဲ အသက်ဆက်ရှင်ပါတော့လားလေ။

*

ကြိုပြောထားတာမို့ ကြိုရောက်နေရတာပါ။ နေ့တစ်ပိုင်းသာ အလုပ်ဆင်းပြီး ဒီအခွင့်အရေးကို သူရအောင်ယူခဲ့ရတာပါ။ ဒီနေ့ ဖူးငယ်တို့ စာမေးပွဲနောက်ဆုံးရက်မဟုတ်ပါလား။

Bell သံကြားရပြီး ခဏအကြာမှာ ကျောင်းခန်းထဲမှ ကျောင်းသူကျောင်းသားတွေ ဟိုတစ်စုဒီတစ်စု ထွက်လာကြလေ၏။ သူ ကားပြင်ထွက်ရပ်လျက် လည်ဆန့်မျှော်ကြည့်နေ





သူ့အရုပ်လေးကို အများထဲမှာ ထင်းခနဲမြင်လိုက်ရပါသည်။

မြေကြီးရောင်အပျော့သား ပွင့်ကြဲ One set လေးနှင့် ယဉ်ယဉ်လေး လှနေသည့်ကောင်မလေးက ဘေးမှယောက်ျားလေးဆန်ဆန်မိန်းကလေးနှင့် စကားတွေ ဖောင်နေအောင်ပြောလျက် ပြုံးရယ်လို့ပါလေ။

ကိုယ့်ရင်ခုန်သံကို ကြားရဲ့လား ဖူးငယ်။ ရှေ့တစ်ပတ်ဘဲ မေမေတို့လာမပြောခင်မှာ ကိုယ်က ကြိုပြောတော့မှာလေ။ မပြောလို့လည်း မဖြစ်တော့လို့ပါ။ ကိုယ့်အရုပ်လေးကို သူများဦးသွားမှာစိုးစိတ်နဲ့ ဒီလောက်စိတ်လှုပ်ရှားနေတာကို မင်းသိနိုင်ပါရဲ့လား။

"ကိုကိုဒေါက်တာကြီး"

အဘယ်မျှချစ်စရာကောင်းလိုက်ပါသလဲ၊ နားထဲ သကာရည် လောင်းချလိုက်သလို ချိုမြိန်လွန်းလိုက်တာလေ။

"ငါသွားတော့မယ်. ဖူး"

"ဟင်! အတူတူမလိုက်ဘူးလား သားချိုရဲ့"

"ဟင့်အင်း, မေမေမှာတဲ့ပစ္စည်းတွေ ဈေးမှာဝင်ဝယ်ရဦးမှာဟ"

"ဒါဆို တာ့တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . တာ့တာ"

"Phone ဖုန်းဆက်ဖို့ မမေ့နဲ့ဦးနော်, သားချို"

"အေးပါ"

ဟိုချာတိတ်မက ကားမှတ်တိုင်ရှိရာဆီ လမ်းကူးသွားပြီမို့ သူ့ကောင်မလေးက သူ့လက်မောင်းကို ချိတ်လိုက်လေ၏။ ဒီလိုအနေအထားမျိုး တစ်သက်တာပိုင်ဆိုင်ချင်ပါရဲ့ ဖူးငယ်။

"သွားကြစို့လေ ကိုကို"

"အင်း. . . သွားတာပေါ့"

"ပြောစရာရှိတာများ အိမ်မှာလာပြောလည်း ဖြစ်တဲ့ဟာ။ တကူးတက ဖူးကိုလာကြိုရတယ်လို့ပဲ ကိုကိုရယ်။ ဘာပြောမှာမို့လို့လဲ"

"ဟိုရောက်မှပြောမယ်"

"အကြာကြီးအချိန်မရဘူးနော်၊ ဖူး မနက်က မုန့်ဟင်းခါးလေးတစ်ပွဲပဲ စားခဲ့ရတာ။ အခု ဗိုက်အရမ်းဆာနေပြီ"

"ဆာရင်ဝယ်ကျွေးမှာပေါ့ ဖူးငယ်ရဲ့၊ ဘာစားချင်လဲ, ပြော"

"ခေါက်ဆွဲကြော်"

"OK!..."





ကားမောင်းထွက်ခဲ့ပါ၏။ ဖူးငယ်က မှန်တံခါးဖွင့်ခိုင်းတာမို့ သူဖွင့်ပေးလိုက်ပါသည်။ လေတဝူးဝူးတိုးဝင်နေတာကို သဘောကျနေပုံပါပဲလား။ စားသောက်ဆိုင်သန့်သန့်ရှေ့မှာ ကားကိုရပ်လိုက်ပြီး ဆိုင်ထဲဝင်လိုက်ပါ၏။

"ဘာသောက်ချင်သေးလဲ"

"Sunkist"

Coat နှစ်ဘူးအရင်မှာပြီး ခေါက်ဆွဲကြော်မှာထားတာကို စောင့်ရ၏။ နေ့ခင်း (၂)နာရီကျော်မို့ ဆိုင်ထဲမှာ လူအတော်အသင့်ရှင်းနေလေသည်။

"ပြောမယ်ဆို"

"ပြီးအောင်စားပြီးမှ ပြောမှာပေါ့"

"စောင့်ရမှာပေါ့လေ"

စားစရာရောက်လာတော့ ဗိုက်ဆာနေတာမို့ ဟန်ပင်မဆောင်နိုင်ဘဲ အားပါးတရစားနေသည့် ဖူးငယ်ကို ရေသန့်ဘူးငှဲ့ပေးလျက် သူပြုံးကြည့်နေမိ၏။ ကိုယ်ပြောတော့မယ် ဖူးငယ်။ ငြင်းလိုက်မှာလား၊ ငယ်စဉ်က နှောင်တွယ်ရစ်ခဲ့တဲ့ သံယောဇဉ်ကို ငဲ့ကွက်ပြီး မင်း ခေါင်းမခါလိုက်ပါနဲ့။

"ဖူးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

Tissue ဖြင့် ပါးစပ်သုတ်လိုက်ပြီး ရေမော့သောက်နေတာမို့ သူစကားမဆက်ဖြစ်ပါလေ။ ပြောမယ်ဆိုမှ သတ္တိက နည်းလာသလိုပါပဲလား။

"ပြောလေ ကိုကို"

"ကိုယ် ဖူးငယ်ကိုချစ်တယ်"

ပထမ နှုတ်ခမ်းလေးတိုင်းလျက် အံ့သြသွားပါ၏။ နောက်မှ အပြုံးတစ်ပွင့် ခုန်ထွက်လာလေသည်။ စိတ်ဆိုးမယ်ထင်ထားပေမယ့် တော်ပါသေးရဲ့။

"ဖူးလည်း ကိုကို့ကို ငယ်ငယ်လေးကတည်းက ချစ်တာပဲဟာ။ အဆန်းလုပ်လို့"

"မဟုတ်ဘူးလေ၊ ကိုယ်ပြောတာက ဖူးငယ်ထင်သလို မျိုးမဟုတ်ဘူး"

"ဒါဆို ဘာလဲ"

"ဖူးငယ်နဲ့လက်တွဲချင်လို့ ဘဝလက်တွဲဖော်အဖြစ်မျိုးနဲ့ ချစ်တာ။ ဖူးငယ်ကို ကိုယ်လက်ထပ်ခွင့်တောင်းချင်လို့ပါ ဖူးငယ်"

သူမအပြုံးက ချက်ချင်းပျောက်ကွယ်သွားလေ၏။ အလို သူ့ကို စာအြားမိန်းကလေးတွေနဲ့ ရည်းစားဖြင်သွားမှာစိုးတယ်လို့





ပြောခဲ့တဲ့ကောင်မလေးက အခု သူ့ရင်ဖွင့်စကားကို ငြင်းတော့မယ့်ပုံပါလား။

"ကိုကိုမို့ပြောရက်တယ်"

"ဖူးငယ်"

"ဖူးက ကိုကို့ကို အစ်ကိုရင်းတစ်ယောက်လို ချစ်ခဲ့တာ ကိုကို့ရဲ့"

"ကိုယ်. . . ကိုယ်"

"ကိုကို့အပေါ်ထားတဲ့ ဖူးရဲ့ ရိုးသားဖြူစင်မှုကို ဒီလို အရောင်ဆိုးပစ်လိုက်တာတော့ မကောင်းပါဘူး"

"ဖူးငယ်"

"တော်ပြီ၊ ကိုကို့ကို ဖူးစိတ်ဆိုးတယ်။ နောက်ကို ဒီစိတ်မျိုးနဲ့ ဖူးဆီကို မလာပါနဲ့တော့။ ကိုကို့ ဒီလိုစိတ်ရိုင်းတွေ ဝင်တာ ဖူးသိပ်ဝမ်းနည်းတယ်, သိလား။ ကိုကို့ကို ဖူးမမုန်းချင်ဘူး"

မျက်ရည်တွေ တပေါက်ပေါက်ကျနေသည့်မိန်းကလေးကိုကြည့်ရင်း သူ့အမြင်တွေ ဝေဝါးသွားရတော့၏။ ဆုံးရှုံးရပြီဟု သည့်အသိက နောင်တနှင့်အတူ ဖြစ်တည်ခဲ့ရပြီလေ။

သြော်. . . ကိုကိုသိပ်ချစ်ရတဲ့ဖူးငယ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

စိတ်မကြည်ရသည့်ကြားထဲ သူမချိန်းသည့်နေရာသို့ သူထွက်ခဲ့ရပါ၏။ နေမျိုးမွေ့ထားသည့်ကိစ္စက ခုထိ ရှင်း၍မနိုင်သေးပါလေ။ ဦးဆုံး ဆုံတွေ့ခဲ့သည့်ကော်ဖီဆိုင်သို့သာ Date တာမို့ကားကို ဆိုင်ရှေ့မှာ ရပ်လိုက်ရလေ၏။

ဆိုင်ထဲဝင်ခဲ့စဉ် နဂိုခုံမှာပင် ထိုင်နေသည့်သူမရှိရာဆီ သူလျှောက်လာခဲ့ပါ၏။ မျက်နှာထားတည်တံ့နေပုံက သူနဲ့စမတွေ့ခင်က ပန်းနုနေခြည်ရဲ့ နဂိုမျက်နှာမျိုးဖြစ်နေတာ အသေအချာပါလေ။

"ပြောစရာရှိလို့လား နေခြည်"



www.burmeseclassic.com

www.burmeseclassic.com



ခုံဆွဲယူ၍ ထိုင်လိုက်သည်အထိ သူမ အသံမထွက်သေးပါချေ။ သူ့ကို ဒေါသတွေ ဖြစ်နေတာပဲ ထင်ပါရဲ့။

"နေခြည်"

"ကို ဘယ်လိုလုပ်ခဲ့တာလဲ"

လေသံက မာဆတ်ဆတ် စထွက်လာပါ၏။ အနီးနားက ဝိုင်းတို့မှာ စုံတွဲလေးငါးတွဲခန့် ရှိနေတာမို့ သူက အသံကျယ်ကျယ်မထွက်စေလိုပါလေ။

"ကိုယ်ဘာလုပ်လို့လဲ"

"ကိုယ့်ကိုယ်ကို သိမှာပေါ့။ ဒီမှာ နေခြည် ဘယ်လောက် စိတ်ဆင်းရဲရတယ် မှတ်သလဲ။ လူက အလုပ်ပင်ပန်းရတဲ့ကြားထဲ စိတ်ပါ ပင်ပန်းရတော့ ညညအိပ်မပျော်ဖြစ်တာတွေ များနေပြီ"

"ကိုက ဘာလုပ်နေလို့ ဒီလောက်ထိ ဒေါသတွေ ထွက်နေရတာလဲ နေခြည်"

"ယု, တို့ညီမမိဖူးကို ချစ်နေတာဆို။ အဲဒါ ဘာမှမဟုတ်တဲ့ကိစ္စလား"

သူ့မျက်နှာ ပန်းရောင်သန်းသွားရပါ၏။ တိုးတိုးသာသာ ရှင်းရမယ့်ကိစ္စကို လူရှေ့သူရှေ့လာရှင်းရတယ်လို့။ ဝန်းကျင်က စိတ်ဝင်တစားငဲ့ကြည့်ကြတာမို့ သူအနေကျပ်သည်လေ။





"တိုးတိုးပြောပါ နေခြည်"

"မတိုးနိုင်ဘူး! ဘာလို့ တိုးတိုးပြောရမှာလဲ။ တို့က ယု သစ္စာဖောက်တာကို ငြိမ်ခံနေမယ့်မိန်းမမျိုးမဟုတ်ဘူး။ အဲဒါ ယု သိထား"

မာလှချည်လား။ သူ့ဘက်က အတတ်နိုင်ဆုံး မျိုသိပ်ဆင်ခြင်နေပါလျက် ဘာလို့များ ပေါက်ကွဲအောင် လာလုပ်ပြကြတာပါလိမ့်။

"နေပါဦး၊ မင်းနဲ့ကိုယ်က ဘာတွေများ သစ္စာခံထားလို့ ဒီလောက်အထိ စွပ်စွပ်စွဲစွဲတွေ ပြောနေရတာလဲ နေခြည်"

"ဘာ!"

"ကိုယ့်ဘက်က ခုချိန်ထိ ဘာအမှားမှမရှိသေးဘူး။ အဲဒါ သေချာတယ်"

"ရှင်. . . ရှင်. . ."

"ကိုယ့်ကို မပိုင်သေးဘဲနဲ့တော့ ဒီလောက်ထိ Control မလုပ်ချင်ပါနဲ့ နေခြည်"

"ယုနဲ့တို့က Engage လုပ်ပြီးသားလေ။ မေ့သွားပြီလား"

"မှန်တယ်လေ၊ အဲဒါကို ကိုယ့်ဘက်က ဖျက်သိမ်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောနေလို့လား။ ကိုယ့်သိက္ခာ ကိုယ့်မိဘတွေရဲ့မျက်နှာကို ထောက်ထားပြီး ကိုယ်ဘာမှမလုပ်သေးဘူး နေခြည်။ အဲဒါကို မင်းသိထားပါ"

ခေါင်းပေါ်တော့ အတက်မခံနိုင်ပါ။ 'သားကိုသခင်, လင်ကို ဘုရား'ဟူသည့် ဂါဝရောစတရားတွေ ဒီမိန်းကလေးထံမှာ ရှိမှရှိမနေတာလေ။ ရင်ပေါင်တန်း စိမ်ခေါ်နေမှတော့ ဘုန်းသဂ်က ဘွာမခတ်ဘူး ပန်းနုနေခြည်။

"ဒါဆို မိဖုးနဲ့ကိစ္စကို ယူဘယ်လိုရှင်းမှာလဲ၊ ပြော"

"ကိုယ်က သူနဲ့ မလည်ရှုပ်လုပ်နေတာမှမဟုတ်ဘဲ နေခြည်"

"ယူပဲ သူ့ကိုချစ်နေတာဆို"

"မှန်တယ်၊ ချစ်တာက ချစ်တာပဲ။ အဲဒါ ရင်ဘတ်ထဲက ကိစ္စပါ။ မင်းဝင်စွက်စရာမလိုပါဘူး။ ဒါကို ကိုယ်ရင်ဖွင့်ခဲ့ဖို့ နေမျိုးက မင်းသိအောင် မွှေသွားတာ။ အခုချိန်ထိ အဲဒီကောင်မလေးကို မရိုးမသား ဘာတစ်ခွန်းမှ ကိုယ်မပြောမိသေးဘူး"

"မရဘူး၊ ယူ့ တို့ကိုတော့ ဒီလိုစိတ်မထားဘဲ တို့ညီမ အပေါ် အခုလိုဖြစ်တာ ကောင်းသလား။ တို နည်းနည်းမှ မကျေနပ်နိုင်ဘူး ကိုဘုန်းသဂ်"





သူ အတော်စိတ်ပျက်သွားရပါ၏။ ဘယ်လိုမှ ငြိမ်းချမ်းရေးယူလို့မရပါလားနော်။ တစ်နေရာတည်းမှာ ရပ်နေတဲ့လူကို ဟိုတစ်ဖက် ယိမ်းယိုင်လာအောင် အဘယ်သို့များ ပြဿနာရှာကြံလုပ်နေပါလိမ့်။

"အချစ်ဆိုတာ ဒီလူကိုမချစ်နဲ့ ဒီလူ့ကိုချစ်ဆိုပြီး အမိန့်ပေးစေခိုင်းလို့ ရတာမဟုတ်ဘူးနေခြည်။ သူ့ဘာသာသူဖြစ်လာတာကို ဘယ်သူမှတားလို့မရဘူး"

"ရတယ်. . . ရအောင်တားဦးမှာ"

"ကျစ်!. . . ခက်လိုက်တာ"

"ဒီလိုခက်အောင် ယူပဲလုပ်ခဲ့တာပါ ယူရဲ့"

"ကိုယ်ရှင်းပြပြီးပြီလေ၊ ကိုယ်ချစ်နေတာကို မင်းညီမ လုံးဝမသိဘူး။ ဒီတော့ ဘာမှဖြစ်လာစရာမရှိတဲ့ကိစ္စကို ရှေ့မဆက်ချင်ပါနဲ့၊ ဒီမှာတင်ပဲ ရပ်လိုက်ပါ"

"မရပ်နိုင်ဘူး၊ သူ့ကို ကောင်းကောင်း တို့ ဆုံးမပြဦးမှာ"

"ဘာ!"

ကြည့်စမ်း! အတော်ကြောက်စရာကောင်းတဲ့ အမျိုးသမီးပါလား။ သူ့ကို ပြဿနာရှာရုံနဲ့ မကျေနပ်နိုင်ဘဲ ဘာအပြစ်မှမရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ညီမဖြစ်သူကို ဆုံးမဦးမတဲ့။ မင်းဟာ ကြာလာတာနဲ့အမျှ အမောက်တောင်[illegible]တဲ့ သတ္တဝါဖြစ်နေပါရောလား ပန်းနုနေခြည်။

"ဖူးပွင့်ငယ်မှာ ဘာအပြစ်မှမရှိဘူး နေခြည်"

"ရှိတယ်. . . သိပ်ရှိတယ်၊ တို့ဆီကနေ ယူ့ကိုလုသွားတဲ့အပြစ်ထက် ကြီးမားတာရှိဦးမလား"

"တော်သင့်ပြီ နေခြည်၊ မင်း သူ့ကို ပြဿနာသွားမရှာပါနဲ့"

"ရအောင်ကို ရှာပြဦးမှာပဲ"

"ဒီမှာနေခြည်၊ ငါဘက်ကမင်္ဂလာကိစ္စကို ဘာအပြောင်းအလဲမှမရှိအောင် ကြိုးစားနေနေပါလျက်နဲ့ ဒီ့ထက် ပြဿနာ ပို မကြီးပါစေနဲ့"

"ဩော်!. . . နောက်ဆုံးတော့ ယူက တို့ကိစ္စကို ဖျက်သိမ်းမှာပဲမဟုတ်လား။ တို့ကြိုတွက်ထားပြီးသားပါ ဘုန်းသဂိါရဲ့"

"အဲဒီလိုမဖြစ်ဖြစ်အောင် မင်းဆက်လုပ်နေတာကိုလည်း ကြည့်ဦးလေ"

သူမ အသားတွေ တဆတ်ဆတ်တုန်လာလေ၏။ ဘယ်လောက် ဒေါသဖြစ်စရာကောင်းလိုက်ပါသလဲ။ ရင်ထဲ နင့်နင့်သည်းသည်းချစ်မိခဲ့ရတဲ့ချစ်သူက ပင်ကိုညီမလေးကိုမှ မေတ္တာ





ရှိသတဲ့လေ။ ဒီကိစ္စလောက် ကြီးလေးတဲ့ပြစ်ချက်မျိုး [illegible] ရှိနိုင်မှာတဲ့လဲ။

အခုတော့ စေ့စပ်ပွဲကို ရုတ်သိမ်းဖို့အဆင့်ထိ သူခြော လာပြီလေ။ ဟုတ်တယ်၊ အဲဒါ ပင်ကိုမာနကို သူရိုက်ချိုးဘာပဲ လက်ထပ်ဖြစ်ရင်လည်း လူချည်းသပ်သပ် စိတ်က တခြားမှာ။ လက်မထပ်ဖြစ်တော့လည်း ပင်ကိုနှလုံးသားက သူ့ဆီမှာ။

'စားရမှာလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီနဲ့ တဝင်းဝင်း'ဆိုတဲ့စကားပုံလို သူလုပ်ရက်ပြီလေ။ ရက်စက်လှချည်လား ကို။

"ဖူးပွင့်ငယ်ကို ရန်မရှာပါနဲ့ နေခြည်"

သူမ မျက်နှာကို မဲ့လိုက်မိပါ၏။ ရန်မရှာနဲ့တဲ့။ တစ်ချက်လောက်ဖြစ်ဖြစ် နာနာလေးတော့ ရိုက်သင့်တာပေါ့။ ငါ့လက်ဝါးဒဏ်ရာထက် ငါ့ရင်ထဲက နာကျင်ရတာက ပိုပြီးပြင်းပါတယ် ဖူးပွင့်ငယ်။

"သူနာကျင်အောင်လုပ်တဲ့သတင်းကြားရင် ငါငြိမ်နေမှာ မဟုတ်ဘူးဆိုတာ မင်းသိထားပါ"

တောက်! ဒါက ခြိမ်းခြောက်တာပေါ့လေ၊ မိဖူးကို နည်းနည်းမှတောင် အထိမခံနိုင်ဖြစ်ခနေပါရောလား။ ရင်တဲ့[illegible]လောင်



www.burmeseclassic.com

အုံကြွမှုက ဘယ်လိုမှထိန်းချုပ်မရနိုင်ဘဲ စိတ်က ဆောင်သည့်အတိုင်း ဝုန်းခနဲထရပ်ပြီးသားဖြစ်ကာ လက်က မြောက်တက်သွားလေ၏။

''ဖြန်း!. . .''

လူတွေအားလုံး၏အကြည့်က သူမထံ ပြုံကျလာလေ၏။ သူက ခုံမှာ ငြိမ်သက်စွာဖြင့် ဟန်မပျက်ထိုင်နေတုန်းပါပဲ။ ပါးပြင်တစ်ဖက်မှာ သူမ၏လက်ဝါးရာက ချက်ချင်းရဲတက်လာလေသည်။

သွားပြီ. . . မှားပါရောလား။ စိတ်မြန်လက်မြန်ဖြေရှင်းခဲ့သမျှ ဒီတစ်ချီတော့ တကယ့်ကို အကြီးအကျယ်မှားခဲ့ရပြီလေ။ အချစ်ဆိုတာ ဒီလိုပဲ လူကို မိုက်ရူးရဲဆန်တတ်တယ်တဲ့လား။ ကိုယ့်အပြင် တခြားလူကို ချစ်တာမှန်းသိပါလျက် ထိုလူရှေ့က မားမားရပ် ကာကွယ်ပေးချင်တဲ့သူ့စိတ်ကိုမှ အပိုင်လိုချင်နေမိတာလေ။

မနာလိုဘူး ကို၊ တို့ကိုမချစ်တာလည်း မလိုချင်ဘူး။ မိဖူးကိုချစ်နေတာကိုလည်း မလိုလားဘူး။ မစ္ဆရိယစိတ်တွေနဲ့ လုပ်မိလုပ်ရာ လုပ်လိုက်မိတာကို၊ ကို နားလည်ပေးနိုင်ပါ့မလားကွယ်။

''စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းတဲ့သတင်းကို ရှေ့တစ်





ပတ် သတင်းစာထဲမှာ စောင့်ကြည့်လိုက်ပါ ပန်းနုနေခြည်''

''မဟုတ်ဘူး''

အသံက လည်ချောင်းဝမှာ တစ်ဆို့လျက် ထွက်မလာခဲ့ပါလေ။ ခြေသံတဒေါက်ဒေါက်ဖြင့် ခပ်မှန်မှန်လှမ်းသွားသည့် သူ့Shoe သံက သူမရင်ကို စုံကန်နင်းချေလိုက်သည့်နှယ် နှလုံးသားက တစ်စစီ ကြွေကျကုန်လေ၏။

အဝင်ဝကို မျက်နှာမူထိုင်နေတာမို့ မှန်တံခါးကို တွန်းဖွင့်ထွက်သွားသည့် သူ့ကျောပြင်ကို ငေးကြည့်နေသည့်အကြည့်တို့က ဝေဝါးကုန်လေပြီ။ တွေ့ဆုံခြင်းဆိုတာ ခွဲခွာခြင်းရဲ့အစလို့ဆိုပေမယ့် အခုလိုစတွေ့ခဲ့တဲ့နေရာမှာပဲ လမ်းခွဲခဲ့ရတဲ့ဖြစ်ရပ်က သူမရဲ့ဘဝကို နင်းချေဖျက်ဆီးလိုက်သလို ခံရခက်စေလေ၏။

ကို. . .

မြင်မြင်ချင်း ချစ်ခဲ့မိတဲ့အတွက် ကျွန်မရဲ့အချစ်

တစ်စစတွယ်ခဲ့ရတဲ့ ကျွန်မရဲ့သံယောဇဉ်

တရစ်ရစ်နှောင်ခဲ့ရတဲ့ ကျွန်မရဲ့နှောင်ကြိုးတွေကို ဒီကာလအခိုက်အတံ့လေးမှာတင် တိခနဲဖြတ်ပစ်ရက်ရတယ်လို့။

မချစ်ဖူးသေးတဲ့ အချစ်ဦးနဲ့ အရင်ဦးဆုံးချစ်ခဲ့တဲ့ ကျွန်မရဲ့မေတ္တာကို လစ်လျူရှုခဲ့ရအောင် ကိုမေတ္တာ ငတ်ခဲ့ရ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဆက်ရှင်သန်လို့ရပါတော့မလဲ။

မျက်ကန်းတစ္ဆေမကြောက် ဆိုသလိုမျိုး မျက်စိစုံမှိတ် ချစ်ခဲ့မိတဲ့ ချစ်ခြင်းရဲ့အပြစ်ဒဏ်က ချန်ရစ်ခဲ့ခြင်းတဲ့လား။

တကယ်ပါ ကို၊ ကို ချန်ရစ်ခဲ့တဲ့နေရာမှာပဲ ပန်းနုနေခြည် ဆိုတဲ့ကျွန်မ အသက်ရှူရပ် ကျန်ရစ်ခဲ့ရတာပါလေ။

တမင်မှောင်တဲ့အချိန်ထိ စောင့်ပြီးမှ သူပြန်ခဲ့တော့ ည (၁၀)နာရီရှိလေပြီ။ ဒီအချိန် မာမိတို့အိပ်ပြီမို့ စိတ်ချလက်ချ ပြန်ခဲ့တာပါပင်။ ခြံထဲ သူပင်ခဲ့တော့မှ ခြံတံခါးကို ကိုယ်တိုင်ပင် ဆင်းပိတ်လိုက်ပါ၏။ အိမ်ရှေ့မှာ ကားရပ်တော့ ဧည့်ခန်းတံခါး က စေ့ထားခြင်းမရှိဘဲ ဖွင့်ထားတာမို့ သူ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားပါသည်။

ပြဿနာပဲ. . . မာမိ ခုထိမအိပ်သေးဘူးထင်ပါရဲ့။

သူ့မျက်နှာတစ်ခြမ်း ရောင်နေတာကို မမြင်စေချင်ဘူး ဆိုမှ အခုမှ ဒုက္ခဖြစ်ချေပြီ။ ပန်းနုနေခြည်, မင်း ငါ့ကိုရိုက်လိုက် တဲ့ဒဏ်ရာသက် ရင်ထဲမှာဖြစ်နေတဲ့ဒဏ်ရာက ပိုပြင်းထန်နေတာ





အမှန်ပါလေ။

''ဘယ်အချိန်ရှိနေပြီလဲ သား''

ထင်တဲ့အတိုင်းပါပဲ။ အိမ်ထဲဝင်လိုက်သည်နှင့် ဧည့်ခန်း ထိုင်ခုံမှာ မာမိက ထိုင်နေတာလေ။

''တစ်ခုခုများ သောက်လာသေးလား သား''

''ဟာဗျာ! ကြံကြီးစည်ရာ မာမိကလည်း''

''မပြောနိုင်ဘူးလေ၊ တော်ကြာ နှလုံးအထူးကုဆရာဝန် ကြီး အသည်းကွဲတဲ့အထိမ်းအမှတ်နဲ့ ဘီယာတွေဘာတွေ မော့ လာပြီလားလို့ပါ''

''မသောက်ပါဘူး မာမိ၊ ကျွန်တော် တက်တော့မယ်''

''နေဦး, သား''

သူ့ညာဘက်ခြမ်းမှာ မာမိရှိနေတာမို့ ရှောင်နိုင်မည်ထင် ကာမှ ယခုတော့ ခက်ချေပြီ။ သူ့ပခုံးကိုဆွဲလှည့်လိုက်သဖြင့် မျက်လုံးအစုံကိုသာ မှိတ်လိုက်မိတော့၏။

သွားပါပြီ. . . ဘုန်းသင်္ဂြိုဟ်။

''ဒါဘယ်သူလုပ်လိုက်တာလဲ''

''. . .''

''မာမိတောင် လက်ဖျားနဲ့မတို့ရက်တဲ့သားကို ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် လုပ်လိုက်သလဲ ဘုန်းသင်္ဂါ''

ပွဲသိမ်းပါပြီ နေခြည်၊ ကိုယ်တို့ပြဇာတ် ပြည်ဖုံးကားချလိုက်တာအမှန်ပါလေ။



အခန်း (၂၃)

နေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း

ကျွန်တော် ဒေါက်တာဘုန်းသင်္ဂါနှင့် မပန်းနုနေခြည်တို့၏ ယခုနှစ် October (၂၁) ရက်နေ့က ပြုလုပ်ခဲ့သည့် နေ့စပ်ကြောင်းလမ်းခြင်းကိစ္စအား စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ကျွန်တော့်ဘက်မှ တရားဝင်ဖျက်သိမ်းလိုက်ပါကြောင်း။

ဒေါက်တာဘုန်းသင်္ဂါ

အုန်းအုန်းကြွက်ကြွက် ညံချေပြီ။ သူတို့တစ်အိမ်လုံးရှိ



www.burmeseclassic.com

www.burmeseclassic.com



Phone တွေကို အကုန်ပိတ်ထားကြပါ၏။ ဒီနေ့က ဒီနှစ်ရဲ့ နောက်ဆုံးရက်ပါပဲ။ နှစ်ဟောင်းမှာပဲ သူ့ရင်နာစရာတွေ ထားရစ်ခဲ့ပါရစေ။

''သား''

ဝရံတာမှာ ငေးနေရင်း ဒက်ဒီ့ခေါ်သံကြောင့် သူသတိဝင်သွားရပါ၏။ ကံမပါလားဘူးထင်ပါရဲ့။ ဘုန်းသင်္ဂါရဲ့ဘဝမှာ အိမ်ထောင်ပြုဖို့ကံ မပါလာတာပဲဖြစ်မယ်ထင်ပါတယ်လေ။ ဒါကြောင့်မို့ မိန်းကလေးကိစ္စ စီစဥ်ပေးလိုက်တာနဲ့ သူ့နာမည် အဖတ်ဆယ်မရအောင် ပျက်ရပြီကိုး။

''ဒက်ဒီ ထိုင်မယ်နော်''

သူက မတ်တပ်ရပ်နေတာမို့ ဝရံတာမှာ ရှိနေသည့်ကြိမ်ကုလားထိုင်မှာ ဒက်ဒီ ထိုင်လိုက်လေသည်။ ထိုင်မယ်ပြောတာထက် သူ့ကိုစကားပြောဖို့ နိဒါန်းပျိုးတာမှန်း သူသိပါတယ်လေ။

''မနေ့က ဒေါက်တာပုန်းမြင့်ကို အကျိုးအကြောင်း ဒက်ဒီ ပြောပြလိုက်တယ်''

''. . .''

''သူ သားကိုနုတ်ထွက်ခွင့်ပေးလိုက်ပြီ သင်္ဂါ''

သူ့မျက်နှာ တင်းခန့်ဖြစ်သွားရလေ၏။





ဒီလိုပဲဖြစ်ရမယ်လေ။ ဒီဆေးရုံမှာ သူ့လိုစေ့စပ်ပွဲဖျက်ပြီး နာမည်ပျက်သွားတဲ့ဆရာဝန်မျိုးကို ဘယ်သူက ဆက်ခန့်ထားချင်မှာတဲ့လဲ။ မကျေမနပ်ဖြစ်တာမျိုးတော့ မဟုတ်ပါလေ။ ဒါ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝမှန်း သူသိထားပါ၏။

''ဒက်ဒီ့မိတ်ဆွေ ဆေးရုံတစ်ခုမှာပဲ''

''တော်ပါပြီ ဒက်ဒီ''

''သား''

''ကျွန်တော့်အတွက်နဲ့ ဒက်ဒီ နောက်ထပ်မျက်နှာအပျက်မခံပါနဲ့တော့။ နောက်ထပ် ဒက်ဒီနဲ့မာမိတို့သိက္ခာတွေ ကျွန်တော့်ကြောင့် ထပ်မကျပါစေနဲ့တော့ဗျာ''

''မဟုတ်တာပဲ သားရာ၊ အခုကိစ္စက သားလုပ်လိုက်တာကြောင့် ဖြစ်သွားတာမှမဟုတ်ဘဲ။ ဒက်ဒီသိပါတယ်၊ အဲဒီနေ့က သားမာမိဆို မျက်ရည်ကျတဲ့အထိ ဒေါသထွက်ခဲ့ရတာ သားအသိပါ။ ပန်းနုနေခြည်ကို ဒီလောက်ထိ ပညာမဲ့ဆန်ဆန်ပြုမူလိမ့်မယ်လို့ ဒက်ဒီတို့ တွေးတောင်မတွေးခဲ့မိဘူး''

COFFEE ဆိုင်မှာ သူတို့နှစ်ယောက် စကားများကြတဲ့သတင်း၊ သူ့ကို ဖူးပွင့်ငယ်နဲ့စွပ်စွဲပြီး ရန်တွေ့တဲ့သတင်း၊ ဒေါသတကြီးနဲ့ လူပုံအလယ်မှာ သူ့ပါးကို 'သူမ ရိုက်တဲ့သတင်း ဒီ



www.burmeseclassic.com

www.burmeseclassic.com



သတင်းတွေက သူ့ဘဝအတွက် အရိပ်မည်းကြီး အုပ်မိုးစေခဲ့တာ အသေအချာပါလေ။

"ပြီးတာတွေ ပြီးပါစေတော့လား ဒက်ဒီ။ နှစ်သစ်ကို စိတ်သစ်လူသစ်နဲ့ ကျွန်တော်ကြိုပါရစေတော့"

ဒက်ဒီ့သက်ပြင်းရှိုက်သံက သူ့ထံသို့ပင် ရောက်လာသလိုပါပဲလား။ လောကကြီးက စိတ်ပျက်စရာလား။ သူကိုယ်တိုင်ကပင် စက်ဆုပ်စရာဖြစ်နေတာပဲလား။ ဘာကိုမှ မသိချင်တော့ပါလေ။ ဦးနှောက်ထဲမှာရော ရင်ထဲမှာပါ ရှုပ်ထွေးနောက်ကျိနေသည်ကိုး။

"ဒက်ဒီတို့က သားကို ဒီဆေးလောကထဲက အနားယူလိုက်မှာ စိုးနေတာ"

တကယ်လည်း ဆေးကုမစားချင်တော့တာ အမှန်ပါလေ။ မည်မျှပင် ဆေးစွမ်းထက်ပါတယ်ဆိုဆို လူမှုရေးနယ်ပယ်ထဲမှာ နာမည်ပျက်ခဲ့တဲ့အမည်းစက်က ဒီဒေါက်တာဆိုတဲ့ ဂုဏ်ပုဒ်ကို ဆက်ပြီး ထိခိုက်နေဦးမှာ အမှန်ပါလေ။

"ကျွန်တော် အပြီးနားလိုက်ဖို့ ဆုံးဖြတ်ပြီးပါပြီ ဒက်ဒီ။ တခြားအလုပ်တွေနဲ့လည်း အသက်မွေးလို့ရပါသေးတယ်။ ခြိုက်စားတာပဲဖြစ်ဖြစ် လုပ်စရာတွေ အများကြီးပါ"





"သဂီ၊ သားကိုသင်ပေးခဲ့သမျှပညာတွေ အလဟဿ အဖြစ်ခံတော့မှာလား။ သေချာစဉ်းစားပါဦး"

"အချိန်က အလကားမှမရဘဲ ဒက်ဒီ။ လူ့ဘဝရောက်မှတော့ လူပီပီသသ တစ်ခုခုတော့ လုပ်သင့်တာပဲမဟုတ်လား"

"ဒါပေမဲ့ သားရာ၊ ကိုယ်တတ်ထားတဲ့ပညာတွေကိုတော့ ဒက်ဒီ အလဟဿမဖြစ်စေချင်ဘူး"

ညနေစောင်းလေက နှင်းငွေ့ကြောင့် ပိုအေးစက်နေလေ၏။ ထမင်းစားမဝင်တာ အဘယ်မျှကြာနေပြီလဲ။ အခုနေ Weight ချိန်ကြည့်ရင် ပေါင် (၁၂၀)ရှိရင်တောင် ကံကောင်းပါလေ။

"နွားနို့ပူပူလေး ရပြီ့သား။ ဝင်အောင်သောက်လိုက်နော်"

ကလေးတစ်ယောက်လိုပင် ဂရုစိုက်လွှမ်းနေသည့် မာမီကြောင့် သူ အနေခက်ရပါ၏။ အခုဆို မာမီလည်း ရတနာဆိုင်ကို မန်နေဂျာနဲ့သာ လွှဲထားတာ (၁၀)ရက်ကျော်နေပြီ။ ဒက်ဒီကသာ ကုမ္ပဏီကို ရက်ခြားဆိုသလို သွားတတ်သည်ကိုး။

"သားကိုကြည့်ပြောပါဦးလား သိဂီ"

"ဘာဖြစ်လို့လဲ ကို"

"ဆေးမကုတော့ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



''သူ့စိတ်တိုင်းကျ လွှတ်လွှတ်လပ်လပ်လေး နေပါစေဦးလေ။ ပျင်းလို့ဝပြီဆိုတော့မှ တစ်နေရာမှာ သိဂီ ဆေးခန်းဖွင့်ပေးလိုက်မယ်။ အဲဒါဆို ပြီးရော''

ပျင်းလို့ဝမှတဲ့လား။ မာမီ အရွှန်းဖောက်လိုက်တာမို့ သူ ယောင်ယောင်မှူ ပြုံးဖြစ်လေ၏။ နို့ဖန်ခွက်ကို စားပွဲထက်မချထားဘဲ သူ့အနီးသို့ ယူလာကာ ကိုယ်တိုင်ပင် ကိုင်တိုက်ရန် ပြုနေတာမို့ မာမို့လက်ထဲမှ နို့ဖန်ခွက်ကို သူယူလိုက်ရလေသည်။ တော်ကြာ အကဲပိုသည်ဟု မာမို့ကို ဒက်ဒီ ထင်တော့မှာကိုး။

''ခြံစိုက်စားမလို့တဲ့လေ''

''သူလား လုပ်နိုင်မှာ၊ ပေါက်တူးတောင် တစ်ချက်မကိုင်ဖူးဘဲနဲ့မျှား။ အပိုတွေ။ အဲဒါမျိုးလုပ်ချင်တယ်ဆိုရင် အခုရှုပ်နေတဲ့ ခြံထဲကချုံတွေပဲ ရှင်းခိုင်းပါလေ့။ လက်တွေပေါက်ပြဲရင် မှတ်သွားလိမ့်မယ်။ ဒီလက်ဝါးနုနုလေးက နားကျပ်နဲ့ဆေးထိုးအပ်ပဲ ကိုင်သင့်တာပေါ့ ဒေါက်တာဘုန်းသဂိ''

''အဲဒီလိုကြီးမခေါ်ပါနဲ့ မာမိရယ်''

''မှန်တာခေါ်တဲ့ဟာပဲ ဖြစ်နေလိုက်တာ။ ကဲပါ့သောက်၊ မာမိမွေးထားတဲ့သားက ဝါးခြမ်းပြားဖြစ်နေပြီ၊ တော်ကြာ ဘယ်ကောင်မလေးမှ ပြန်မကြိုက်ရင် ဘယ့်နှယ်လုပ်မလဲ။ တို့လင်





မယား မသေခင် မြေးတော့ချီသွားပါရစေ ဘုန်းသဂိ။ ငှက်ပျောတုံး ဖက်သေသွားမယ်လို့တော့ ဘူးခံမငြင်းလေနဲ့''

''နောက်ထပ်မရှာပေးပါနဲ့တော့ မာမိရာ''

''အေးပါ သားရဲ့၊ ဒီတစ်ခါတော့ သားစိတ်ကြိုက်သာ ရှာလာပေးပါ။ မာမိစောင့်နိုင်ပါသေးတယ်။ ဟော. . . ဘယ်သူပါလိမ့်''

ခြံဝမှဝင်လာသည့်ကားကိုကြည့်ရင်း သူသိလိုက်ပါ၏။ ဒါ နေမျိုးရဲ့ကားလေ။ မတွေ့ချင်တော့ဘူးဆိုမှ ဒီကောင် ဘာလာရှုပ်ပြန်တာလဲ။

''မတွေ့ချင်ဘူး မာမိ၊ မရှိဘူးလို့ပြောပေးပါ''

''လိမ်ရင်လည်း ယုတ္တိရှိရှိလိမ်လေ သားရဲ့။ မင်းရပ်နေတာကို ဟိုက ခြံဝကနေ မြင်လိုက်တဲ့ဟာ။ သွားကြိုလိုက်ဦး သဂိ''

''ဟုတ်ကဲ့ အစ်ကို''

မာမိအောက်ဆင်းသွားသလို ဒက်ဒီပါ သူတို့ကိုရှောင်ပေးသလိုဖြင့် ခုံမှထကာ အိမ်ထဲဝင်သွားလေတော့၏။ လက်ထဲမှနို့ခွက်ကို အသောက်မရှူစတမ်း တစ်ကျိုက်တည်း စိတ်ပျက်စွာဖြင့် မော့ချလိုက်ခဲ့ သူမပြောထားဖူးတာကို သတိရသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေလေးချောင်း ရောင်တာတဲ့။ ဒါဆို နွားနို့သောက်နေတဲ့သူ့ကိုမြင်ရင် ဘာပြောမလဲ။ အနည်းဆုံး မျက်စောင်းတော့ ခဲမှာပါလေ။ ခြောင်. မေ့မယ်ဆိုမှ ဘယ့်နှယ်သတိရသွားပြန်တာပါလိမ့်။

''သင်္ဂါ''

ရောက်လာချေပြီ။ ကျော်ပေးလို့မကောင်းတာမို့ သူလှည့်ကြည့်ပြီး ခုံမှာထိုင်ကာ ဖန်ခွက်ကို စားပွဲထက် တင်လိုက်သည်။

''ညနေစာ စားပြီးပြီလား''

''ပြီးပြီ''

''ဘာကိစ္စရှိလို့လဲ''

''ကိစ္စရှိမှလာရမှာလား''

''မဟုတ်ပါဘူး။ ခါတိုင်းဆို ဝေမိုးတို့ပါ လိုက်လာတတ်လို့ မေးတာပါ''

''မင်းတော်တော်ပိန်သွားတယ် သင်္ဂါ''

''ကိုယ်ရေစစ်သွားတာလောက်ပါကွာ''

စကားသံ တိတ်သွား၏။ မာမီကိုယ်တိုင် ကော်ဖီလာချပေးတာမို့ နေမျိုးက အားနာစကားဆိုလေသည်။

''သူငယ်ချင်းတွေ အေးအေးဆေးဆေးပြောကြနော်''





နေမျိုးက ကော်ဖီပူကိုမှုတ်ရင်း တစ်ခုခုကိုပြောရန် အားယူနေပုံပင်။ ပြောစရာရှိလို့လာမှန်း သိနေတာမို့ စောင့်ရမယ့်တာဝန်က သူ့တာဝန်ပါလေ။

''ငါ့ကြောင့် မင်းတို့စေ့စပ်ပွဲ ဖျက်သိမ်းလိုက်တာကို စိတ်မကောင်းပါဘူး သင်္ဂါ။ ငါ့အမှားပါ''

''အေးဆေးပါကွာ. . . ပြီးသွားပြီ။ မင်းနဲ့မသက်ဆိုင်တဲ့အတွက် စိတ်မကောင်းဖြစ်မနေနဲ့။ ဖြစ်ချိန်တန်ဖြစ်, ပျက်ချိန်တန်လို့ ပျက်တာ သဘာဝပဲ။ Easy...''

''ငါက မအေးဆေးနိုင်ဘူးကွာ''

''ဘာလို့လဲ. . . ခုထိ အကြောင်းမထူးသေးဘူးလား။ ယောက်ျားတို့ဖွဲ့ သေကာမှလျှော့စမြဲတဲ့။ ကြိုးစားပါ နေမျိုးရာ။ ဖွဲ့ဆုနဲ့လည်း ပန်းဝင်ရတတ်ပါတယ်။ မဟုတ်ဘူးလား''

သူက နေမျိုးလက်မောင်းကို သာသာရိုက်လျက် အားပေးလိုက်ပါ၏။ အသက်ပါပါ့မလား၊ သူကိုယ်တိုင်ကိုက အားနည်းနေတဲ့လူမမာလို ပျော့ခွေနေတာအမှန်ပါလေ။

''ငါအငြင်းခံလိုက်ရတယ် သင်္ဂါ''

''ဘယ်လို! ဒီလောက် အနှစ် (၂၀)ကျော် ရင်းနှီးခဲ့ပါလျက်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ အနေရင်းနီးမှုနဲ့မှ မသက်ဆိုင်ဘဲ"

"ရင်ဖွင့်ချင်သပဆိုရင်လည်း စိတ်ကြိုက်သာ ဖွင့်ချလိုက်ပေတော့ သူငယ်ချင်းရေ။ ဘီယာသွားမော့ရအောင်လို့တော့ ငါ့ကိုမခေါ်လေနဲ့။ မာမီမျက်ရည်ကျတာကို ငါထပ်မမြင်ချင်တော့ဘူး"

နေမျိုးက ခေါင်းညိတ်ပြကာ ကော်ဖီကို ခပ်ဖြည်းဖြည်းသောက်နေလေ၏။ အင်း. . . သူအသည်းကွဲတုန်းကတော့ အခန်းထဲမှာ ဘယ်သူမှမမြင်အောင် တစ်ယောက်တည်း ကျိတ်ခံစားခဲ့ရတာပါလေ။ ဒီကောင့်အလှည့်ကျတော့ သူ့ကိုမှ ရင်လာဖွင့်သတဲ့လား။ လောကကြီး အတော်တရားမျှတပါရဲ့။

"ငါတောင်းပန်ပါတယ် သင်္ဂါ။ တကယ့်စိတ်ရင်းနဲ့ကို တောင်းပန်နေတာပါ"

"ဘာကိုလဲ"

"ငါ့နောက်ကျောကို ဓားနဲ့အထိုးခံရတဲ့ခံစားချက်မျိုးနဲ့ မင်းကို နစ်နစ်နာနာတွေ ပြောခဲ့သမျှကို အားလုံးပေါ့"

"သူငယ်ချင်းတွေပဲလေကွာ"

"မင်း သူ့ကိုချစ်နေတုန်းပဲလား သင်္ဂါ"

အနာကို လာဆွပြန်ချေပြီ။ သူအသံတိတ်သွားချိန်မှာ





တော့ နေမျိုးက စကားဆက်လေ၏။

"ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းမည်၏တဲ့။ ငါ့အမှားတွေအတွက် သူ့ကိုပါ ငါတောင်းပန်ခဲ့ပြီးပြီ သင်္ဂါ။ ပြီးတော့ သူ့ကို မင်းချစ်နေတဲ့အကြောင်းကိုပါ ငါဖွင့်ပြောခဲ့တယ်"

"ဘာ!"

နေမျိုးကျော်ဇင်ဆိုတဲ့ကောင်ကတော့ နှုတ်ထပ်ဖွာချေပြီ။ သေစမ်း!. . . ဘုန်းသင်္ဂါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၄)

(၆)လခန့် ကြာပြီးသည့်နောက်

'ရင်ခွေ့နွေးနွေး'ဆေးခန်း
**Nurse** တစ်ဦး အလိုရှိသည်။

ဆေးခန်းထဲ လူရှင်းချိန်ကိုစောင့်ပြီးမှ Taxi ပေါ်မှ ဆင်းလိုက်ပါ၏။ ဆေးခန်းဝမှ ခြေစုံရပ်ချိန်အထိ ခြေရောလက်ပါ ဘုန်နေတုန်းပါလေ။ ဝင်သွားရမှာလား။ တော်ကြာ ဖူးကို တစ်မျိုးတစ်မည်ထင်သွားရင် ဘယ့်နှယ်လုပ်မလဲ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပြောခဲ့ဖူးတဲ့စကားတို့က ခုချိန်ထိ ဖူးနားထဲမှာ ကြားယောင်နေတုန်းပါလေ။ သူက. . . အစ်ကိုကြီးက ဖူးကိုချစ်နေတာတဲ့။ ဟုတ်လို့လား။ မမပန်းနုနဲ့စေ့စပ်ပွဲတောင် ပျက်သွားရတဲ့ လူကြီးက မမရဲ့ညီမဖြစ်တဲ့ဖူးကို ချစ်သတဲ့လေ။

ဘာကိုမှ လျှို့ဝှက်တတ်သူမဟုတ်တာမို့ မေမေတို့ရှေ့မှာ ဟန်မဆောင်နိုင်ဘဲ ဖွင့်ပြောခဲ့မိတာ ကြာပေါ့။ သူ့ကို အိမ်လိုက်ပို့တဲ့နေ့က ဖေဖေပါ မြင်ဖူးခဲ့တာမို့ ဖူးပြောတာကို မိဘနှစ်ပါးစလုံးက ဘာတစ်ခုမှ မပြောကြပါချေ။

ဖေဖေကတော့ ခေါင်းတစ်ချက်သာ ညိတ်ပြခဲ့ပြီး မေမေကတော့ 'သမီးသဘောပါ'တဲ့။ ကဲ! အဲဒီလောက် အဆင်ပြေ OK ခဲ့ပါလျက် အစ်ကိုကြီးကဖြင့် ဖူးဆီ တစ်ကြိမ်မှ အဆက်အသွယ်မလုပ်ခဲ့တာလေ။

အဲဒါ ဖူးကိုချစ်တာတဲ့လား။ တကယ်ဆို ခြံရှေ့ကနေ မကြာခဏ ကားနဲ့ဖြတ်မောင်းရင်း အရိပ်လေးတော့ ပြသင့်တာပေါ့နော်။ ခုတော့ ဖူးကိုချစ်နေတယ်ဆိုတာ ယုံရခက်ခက်ပါပဲလား။

မမပန်းနုကိုတော့ မျက်နှာပူမိတာအမှန်ပါ။ သူနဲ့စေ့စပ်ဖူးတဲ့ အမျိုးသားတစ်ယောက်က ဖူးနဲ့မှတွဲဖြစ်ခဲ့ရင် ဘယ်လိုခံစားရရှာမလဲ။ ငယ်ငယ်ကတည်းက ဖူးကို မကြည်သလို မကျေနပ်





သလို မတူမတန်သလို ဆက်ဆံခဲ့တဲ့မမကို တစ်ကြိမ်လေးဖြစ်ဖြစ်တော့ နိုင်ချင်ပါရဲ့။

ဒါကိုတောင် ငါလွှင့်ပစ်လိုက်လို့ နင်ရတာဆိုပြီး အနိုင်ပိုင်းပြောဦးမှာပဲ ထင်ပါရဲ့။ အိုလေ, အစ်ကိုကြီးလို လူ့အဖိုးတန်ဆရာဝန်တစ်ယောက်ကို ဒီလိုကြီး ချိုးချိုးဖဲ့ဖဲ့ ရက်စက်ခဲ့တာကတော့ မမလွန်သည်ဟု ဖူး ထင်သည်လေ။

ဒုက္ခပဲ၊ ကိုကိုက သွားဆိုလို့သာ လာခဲ့မိတာ။ အခုနေ ပြန်လှည့်လိုက်ရင် ကောင်းမလား။

"လူရှိသေးရင် ဝင်ခဲ့ပါ"

အထဲမှ အသံထွက်လာတာကြောင့် ရင်ထိတ်သွားရပါ၏။ အလို! သူ့အသံကြားလိုက်ရုံနဲ့ ဘာကြောင့်များ ဖူးရင်တွေ အလိုလိုခုန်လာမိတာပါလိမ့်နော်။ ခြေလှမ်းကိုရွှေ့လိုက်တာမို့ အသံရှပ်ခနဲထွက်သွားရလေ၏။

"ဝင်ခဲ့ပါဆိုတာ အပြင်မှာ ဘယ်သူလဲ"

လိုက်ကာ ဖျတ်ခနဲဖွင့်သွားတာမို့ ဖူးခန္ဓာကိုယ်ကလေး တောင့်ခနဲဖြစ်သွားသလို သူက အံ့သြမင်သက်စွာဖြင့် အငေးသား ကြည့်နေလေ၏။ ဒုက္ခရေ! လှည့်ပြန်တော့မယ် ပြင်ကာမှ ပက်ပင်းကြီးမိရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ဖူးလေး"

သူ့ခေါ်သံက ရင်ထဲ နင့်သွားစေလေ၏။ ကြည့်ပါဦး။ အဘယ်မျှ ခန့်ထည်ချောမောလိုက်တဲ့ ဒေါက်တာကြီးပါလိမ့်။ ဒီလိုဆရာဝန်တစ်ယောက်က ဖူးလို့ . . . ဖူးလို သာမန် အညတရ ကောင်မလေးကို တစ်ဖက်သတ် ကျိတ်ပြီးချစ်နေသတဲ့လေ။

"ကိုကို . . . ကိုကို လွှတ်လိုက်လို့ပါ"

မျက်မှောင်ကြုတ်ကာ ချက်ချင်းတည်သွားလေ၏။

စကားမှားသွားလို့လား။ မဟုတ်သေးပါဘူး။ တကယ်က ဖူးစိတ်နဲ့ဖူးကိုယ် ဒီကိုရောက်လာမိတာပါလေ။

"ဘာကိစ္စရှိလို့လဲ"

"ဟိုလေ၊ အစ်ကိုကြီးပြောထားတယ်ဆိုလို့"

"ဘယ်လို"

"ဟို . . . ဟို"

ဘာဆက်ပြောရမှန်းပင် မသိဖြစ်နေသည့်ကောင်မလေးကြောင့် သူ ကျိတ်ပြုံးမိလိုက်လေ၏။ ကြည့်ပါဦး. ဒီနေ့ June (21). မနှစ်တုန်းက နေခြည်နှင့်စတွေ့မိခဲ့တဲ့ရက်မျိုးမှာပဲ သူမနဲ့ ထပ်ဆုံစေတာလေ။

နေမျိုးလွှတ်လိုက်လို့ ရောက်လာတာဘဲ့၊ ဒီချာတိတ်မ





နေမျိုးစကားကို အတော်နားထောင်ရှာတာပဲကိုး။ သူစိုက်ကြည့်နေမှန်း သိနေတာမို့ ရှက်ရှက်ဖြင့် ခေါင်းငုံ့ကာ လက်တစ်ဖက်က ဆံပင်ရှည်တို့ကို ကိုင်လိုက်၊ နားရွက်ဖျားလေးကို ကိုင်လိုက်ဖြင့် စိတ်ရှုပ် ရှက်အားပိုနေပုံပါလေ။

အခုမှ ရည်းစားစကား မပြောရပါဘဲ ရည်းစားတစ်ယောက် ကောက်ရကိန်းနဲ့ သူ့အဖြစ်က ရယ်စရာကောင်းနေလေပြီ။ ကျေးဇူး နေမျိုးကျော်ဇင်။ မင်းကိုစိတ်ခုမိခဲ့သမျှ ဒီတစ်ခါတည်းနဲ့ သင်ပုန်းချေလိုက်ပါတော့မယ်။

"နေမျိုးလွှတ်လိုက်တာနဲ့ပဲ ရောက်လာရောလား"

ဖျတ်ခနဲတစ်ချက်ကြည့်လျက် မျက်လွှာပြန်ချသွားချေပြီ။ ကြည့်စမ်း! အရင်ကတော့ သူနဲ့တွေ့ရင် သူမချည်း စကားတွေ ပေါက်ပေါက်လော့အောင် ဖောက်ခဲ့ပါလျက် ခုတော့ တုံကိုဘာဝေဖြစ်နေပါရောလား။

"မေးတာကိုဖြေလေ"

"အစ်ကိုကြီးပဲ ပြောတယ်ဆို"

နှုတ်ခမ်းက စူချေပြီ။ အဘယ်မျှ နားဝင်ချိုလိုက်တဲ့ အခေါ်အဝေါ်လေးပါလဲ၊ အစ်ကိုကြီးတဲ့။ ဒီသညာထဲမှာ လေးစားသမှုမှန်သမျှ ပျော်ဝင်နေတာကို သူ အလိုလိုသိနေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို ဖူးလေးက လက်ခံတယ်ပေါ့၊ ဟုတ်လား''

ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်လေ၏။ ကြည့်စမ်း! ဘယ်လောက်ဟန်ဆောင်ခြင်းကင်းတဲ့ ကောင်မလေးပါလဲ။ သူ ဖွင့်မပြောဖြစ်တာတောင်မှ သူ့ကို အလိုလိုနားလည်ပေးနိုင်တဲ့ ချစ်သူမျိုး ရတာလောက် ကံကောင်းတာရှိပါတော့မလား။

လက်ဖျားကို ဆုပ်ကိုင်လိုက်မိစဉ် သမင်ပျိုမျက်ဝန်းလေးတွေ ဝိုင်းစက်သွားလေသည်။ မတို့ရက် မထိရက်ပေမယ့် သူ့အသည်းထဲ ယားကျိယားကျိဖြစ်လာလို့ပါလေ။

''ဟင်! ဘာလုပ်တာလဲ''

''အာ. . . ဖူးက, ဖူးက အစ်ကိုကြီးဆေးခန်းမှာ နာ့စ်လိုနေတယ်ဆိုလို့ Form လာတင်တာ''

''ဘယ်လို''

''ဒီမှာ (၆)လသင်တန်းဆင်းလက်မှတ် ယူလာတာကိုမကြည့်ဘဲ ဖူးလက်ကို ဘာလို့ဆွဲရတာလဲလို့''

မရဘူးလေ၊ ဒီလိုမလိုမ့်တပတ်လုပ်လို့ရအောင် သူက (၂၀)ကျော် ချာတိတ်လေးမှမဟုတ်တော့တာပဲ။ မင်းငယ်ပါသေးတယ် ဖူးပွင့်ငယ်။ ကိုယ့်ကို ဒီလိုရှောင်ထွက်သွားရုံနဲ့ မင်းလွတ်မယ် မထင်ပါနဲ့။





''နေမျိုးပြောတယ်ဆို''

''အင်းလေ''

''အဲဒီပြောတဲ့အထဲမှာ ဖူးလေးကို ကိုယ်ချစ်နေတာကိုရော မပြောဘူးလား''

မျက်နှာရဲရဲနီချေပြီ။ ကဲ! အခုမှတော့ မသိချင်ယောင်ဆောင်လို့ မရတော့ဘူးမဟုတ်လား။ မင်းရဲ့မျက်ဝန်းထဲကြည့်ရုံနဲ့ ရင်ထဲမှာ ဘာတွေဖြစ်နေလဲဆိုတာကို ကိုယ်သိနေပြီ ဖူးပွင့်ငယ်။

''မပြောပါဘူး''

''မညာရဘူးလေ၊ ညာတာကို ဘုရားမကြိုက်ဘူး။ ပြီးတော့ ကိုယ်လည်း မကြိုက်ဘူး''

''အစ်ကိုကြီးနော်၊ သူဖြင့် မင်ပြောရဲဘဲနဲ့များ''

''အဲဒါကြောင့်လား''

''မဟုတ်ပါဘူး. . . အခု အလုပ်လာလျှောက်တာကိုခန့်မခန့်မပြောဘဲနဲ့ ဘာတွေလျှောက်ပြောနေတယ်မသိပါဘူး။ တကယ်ပဲ''

''ခန့်မယ်လေ''

''တကယ်လား''



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေ လက်ခနဲဖြစ်သွားတာမို့ သူပြုံးလိုက်မိ၏။ ချစ်သူတစ်ယောက်ရဖို့အတွက်များ သူများတွေလို မလွယ်ပါလား ဘုန်းသဂိ။

''ဆေးခန်းမှာမဟုတ်ဘူး''

''ဟင်! ဒါဆို ဘယ်မှာခန့်မှာလဲ''

''သိချင်လား''

''အင်းပေါ့''

''ဒီနားမှာ''

သူက သူမလက်ဝါးလေးကို သူ့ဘယ်ဘက်ရင်အုံနေရာမှာ ကပ်ပေးလိုက်ပါ၏။ တဒုတ်ဒုတ်နှင့် အခုန်မြန်နေသည့်ရင်ခုန်သံကြောင့် သူမမျက်နှာလေး ပြုံးမြမြဖြစ်သွားလေသည်။

''နောက်တစ်နေရာ ခန့်ပေးဦးမှာ''

''ဘယ်မှာလဲ''

''အိမ်ရှင်မနေရာလေ''

''အစ်ကိုကြီးနော်၊ ဘာမှန်းလဲမသိဘူး''

လက်သီးဆုပ်ဖွဖွက သူ့ရင်ကို လာထိလေ၏။ ဝေါခနဲ မိုးရွာချလိုက်သည့်မို့ သူမကိုယ်လေး တုန်သွားသဖြင့် သူအသာထွေးဖက်လိုက်မိလေသည်။ သူမ မရုန်းပါလေ။





''မိုးရွာတာကို ကြိုက်သလား''

ခေါင်းညိတ်ပြလေ၏။ အကြိုက်တူသည့်မိန်းကလေးမျိုး အခုမှ သူတွေ့ရတာလေ။

''မိုးရေတောထဲ လမ်းလျှောက်ရတာကိုရော''

''ခေါင်းမိုးစိုရင် အစ်ကိုကြီးက လျှော်ပေးမှာမို့လို့လား''

''လျှော်ပေးမှာပေါ့''

''ခြောက်အောင်ရော သုတ်ပေးနိုင်လို့လား''

''သုတ်ပေးမယ်''

''ဖူးကို အလိုလိုက်နိုင်လို့လား။ ဖူးက ဆိုးတယ် အစ်ကိုကြီးရဲ့''

''ဆိုးရင် ဒဏ်ခတ်မှာပေါ့''

သူမက သူ့ရင်ဘတ်ကိုတွန်း၍ ဖယ်လေ၏။ သူ လက်ကို အသာလျှော့ပေးလိုက်ပါသည်။

''ဘယ်လိုဒဏ်ခတ်မှာလဲ''

''သိချင်လား''

''အင်း''

''သိချင်ရင် သိရမယ်''

ပါးပြင်နုနုကို မွှေးရှိုက်လိုက်မိစဉ် အာမေဋိတ်သံသဲ့သဲ့



www.burmeseclassic.com

www.burmeseclassic.com



နှင့် သူ့ရင်ခွင်ထဲမှာ မျက်နှာကိုဝှက်ထားချေလေပြီ။ အဘယ်မျှ အရှက်ပိုလိုက်တဲ့ ချာတိတ်မလေးပါလိမ့်။ အချစ်ပိုရပါတယ် ဖူးလေးရယ်။

သူ့ရင်ထဲ နစ်မြုပ်သွားသည်အထိ တင်းကျပ်စွာဖြင့် သူမကို ပွေ့ဖက်ထားလိုက်မိပါ၏။ ဒီအတိုင်းလေးမျိုး တစ်သက်လုံး ရှိနေပေးပါကွယ်။ ကိုယ့်ရဲ့နှလုံးသားထဲကရော ရင်ခွင်ထဲကပါ မပျောက်ကွယ်သွားဘဲ ရာသက်ပန်အဖြစ် တည်ရှိပေးပါနော်။

ဩော်. . . ကိုကြီးရဲ့ အမြတ်တနိုးချစ်ရပါတဲ့ ပူးလေးရယ်။

အကြည့်တို့ ဝေ၀ါးသွားရပါ၏။ လမ်းတစ်ဖက် Plaform ဘေးမှာ ကားရပ်ပြီး ဟိုဘက်လမ်းတစ်ဖက်မှာ ရှိနေသည့် ဆေးခန်းလေးထံ ကြည့်နေတာလေ။

မိုးဖွဲဖွဲရွာချလိုက်လို့များလား။ မဟုတ်ပါ။ နှစ်ယောက်သား ကျစ်ကျစ်ပါအောင် ထွေးဖက်ထားသည့်မြင်ကွင်းက ဆေးခန်းရှေ့ (လူစောင့်ခုံတန်းကြား) မှာမို့ လမ်းသွားလမ်းလာတွေပင်





ကောင်းကောင်းမြင်သာနေတာပါလေ။

ပါးပြင်ထက် ပူခနဲဖြစ်သွားသည်မို့ မျက်ရည်ကျသွားပြီမှန်း သိလိုက်ပါ၏။ ရင်ထဲမှာ စူးအောင့်သည့်ဒဏ်ရာက မသက်သာလေခဲ့။

ကို့ ဒီတစ်သက်တော့ဖြင့် ကို့ထံက ကြင်နာခွင့်၊ ယုယခွင့်၊ မြတ်နိုးခွင့်မှန်သမျှကို ပင်ကိုလို့ခေါ်တဲ့ ပန်းနုနေခြည် ယူနိုင်တော့ပါလားကွယ်။

သူမငိုသံနှင့်အပြိုင် မိုးက သဲသဲမဲမဲရွာချပေါက်စဉ် ဆေးခန်းတံခါးလေး ပိတ်သွားလေတော့၏။ ။

ပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အဆုံးသတ်

အချစ်!
ငါတောင့်တမိခဲ့တဲ့အရာ...
အပြစ်!
ငါ့မှာမရှိခဲ့ဖူးတာ အသိ...
အတိတ်!
ငါပြန်လှည့်မကြည့်ချင်တဲ့ဇာတ်...
ဥပေက္ခာ!
ငါပစ်ပယ်ထားခဲ့တဲ့လမ်း...
အမုန်း!
ငါလုံးဝမလိုချင်ဆုံး...
အတ္တ!
ငါကိုးကွယ်ထားမိတဲ့မှန်...
မာန!
ငါပိုင်ဆိုင်ခဲ့ဖူးတဲ့ အစိုင်အခဲ...
လမ်းခွဲတစ်နေရာမှာ
နှလုံးသားတစ်ဆစ်အချိုး
တိမ်မိုးတွေ ပြိုခဲ့ရပြီ...
'ကို'ရယ်...
အချစ်သင်ခန်းစာအပိုင်း(၁)မှာပဲ
ကျွန်မ
ကျရှုံးခဲ့ရသူပါ...

ရွှေပဒေသာစာပေ

လေးစားလျှက်...

မမသဒ္ဒါမောင်
30th March 2012
PM 3:42

www.burmeseclassic.com